


# အရေးယူမှုမှ ကင်းလွတ်ခြင်းနှင့် မပြောင်းလဲသေးသည့် စနစ်များ

မြန်မာတပ်မတော်၏ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများသည် စစ်မှန်သည့်ဒီမိုကရေစီ အစိုးရ မပေါ်ပေါက်မချင်း ရပ်တန့်မည် မဟုတ်ပေ။


အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ)



၂၀၁၄ ခုနှစ် ဇန္နဝါရီလ

# အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ)

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် မြန်မာနိုင်ငံမှ သမိုင်းကြောင်း နောက်ခံကွဲပြားသည့် တိုင်းရင်းသူ အမျိုးသမီးအဖွဲ့အစည်း အသီးသီးဖြင့် စုပေါင်း ဖွဲ့စည်းထားသော ပထမဦးဆုံး အဖွဲ့ကြီးဖြစ်သည်။ အဖွဲ့ချုပ်တွင် မြန်မာနိုင်ငံ နယ်နိမိတ်ချင်း ထိစပ်နေသည့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့မှ နယ်စပ် ဒေသများရှိ အမျိုးသမီးအဖွဲ့အစည်း (၁၃) ဖွဲ့ပါဝင်ပြီး ၁၉၉၉ ခုနှစ် ဒီဇင်ဘာ (၉) ရက်နေ့တွင် တည်ထောင်ဖွဲ့စည်းခဲ့သည်။

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် အမျိုးသမီးများ၏ ဘဝအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးနှင့် အရည်အချင်း ပြည့်ဝစေရေးအတွက် သာမက အရည်အချင်း မြှင့်တင်ခြင်း၊ စည်းရုံးချဉ်းကပ်ခြင်း၊ သုတေသနပြုခြင်းနှင့် မှတ်တမ်း တင်ခြင်းများမှ တဆင့် ဒီမိုကရေစီလှုပ်ရှားမှု၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည် သင့်မြတ်ရေး အပါအဝင် ကဏ္ဍအားလုံးတွင် အမျိုးသမီးများ ပိုမိုပါဝင်လုပ်ကိုင်လာ စေရေးအတွက် လှုပ်ရှားဆောင်ရွက်နေသည့် အဖွဲ့အစည်းဖြစ်သည်။

**ရည်ရွယ်ချက်များ**

- အမျိုးသမီးများ စွမ်းရည်မြှင့်မားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး
- ကျား၊ မ တန်းတူရေး
- အမျိုးသမီးများအပေါ် အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံမှုအားလုံး ပပျောက်ရေး
- လူမှုကဏ္ဍအသီးသီးနှင့် ဆုံးဖြတ်ချက်ချသည့် အဆင့်တိုင်းတွင် အမျိုးသမီးများ ပါဝင်လာရေး
- ငြိမ်းချမ်းရေး၊ ပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီရေး

# ကျေးဇူးတင်လွှာ

စည်ဆက်မပြတ် ရှိနေဆဲဖြစ်သည့် အန္တရာယ်ကို အလေးမထားနိုင်ပဲ သူတို့၏ အဖြစ်အပျက်များကို ပြန်လည်ဝေမျှပေးသည့် မိန်းမငယ်များ၊ အမျိုးသမီးများ နှင့် ကျန်လူထုများ မပါရှိပဲ ဤအစီရင်ခံစာ ထွက်ပေါ်လာနိုင်မည် မဟုတ်ပါ။ ထိုသူတို့၏ ရဲဝင့်စွာ ထုတ်ဖော်ပြောဆိုမှုများသည် မြန်မာနိုင်ငံအတွင်း စစ်မှန်သော ငြိမ်းချမ်းရေးနှင့် လုံခြုံမှုကို ပြန်လည်တည်ဆောက်ရာတွင် ပထမဆုံး ခြေလှမ်းများ ဖြစ်လာမည်ကို အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ အခိုင်အမာ ယုံကြည်သည်။

ဤအစီရင်ခံစာ လက်တွေ့ပေါ်ထွက်လာရေးအတွက် ရှေ့ရှုလုပ်ဆောင်ခဲ့သော အာရှအမှန်တရားနှင့် အခွင့်အရေးအဖွဲ့ (AJAR) အား အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ အထူးကျေးဇူးတင်လိုပါသည်။ မိမိတို့ရုံးတွင် စေတနာ့ဝန်ထမ်းအဖြစ် လာရောက်ကူညီပေးခဲ့သော ကလဲဘရန်းကိုလည်း သူမ၏ ပံ့ပိုးလုပ် ဆောင်မှုများ အတွက်ကျေးဇူးတင်သလို မြန်မာကယ်ဆယ်ရေးစင်တာ (BRC) ကိုလည်း ငွေကြေးနှင့်လိုအပ်သော ပံ့ပိုးမှုများအတွက် များစွာ ကျေးဇူးတင်ပါသည်။

ဤအစီအရင်ခံစာတွင် မီးမောင်းထိုးဖော်ပြထားသော အဖြစ်အပျက်များကို ပေးပို့လာသည့် အဖွဲ့ဝင် အဖွဲ့အစည်းများ ဖြစ်ကြသည့် ကချင်အမျိုးသမီး အစည်းအရုံး (ထိုင်းနိုင်ငံ)၊ ကရင်အမျိုးသမီးအစည်းအရုံးနှင့် ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်ဖလှယ် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၊ ကရင်လူ့အခွင့်အရေးအဖွဲ့အစည်းများကိုလည်း သတင်းအချက်အလက်နှင့် ဓာတ်ပုံများ ထောက်ပံ့မှုအတွက် ကျေးဇူးတင်ပါသည်။ ထို့အပြင် စာအုပ်အပြင်အဆင် ဒီဇိုင်းကို တာဝန်ယူလုပ်ဆောင်ပေးခဲ့သော ယိင်းဖုံ ကိုလည်း ကျေးဇူးတင် အသိအမှတ်ပြုပါသည်။

# မာတိကာ

**အကျဉ်းချုပ်**

**နိဒါန်း**

**နောက်ခံ သမိုင်းကြောင်း**

**အပိုင်း ၁။ တိုင်းရင်းသား အမျိုးသမီးများအား မြန်မာစစ်တပ်၏ စနစ်တကျ လိင်ပိုင်းဆိုင်ရာ စော်ကားကျူးလွန်မှုများ**

က။ ဦးသိန်းစိန် အစိုးရ လက်ထက် မှတ်တမ်းရယူထားနိုင်သည့် အဖြစ်အပျက် ၁၀၀ ကျော်။

၁) မှတ်တမ်းရယူထားသည့် အမှုအခင်း ၁၀၄ ခု

၂) အပေါ်ယံမျှသာ

၃) အမျိုးသမီးများအပေါ် ကျူးလွန်လေ့ရှိသည့် ပြစ်မှုဆိုင်ရာ သဘောသဘာဝများ

ခ။ စစ်ပွဲနှင့် ဖိနှိပ်မှု၏ လက်နက်တန်ဆာအဖြစ် အဓမ္မပြုကျင့်မှုကို အသုံးပြုခြင်း

၁) စနစ်တကျ တည်ဆောက်ဖွဲ့စည်း ကျင့်သုံးသည့် လက္ခဏာများ

၂) အဖွဲ့အစည်း တစ်ခုလုံးကျင့်သုံးမှု

၃) ကျယ်ပြန့်သော ကျင့်သုံးမှုလက္ခဏာများ

၄) ထိုးစစ်များ သဘာဝ သယံဇာတ ထိန်းချုပ်မှုများနှင့် ဆက်စပ်မှု

ဂ။ တရားဥပဒေရေးရာ ခွဲခြမ်း သုံးသပ်ချက်။ ကြီးလေးသော ပြစ်မှု

၁) ပြည်တွင်း ဥပဒေ

၂) နိုင်ငံတကာ ဥပဒေ

**အပိုင်း ၂။ အပြစ်ပေးမှု ကင်းလွတ်ခြင်းများ ရပ်တန့်ရန် လိုအပ်ခြင်း**

က။ တရားဥပဒေ စိုးမိုးရေးကို ပြောနေရုံဖြင့် မရပဲ လက်တွေ့ တည်ဆောက်ရန် လိုအပ်သည်။

၁) ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်မှု

၂) တရားစီရင်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး

၃) မြန်မာနိုင်ငံရှိ အမျိုးသမီးများအား အကာအကွယ်ပေးသည့် ဥပဒေများ ချမှတ်ခြင်း

ခ။ အဓိပ္ပါယ်ရှိပြီး နက်ရှိုင်းသည့် နိုင်ငံရေး အပြောင်းအလဲများ လိုအပ်ချက်။

၁) အစိုးရ အနေဖြင့် လူ့အခွင့်အရေး ချိုးဖောက်မှုများအပေါ် တာဝန်ခံမှုရှိရန် လိုအပ်ခြင်း

၂) ငြိမ်းချမ်းရေး လုပ်ငန်းစဉ်သည် မြန်မာပြည်သူများအား ကျူးလွန်ချိုးဖောက်နေမှုများကို အဓိပ္ပါယ်ရှိစွာ အဆုံးသတ်ပေးရန် လိုအပ်ခြင်း

**နိဂုံးချုပ်။ စစ်တပ်အား အရပ်ဖက် အုပ်ချုပ်ရေး အောက်သို့ သွပ်သွင်းခြင်း**

**အကြံပြုချက်များ**

**စကားလုံး စာရင်း**

# အစီရင်ခံစာ အကျဉ်းချုပ်

လွန်ခဲ့သည့် ဆယ်စုနှစ် တခုခန့်က အမျိုးသမီးများ အဖွဲ့ချုပ်(မြန်မာနိုင်ငံ) (WLB) သည် မြန်မာ့တပ်မတော်၏ တိုင်းရင်းသား အမျိုးသမီးများအပေါ် စနစ်တကျ လိင်ပိုင်းဆိုင်ရာ ရာဇဝတ်မှုများကျူးလွန်သည်ကို ရှုတ်ချခဲ့ပြီး ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်နေသည့် အရေးယူမှုမှ ကင်းလွတ်ခွင့်စနစ်ကို အဆုံးသတ်ရန် တောင်းဆိုခဲ့သည်။ ယနေ့တွင် WLB သည် ယင်းတောင်းဆိုချက်များကို အသစ်တဖန် တောင်းဆိုလိုက်ရပါသည်။ အမည်ခံ အရပ်သား အစိုးရ အာဏာရလာပြီး သုံးနှစ်ကြာလာသည့်တိုင် မြန်မာနိုင်ငံရှိ အမျိုးသမီးများ၏ ဘဝများကို အစိုးရကျောထောက် နောက်ခံပြုသော လိင်အကြမ်းဖက်မှုများက ဆက်လက်ခြိမ်းခြောက်နေဆဲ ဖြစ်ပါသည်။

မြန်မာနိုင်ငံရှိ အမျိုးသမီးများသည် အမျိုးမျိုးသော ချိုးဖောက်ကျူးလွန်မှုများကို ထမ်းပိုးထားကြရသည်။ ဤအစီရင်ခံစာသည် လိင်အကြမ်းဖက်မှုများကို လိင်ကွဲပြားမှုဆိုင်ရာ အဆိုးဆုံး ရာဇဝတ်မှုအဖြစ် ဇောင်းပေးဖော်ပြထားပါသည်။ WLB နှင့် အဖွဲ့ဝင်အဖွဲ့အစည်းများသည် ၂၀၁၀ ရွေးကောက်ပွဲကာလမှ စတင်၍ မြန်မာ့တပ်မတော်မှ မုဒိမ်းပြုကျင့်ခြင်းကို ခံခဲ့ရသော အမျိုးသမီးအမှုပေါင်း ၁၀၀ ကျော်ကို အချက်အလက်စုဆောင်းမှတ်တမ်းတင် ဖော်ပြထားပါသည်။ လူ့အခွင့်အရေး မှတ်တမ်းတင်မှုများအပေါ် အကန့်အသတ်များကြောင့် ဤမှတ်တမ်းသည် အမှန်တကယ် ဖြစ်ပွားနေသော ချိုးဖောက်ကျူးလွန်မှုများ၏ အစိတ်အပိုင်းငယ်တခုသာ ဖြစ်သည်ဟု WLB က ယုံကြည်ပါသည်။

အမှုအခင်းအများစုမှာ ၂၀၁၁ ခုနှစ်မှစ၍ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ပြုလုပ်ခဲ့သော စစ်ရေး ထိုးစစ်များနှင့် ဆက်စပ်နေပါသည်။ ကချင်အမျိုးသမီး အစည်းအရုံး - ထိုင်းနိုင်ငံ (KWAT) အဖွဲ့က မြန်မာအစိုးရစစ်သားများ ကျူးလွန်ခဲ့သော လိင်အကြမ်းဖက်မှု အပြုအမူများကို ခံခဲ့ရသည့် အမျိုးသမီး ၅၉ ဦးကို မှတ်တမ်းတင်ထားပါသည်။[၁] ရှမ်းအမျိုးသမီးရေးရာ ဆယ်သွယ်လှုပ်ရှားဆောင်ရွက်ရေးအသင်း (SWAN) က လွန်ခဲ့သော သုံးနှစ်အတွင်း အမျိုးသမီးနှင့် မိန်းကလေး ၃၅ ဦး ပါဝင်သော လိင်အကြမ်းဖက်မှု ၃၀ ကို အစီရင်ခံထားသည်။ မုဒိမ်းကျင့်မှု အဖြစ်အပျက်များသည် ပဋိပက္ခအချိန်များနှင့် ဆက်နွယ်နေပါသည်။[၂]

ဤရာဇဝတ်မှုများသည် တခါတရံ၊ ဖောက်ပြန်သော စစ်သားတဦးချင်းစီ၏ ပြုမူချက်ထက် ပိုမိုနေသည်။ သူတို့၏ နေရာ ဒေသကျယ်ပြန့်မှုနှင့် စနစ်တကျဖြစ်သော ပုံစံများသည် တည်ဆောက်ဖွဲ့စည်းပုံသဏ္ဌာန်အရ

ဖြစ်သည်ကို ပြသနေသည်။ မုဒိမ်းမှုကို ယနေ့မြန်မာနိုင်ငံတွင် စစ်ပွဲနှင့် ဖိနှိပ်မှု ယန္တရားအဖြစ် အသုံးပြုနေဆဲ ဖြစ်ပါသည်။ အမှု ၄၇ ခုသည် ရက်စက်သော အုပ်စုလိုက် မုဒိမ်းပြုကျင့်မှုများဖြစ်ပြီး ကျူးလွန်ခံရသူများမှာ အသက် ၈ နှစ် အရွယ်အထိပင် ပါဝင်သည်။ အမျိုးသမီး ၂၈ ယောက်မှာ သတ်ဖြတ်ခံရခြင်း သို့မဟုတ် ရရှိသော ဒဏ်ရာများကြောင့် သေဆုံးခဲ့ကြပါသည်။ ဤအမှုများတွင် တပ်ရင်းပေါင်း ၃၈ ရင်းကျော်မှ ပါဝင်နေပြီး အချို့တပ်ရင်းများသည် အချိန်နှင့်အမျှ ထပ်ကာထပ်ကာ ကျူးလွန်မှုများ ရှိနေသည်။ အဖြစ်အပျက်များသည် မြို့နယ် ၃၅ ခုတွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ဤမုဒိမ်းပြုကျင့်မှုများသည် လူစိတ်ပျောက်ပြီး စိတ်လွတ်ကိုယ်လွတ် ဖြစ်ခဲ့ရသည်ဟု ရှင်းပြ၍ မရနိုင်ပေ။ ပဋိပက္ခတွင် လိင်အကြမ်းဖက်မှုကို မဟာဗျူဟာအဖြစ်၊ စစ်ဆင်ရေး အပြုအမူအဖြစ် အသုံးပြုပြီး နိုင်ငံရေး စီးပွားရေး ဆက်နွယ်မှုများ ပါဝင်နေကာ လူပုဂ္ဂိုလ်တဦးတယောက်ချင်း အမှုများထက် ကျော်လွန်နေသည်။ မြန်မာနိုင်ငံတွင် သောင်းကျန်းသူ ဆန့်ကျင်ရေး နည်းဗျူဟာများတွင် တိုင်းရင်းသား ဒေသများမှ အရပ်သားများကို အလားအလာရှိသော အန္တရာယ် ရှိသူများအဖြစ် သတ်မှတ်ထားသည်။ မြန်မာစစ်တပ်က လိင်အကြမ်းဖက်မှုကို စစ်ဆင်ရေး ကိရိယာတခုအနေဖြင့် တိုင်းရင်းသား လူ့အဖွဲ့အစည်းများ စိတ်ဓါတ်ပျက်ပြားစေရန်နှင့် ဖျက်ဆီး နိုင်ရန် အသုံးပြုသည်။ စစ်တပ်အရာရှိများသည် လိင်ရာဇဝတ်မှုများကို တိတ်တဆိတ်မျက်နှာလွှဲရုံသာမကပဲ တခါတရံတွင် သူတို့ကိုယ်တိုင် ကျူးလွန်မှုများလည်း ရှိနေသည်။ ပွင့်ပွင့်လင်းလင်း မြင်တွေ့နေရသော အရေးယူမှုက လွတ်ကင်းနေခြင်းတို့နှင့် ပေါင်းစပ်လိုက်သည့်အခါ စစ်သားများသည် ၂၀၀၂ ခုနှစ်က SWAN အဖွဲ့မှ မီးမောင်းထိုးဖော်ပြခဲ့သကဲ့သို့ "မုဒိမ်းကျင့်ခွင့်လိုင်စင်" ရနေကြဆဲဖြစ်သည်။

လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို မြန်မာနိုင်ငံက အဖွဲ့ဝင်ဖြစ်သော နိုင်ငံတကာ သဘောတူစာချုပ် အများအပြားနှင့် အခြားသော မြန်မာနိုင်ငံကို လွှမ်းခြုံမှုရှိသည့် နိုင်ငံတကာ ဥပဒေများက တားမြစ်ထားပြီး မြန်မာနိုင်ငံ ရာဇဝတ်မှု ဥပဒေတွင်လည်း မုဒိမ်းမှုသည် ရာဇဝတ်မှု ဖြစ်သည်။ သို့သော် နိုင်ငံတကာဥပဒေ သို့မဟုတ် ပြည်တွင်းဥပဒေ များနှင့်ပတ်သက်၍ ထိရောက်သော သက်ဝင်မှုမျိုးမရှိသေးပေ။ မြန်မာ့တပ်မတော်က လိင်အကြမ်းဖက်မှုကို စနစ်တကျနှင့် ကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးနေခြင်းသည် ဤအစီရင်ခံစာတွင် မှတ်တမ်းတင်ထားသည့် ချိုးဖောက်မှုများကို နိုင်ငံတကာ ဥပဒေများအောက်တွင် စစ်ရာဇဝတ်မှုနှင့် လူသားဖြစ်မှုကို ဆန့်ကျင်သော ရာဇဝတ်ပြစ်မှုများအဖြစ် လက်ခံလာနိုင်ဖွယ် ဖြစ်စေသည်။ ယင်းကို ခိုင်မာသေချာပြီး လွတ်လပ်သည့် နိုင်ငံတကာ စုံစမ်းစစ်ဆေး ခြင်းကသာ အတည်ပြုနိုင်မည်ဖြစ်သည်။

စီစဉ်ဖော်ထုတ်ထားသည့် လတ်တလောပြောင်းလဲမှုအပေါ် မြန်မာအစိုးရအနေဖြင့် တာဝန်ခံမှုနှင့် ထပ်တူဖြစ်စေရန်နှင့် မြန်မာနိုင်ငံမှ အမျိုးသမီးများ လိုအပ်သော ဂုဏ်သိက္ခာကို ပြန်လည်ထိန်းသိမ်းရန်အတွက် ယခုအချိန်သည် အချိန်ကောင်း ဖြစ်သည်။ ယင်းသို့ ဖြစ်စေရန်အတွက် တခုတည်းသော လုပ်ဆောင်ရန်မှာ

အမျိုးသမီးများ တွေ့ကြုံခဲ့ရသည့် အကြမ်းဖက်မှုများအတွက် အမှန်တရားနှင့် တရားမျှတမှုမှ တဆင့်သာ ဖြစ်နိုင်ပေသည်။ အကြမ်းဖက်မှုများကို ချက်ချင်းရပ်တန့်ရန် လိုအပ်ရုံသာမက မြန်မာနိုင်ငံ၏ ဥပဒေရေးရာ မူဘောင်များ၊ မှားယွင်းနေသည့် အခြေခံဥပဒေနှင့် တရားစီရင်ရေး စနစ်တို့ကိုလည်း နက်နက်ရှိုင်းရှိုင်း ပြုပြင်၍ အမျိုးသမီးများအား အကာအကွယ်ပေးသည့် ဥပဒေများ ချမှတ်ရန် လိုအပ်သည်။

တပ်မတော်ကို အရေးအရာ ကိစ္စများအားလုံး လွတ်လပ်စွာ စီမံခန့်ခွဲနိုင်ခွင့်ပေးထားသည့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်ခြင်းသည် မြန်မာနိုင်ငံရှိ အမျိုးသမီးများအတွက် အမှန်တရားရရှိစေရန် ပထမ အဆင့် အာမခံချက် ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ တရားစီရင်ရေး ဘက်မလိုက်မှုကို အာမခံရ မည်။ ထိုမျှသာမက ဖွဲ့စည်းပုံ အခြေခံဥပဒေအရ စစ်တပ်က ကျူးလွန်သော ရာဇဝတ်မှုအားလုံးကို စီရင်ပိုင် ခွင့်ရှိသည့် စစ်ခုံရုံးစနစ်သည် အကန့် အသတ်မရှိသော လုပ်ပိုင်ခွင့်နှင့် ကျယ်ပြန့်သော တစုံလုံးအာဏာကို ရရှိထားသည်။ စစ်တပ်ကို အရပ်သား တရားစီရင်ရေး ထိန်းချုပ်မှုအောက်တွင် ရှိရမည်။ အရပ်ဖက် စစ်ဖက် တရားစီရင်ရေး နှစ်ခုလုံးတွင် သင့်လျော် လျောက်ပတ်သော တိုင်ကြားမှုစနစ်များ ရှိစေခြင်းဖြင့် ကျူးလွန်ခံ ရသူများကို အမှန်တရား ရရှိခွင့်ရှိစေရမည်။ လက်ရှိ အနေအထားတွင် မြန်မာနိုင်ငံ အမျိုးသား လူအခွင့် အရေးကော်မရှင်တွင် လုပ်ပိုင်ခွင့်၊ လုပ်ရည်ကိုင်ရည်နှင့် လွတ်လပ်ပြီး ပွင့်လင်းမြင်သာသော ပုံစံဖြင့် ကြီးမားသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကိုင်တွယ်လိုသော ဆန္ဒမရှိကြောင်း တွေ့ရှိရသည်။

အစိုးရ အနေဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကို ဖြေရှင်းလိုသော ဆန္ဒအမှန်တကယ်ရှိပါက လက်ရှိ ဖြစ်နေသော တိုင်းရင်းသား အမျိုးသမီးများအပေါ် ချိုးဖောက်ကျူးလွန်မှုများကို အသိအမှတ်ပြုပြီး ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှု တားဆီးရေး နိုင်ငံတကာ ကြေညာချက်ကို လက်မှတ်ရေးထိုးရန် လိုအပ်သည်။ ထို့နောက် အမျိုးသမီးများကို အကြမ်းဖက်မှုများမှ ကာကွယ်ပေးရန် ရည်ရွယ်ထားသော ဥပဒေများကို ချမှတ်ရမည်။ အမျိုးသမီးများအပေါ် ဥပဒေကြောင်းအရ အကာအကွယ်ပေးရန် လိုအပ်ချက်ကို ၂၀၁၃ အောက်တိုဘာတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီမှ ကြီးမှူးကာ နေပြည်တော် တွင် ပြုလုပ်ခဲ့သော အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ စီမံကိန်းနှင့် ပတ်သက်သော အလုပ်ရုံဆွေးနွေးပွဲ အဆိုပြုချက်များတွင် အခိုင်အမာ ဖော်ပြထားသည်။

ထို့အပြင် ချိုးဖောက်ကျူးလွန်မှုများ အဆုံးသတ်စေရန် အဓိပ္ပါယ်ရှိသော လမ်းကြောင်းတခုဖြစ်လာစေရန် အစိုးရအနေဖြင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အပေါ် ၎င်း၏ နိုင်ငံရေးချည်းကပ်မှုကို နက်ရှိုင်းစွာ ပြင်ဆင်ရန် လိုအပ်သည်။ နိုင်ငံတကာ အသိုင်းအဝိုင်းအပေါ် အပေါ်ယံ ပြကွက်မျှသာ မဖြစ်သင့်ပေ။ ငြိမ်းချမ်းရေး ဆိုင်ရာ နိုင်ငံရေးဆွေးနွေးပွဲများတွင် အမျိုးသမီးကိုယ်စားပြုမှု မပါဝင်ပဲ ရေရှည်တည်တံ့ခိုင်မြဲသော

ငြိမ်းချမ်းရေးနှင့် အမျိုးသမီးများအပေါ် ချိုးဖောက်ကျူးလွန်မှုများ အဆုံးသတ်ရန်မှာ ဖြစ်နိုင်မည် မဟုတ်ပါ။ တရားဝင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပါဝင်သူများ အားလုံးနီးပါးမှာ အမျိုးသားများဖြစ်နေခြင်းသည် အရေးကြီးသည့် ငြိမ်းချမ်းရေးနှင့် ပဋိပက္ခအပေါ် ဝေဖန် ပိုင်းခြားသော အမြင်များကို ဘေးဖယ်ထားပြီး လိင်ကွဲပြားခြားနားမှုဆိုင်ရာ ကွဲပြားခြားနားမှုများကို တည်ဆောက်ဖွဲ့စည်းပုံအရ ထိန်းသိမ်းထားသကဲ့သို့ ဖြစ်နေသည်။[၃] ထိုမျှသာမက မကြာမီ လုပ်ဆောင်သွားမည့် နိုင်ငံရေး ဆွေးနွေးပွဲများတွင် အတိတ်ကာလ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် တပ်မတော်၏ အခန်းကဏ္ဍကို ထည့်သွင်းဆွေးနွေးရန် အရေးကြီး သည်။ ယင်းတွင် လွတ်လပ်သော နိုင်ငံတခုတွင် စစ်တပ်သည် လူထုဆန္ဒဖြင့် ရွေးချယ်တင်မြှောက်ထား သော အရပ်သား အစိုးရလက်အောက်တွင် ရှိရမည် ဆိုသည်ကို လက်ခံရန်လည်း ပါဝင်သည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်ကာ စစ်တပ်ကို အရပ်သား ထိန်းချုပ်မှုအောက်တွင် ထားရှိခြင်း မပြုနိုင်သေး သမျှနှင့် မပြုသမျှ ကာလပါတ်လုံး စစ်ဘက်ဆိုင်ရာမှ တိုင်းရင်းသား အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ အဆုံးသတ်သွား နိုင်မည် မဟုတ်ပေ။

# မိတ်ဆက်ခြင်း

*"ဒီအဖြစ်အပျက်တွေဟာ အချက်အလက်အတွက် သက်သေဖြစ်စေပါတယ်။ စစ်အုပ်စုက ဆန့်ကျင်ဖက် ပြောနေပေမယ့် တကယ်တော့ မြန်မာနိုင်ငံမှာ ဘာအပြောင်းအလဲမှ မဖြစ်ပါဘူး။ ပြည်တွင်းစစ်ပွဲ ဒေသဖြစ်စေ၊ အပစ်ရပ်ဒေသဖြစ်စေ ဒါမှမဟုတ် စစ်မရှိတဲ့ ဒေသတွေမှာ ဖြစ်စေ ဘယ်နေရာမှာပဲဖြစ်ဖြစ် လက်ရှိ စစ်အုပ်စုအောက်မှာ ဘယ်အမျိုးသမီး ဒါမှမဟုတ် ဘယ် မိန်းကလေးမဆို အဓမ္မပြုကျင့်မှုနဲ့ လိင်ဆိုင်ရာ နှိပ်စက်ညှင်းပမ်းမှုတွေ ကြုံနိုင်တဲ့ အန္တရာယ်ရှိနေ တယ်ဆိုတာ ရှင်းပါတယ်။ စစ်သားတွေ၊ ဗိုလ်ကြီးတွေ၊ တပ်မှူးတွေနဲ့ တခြားအရာရှိတွေဟာ တဦး ချင်းသော်လည်းကောင်း အုပ်စုလိုက်သော်လည်းကောင်း အဓမ္မပြုကျင့်မှု၊ အမျိုးသမီးနဲ့ ကလေးတွေ အပေါ် သတ်ဖြတ်မှုတွေကို အရေးယူမခံရပဲ ကျူးလွန်နေကြပါတယ်။ ဒီမှာမှတ်တမ်းတင်ထားတဲ့ အဖြစ်အပျက်တွေက စစ်တပ်တွေကို အရပ်သား အမျိုးသမီးတွေအပေါ် အဓမ္မပြုကျင့်မှုနဲ့ တခြား ပြစ်မှုတွေကို ကျူးလွန်ခွင့်ပြုထားတဲ့ စနစ်တကျနဲ့ ဖွဲ့စည်းတည်ဆောက်မှု သဘောသဘာဝ ရှိနေတာ ကို ဖော်ပြပါတယ်။ ဒ့ါအပြင် အကြမ်းဖက်မှုတွေကို ဆက်လက်ပြီး တိုးမြှင့်ဖြစ်ပွားနေ စေပါတယ်။ ပြစ်မှုတွေကို တိုင်ကြားခဲ့ရင်လည်း အရေးယူမှု မရှိတဲ့အပြင် ကျူးလွန်ခံရသူတွေကို ပြစ်တင်တာ တွေ၊ ခြိမ်းခြောက်တာတွေ ဒါမှမဟုတ် ဖမ်းဆီးထိန်းသိမ်းတာတွေအထိ ရှိနေပါတယ်။ အမျိုးသမီး တွေနဲ့ ကလေးတွေဟာ ဆက်ပြီးအဓမ္မပြုကျင့်ခံနေရတယ်။ စစ်အုပ်စုရဲ့ လက်နက်ကိုင် တပ်ဖွဲ့ တွေနဲ့ အာဏာပိုင်တွေက လိင်ကျွန်တွေအဖြစ်၊ အသုံးချနေပြီး နှိပ်စက်ညှင်းပမ်းမှုနဲ့ သတ်ဖြတ်မှု တွေ ဆက်လက်ဖြစ်ပေါ် နေပါတယ်။"*[၆]

**အမျိုးသမီးများ အဖွဲ့ချုပ်(မြန်မာနိုင်ငံ) "ကျူးလွန်ခွင့်ပြုထားသောစနစ်" အစီရင်ခံစာ ၂၀၀၄ ခုနှစ်။**

လွန်ခဲ့တဲ့ ဆယ်စုနှစ်တခုက ရေးခဲ့တဲ့ အဲဒီ စာသားတွေက လက်ရှိ အဖြစ်မှန်တွေနဲ့ ကိုက်ညီနေဆဲ ဖြစ်နေ သည်။ အမျိုးသမီးတွေဟာ လိင်ပိုင်းဆိုင်ရာ ပြစ်မှုကျူးလွန်မှုတွေကို ယခင်ပုံစံအတိုင်း ခံနေရဆဲဖြစ်ပြီး အရေးယူမှု မရှိခြင်းတွေကလည်း ယခင်အတိုင်းပင် ဖြစ်သည်။ သို့ရာတွင် ယနေ့ နိုင်ငံရေး အခြေအနေသည် အတော်ပင် ပြောင်းလဲနေသည်။ ယခင်က ပြစ်တင်ဝေဖန်ခံခဲ့ရသည့် အစိုးရသည် နိုင်ငံတကာ အရေးယူ ပိတ်ဆို့မှုများ မရှိတော့ပဲ ဖြစ်လာပြီး နိုင်ငံတကာ စီးပွားရေးနယ်ပယ်တွင် ကြိုဆိုမှုများ ကြီးမားစွာ ရှိလာနေ

သည်။ နိုင်ငံခြားတိုင်းပြည်များအနေဖြင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုများကို ရိုးရှင်းစွာ လက်ခံထားပုံရပြီး ယင်းတင်ပြချက်များသည် တဖက်သတ် တင်ပြချက်များသာ ဖြစ်သည်ကို မေ့လျော့နေပုံရသည်။[၅]

အစိုးရအနေနှင့် မကြာသေးမီက "ပြုပြင်ပြောင်းလဲမှုများ" နှင့် "အပြုသဘောဆောင်သည့် တိုးတက်မှုများ"ကို ကုလသမဂ္ဂတွင် ပြောဆိုကြော်ငြာနေသည့် တချိန်တည်းမှာပင် တိုင်းရင်းသား ဒေသများတွင် ထိုးစစ်များ ဆက်လက် ရှိနေပြီး အမျိုးသမီးများနှင့် မိန်းမငယ်များသည် အဓမ္မပြုကျင့်ခံနေရဆဲ ဖြစ်သည်။[၆] "တရားဥပဒေစိုးမိုးမှုအောက်တွင် ငြိမ်းချမ်းစွာ နေထိုင်ရေး"[၇] အပါအဝင် "ပြည်သူ့လူထု၏ အခြေခံလိုအပ်ချက်များ ဖြည့်စည်းရန် အဆင်သင့်ရှိနေသည်" ဟု ပြောဆိုနေသည့် တချိန်တည်းမှာပင် အစိုးရသည် လိင်အကြမ်းဖက်မှုများ လွှမ်းမိုးနေသည့် အရေးယူမှု လွတ်ကင်းသည့် စနစ်ကို ဆက်လက်ထိန်းသိမ်းထားပြီး နိုင်ငံတွင် ရေရှည် စစ်တပ် ကြီးစိုးရေးကို ထိန်းသိမ်းထားသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ဖယ်ရှားရေးကို ပိတ်ဆို့ထားသည်။

ဤအစီရင်ခံစာသည် ၂၀၁၀ ခုနှစ်မှစတင်သည့် အစိုးရ "သစ်" တင်ပြထားသည့် အပြောင်းအလဲ မြင်ကွင်းနှင့် မြန်မာနိုင်ငံရှိ အမျိုးသမီးများ၏ ဝမ်းနည်းဖွယ် လက်တွေ့ အခြေအနေများကြား ခြားနားမှုကို ဖော်ထုတ်ရန် ရည်ရွယ်သည်။ သမ္မတ ဦးသိန်းစိန်လက်ထက်တွင် အမျိုးသမီး (၁၀၄) ဦးသည် အစိုးရစစ်သားများ၏ လိင်အကြမ်းဖက်မှု သားကောင်များ ဖြစ်ခဲ့ရသည်ကို အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ)နှင့် အဖွဲ့ဝင် အဖွဲ့အစည်းများက မှတ်တမ်းတင် ထားပြီး ဖုံးကွယ်နေသော အမှုများလည်း အများအပြားရှိနေနိုင်သေးသည်ကို သတိပြုစေလိုသည်။ အဓမ္မပြုကျင့်မှုကို စစ်ပွဲနှင့် ဖိနှိပ်မှုကိရိယာအဖြစ် ဆက်လက်ကျင့်သုံးနေဆဲ ဖြစ်သည်။ စနစ်တကျနှင့် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုမှုသည် စစ်ရာဇဝတ်မှုနှင့် လူသားဖြစ်မှုကို ဆန့်ကျင်သော ရာဇဝတ်မှုများ ဖြစ်လာနိုင်ဖွယ် ရှိနေသည်။ သို့တိုင်အောင် အဓမ္မပြုကျင့်မှုကိုကျူးလွန်ခဲ့ကြသော စစ်သားများသည် လွတ်လပ်စွာ သွားလာနိုင်နေပြီး အရေးယူမှုမှ လွတ်ကင်းစေရန် ယန္တရားများက ဆက်လက် အကာအကွယ်ပေးလျက် ရှိနေသည်။

ဤအစီရင်ခံစာသည် လိင်အကြမ်းဖက်မှုကို အဆိုးဝါးဆုံး လိင်ခြားနားမှုဆိုင်ရာ ရာဇဝတ်မှုအဖြစ် အဓိကထားဖော်ပြထားပြီး တချိန်တည်းမှာပင် မြန်မာနိုင်ငံရှိ အမျိုးသမီးများသည် အကြမ်းဖက်မှု အမျိုးမျိုးကို ကြုံတွေ့ခံစားနေရကြောင်းကိုလည်း အသိအမှတ်ပြုထားသည်။ မိမိတို့ အဖွဲ့ဝင် အဖွဲ့အစည်းများ မီးမောင်းထိုးပြသည့်အတိုင်း သူတို့သည် စစ်ပွဲများနှင့် အိုးအိမ်မဲ့ဖြစ်ရခြင်းတို့၏ ဝန်ထုပ်ဝန်ပိုးကို ထမ်းရွက်နေရသည်။ တိုင်းရင်းသား အမျိုးသမီးများအပေါ် စစ်ပွဲများ၏ အကျိုးဆက်များနှင့် မြန်မာစစ်တပ်၏ ဖိနှိပ်မှုများသည် အများအပြားဖြစ်နေပြီး အမျိုးသမီးများ၏ လိင်ပိုင်းဆိုင်ရာ ဂုဏ်သိက္ခာအတွက် လျော့ပေါ့မှုများ မဖြစ်လာနိုင်သေးပေ။ သို့ရာတွင် အပြစ်ပေးအရေးယူမှုများအပေါ် ကြီးမားစွာ အကာအကွယ်ရနေသည့် အခြေအနေ

အောက်တွင် စဉ်ဆက်မပြတ် ဆက်လက်ဖြစ်ပေါ်နေသည့် လိင်အကြမ်းဖက်မှုများသည် အမျိုးသမီးများ၏ ဂုဏ်သိက္ခာကို အကြီးမားဆုံးဖျက်ဆီးနေပြီး အမျိုးသမီးများကို အကြမ်းဖက်မှု၏ ဓါးစာခံများဖြစ်စေသည့် မြန်မာနိုင်ငံ၏ ဖခင်ကြီးစိုးသည့် ယဉ်ကျေးမှု လွှမ်းမိုးမှု၏ ထင်ရှားသော ရလာဒ်များဖြစ်သည်။

စီစဉ်ဖော်ထုတ်ထားသည့် လတ်တလောပြောင်းလဲမှုအပေါ် မြန်မာအစိုးရအနေဖြင့် တာဝန်ခံမှုနှင့်ထပ်တူ ဖြစ်စေရန်နှင့် မြန်မာနိုင်အမျိုးသမီးများ လိုအပ်သော ဂုဏ်သိက္ခာကို ပြန်လည်ထိန်းသိမ်းရန်အတွက် အချိန်ကောင်းဖြစ်သည့်အားလျော်စွာ ယင်းသို့ဖြစ်စေရန်အတွက် တခုတည်းသော လုပ်ဆောင်ရန်မှာ အမျိုးသမီးများ တွေ့ကြုံခဲ့ရသည့် အကြမ်းဖက်မှုများအတွက် အမှန်တရားနှင့် တရားမျှတမှု ဖော်ထုတ်ခြင်းများမှ တဆင့်သာ ဖြစ်နိုင်ပေမည်။ အကြမ်းဖက်မှုများကို ချက်ချင်းရပ်တန့်ရန် လိုအပ်ရုံသာမက မြန်မာနိုင်ငံ၏ ဥပဒေရေးရာ မူဘောင်များ၊ မှားယွင်းနေသည့် အခြေခံဥပဒေနှင့် တရားစီရင်ရေး စနစ်တို့ကိုလည်း နက်နက်ရှိုင်းရှိုင်း ပြုပြင်၍ အမျိုးသမီးများအား အကာအကွယ်ပေးသည့် ဥပဒေများ ချမှတ်ရန် လိုအပ်သည်။ ယင်းကိစ္စရပ်များ အားလုံးသည် မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ဆောင်ကျဉ်းရန်အတွက် လိုအပ်သော နိုင်ငံရေး ဆွေးနွေးပွဲများ အပေါ် အစိုးရ၏ ချဉ်းကပ်မှုများကို နက်နက်ရှိုင်းရှိုင်း ပြုပြင်မှုမရှိပါက ဖြစ်ပေါ်လာနိုင်မည် မဟုတ်ပေ။ လိုအပ်ချက်များအနက် လွတ်လပ်သော နိုင်ငံတနိုင်ငံတွင် စစ်တပ်သည် လူထု၏ ဆန္ဒနှင့်အညီ စစ်မှန်စွာ ကိုယ်စားပြုသော အရပ်သားအာဏာပိုင်များ လက်အောက်တွင်ရှိရန် လိုအပ်မှုကို လက်ခံရန်လည်း ပါဝင်သည်။ ထိုလိုအပ်မှု ပန်းတိုင်ရရှိသည်အထိ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် မရပ်မနား ဆောင်ရွက်သွားမည် ဖြစ်သည်။

# နောက်ခံသမိုင်းကြောင်း

"၁၉၆၂ ခုနှစ်တွင် မြန်မာနိုင်ငံ၏ နောက်ဆုံး ဒီမိုကရေစီ အစိုးရသည် စစ်အာဏာသိမ်းမှုဖြင့် ဖြုတ်ချခံခဲ့ရပြီး နှစ်ပေါင်း ၄၀ ကျော်ကြာအောင် ကမ္ဘာတွင် အရက်စက်ဆုံး အစိုးရတရပ်၏ အောက်တွင် ဖိနှိပ်မှုများ ဖြစ်ပေါ်လာစေခဲ့သည်။ ၁၉၈၈ ခုနှစ် အရေးတော်ပုံက ၁၉၉၀ ရွေးကောက်ပွဲများကို ဖြစ်ပေါ်စေခဲ့ပြီး ယင်း ရွေးကောက်ပွဲတွင် လူထုက စစ်အုပ်ချုပ်ရေးကို တခဲနက်ဆန့်ကျင်ခဲ့ကြကာ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်နှင့် တိုင်းရင်းသား အတိုက်အခံပါတီများကို လွှတ်တော် အမတ်နေရာ၏ ၈၀ ရာနှုန်းကျော်ဖြင့် ရွေးချယ်ခဲ့ကြသည်။ သို့သော် စစ်တပ်က ထိုသူတို့ကို အာဏာ လွှဲပြောင်းခြင်း မရှိပဲ ဒီမိုကရေစီနှင့် တိုင်းရင်းသား ခေါင်းဆောင်အချို့ကို ထောင်ချထားခဲ့သည်။" [၈]

၂၀၀၈ ခုနှစ်တွင် အာဏာရ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည်[၉] ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်တခုကို ရေးဆွဲပြီး အတည်ပြုခဲ့သည်။ ယင်းတွင် "အရပ်သား" အုပ်ချုပ်မှု အတုအယောင် အသစ်ကို ဖော်ထုတ်ပြီး စစ်အုပ်ချုပ်ရေးကို အာမခံသည့် ဥပဒေများ အမြောက်အမြားပါရှိသည်။ အထွေထွေ ရွေးကောက်ပွဲကို ၂၀၁၀ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့ပြီး လွှတ်တော်သစ်ကို ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလတွင် စတင်ကျင်းပခဲ့သည်။ စစ်ကောင်စီက သမ္မတဦးသိန်းစိန် ဦးဆောင်သော မြန်မာနိုင်ငံ အစိုးရသစ်သို့ ၂၀၁၁ ခုနှစ်၊ မတ်လတွင် အာဏာလွှဲ ပြောင်းပေးခဲ့သည်။ ယင်းလုပ်ငန်းစဉ်အတွင်း စစ်ကောင်စီကို တရားဝင် ဖျက်သိမ်းခဲ့ပြီး ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဒု-ဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်မှူးကြီး မောင်အေး တို့သည် ယင်းတို့ ရယူထားသော အာဏာများမှ တရားဝင် နုတ်ထွက်ခဲ့ကြသည်။ ရွေးကောက်ပွဲအပြီး တပတ်အကြာ ၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်သည် စုစုပေါင်း နေအိမ်အကျယ်ချုပ် ၇ နှစ် ကျခံနေရာမှ လွတ်မြောက်လာခဲ့သည်။

၂၀၁၁ ခုနှစ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ အရပ်သား အစိုးရသို့ အာဏာလွှဲပြောင်းပြီး နောက် မြန်မာနိုင်ငံတွင် အပြောင်းအလဲ အမြောက်အမြား တွေ့ရှိခဲ့ရပြီး နိုင်ငံတကာ ရပ်တည်မှုတွင် တိုးတက်မှုများ တွေ့ရှိခဲ့ရသည်။ ၂၀၁၂ ခုနှစ် အစောပိုင်းတွင် ဩစတေးလျား၊ ကနေဒါ၊ ဆွစ်ဇာလန်၊ အမေရိကန် ပြည်ထောင်စုနှင့် ဥရောပ သမဂ္ဂတို့သည် လက်နက် ပိတ်ဆို့မှုမှအပ အခြားအရေးယူ ပိတ်ဆို့မှုများကို ဆိုင်းငံ့ ထားလိုက်ကြသည်။[၁၀] သို့သော်လည်း နေပြည်တော်၏ သိသာထင်ရှားသော အပြောင်းအလဲနှင့် နိုင်ငံတကာ

ပုံရိပ် ပြုပြင်ပြောင်းလဲမှုများသည် ကျေးလက် တိုင်းရင်းသားဒေသက ပကတိ အခြေအနေများနှင့် များစွာ ခြားနားလျက်ရှိနေသည်။

၂၀၁၁ ခုနှစ်တွင် အစိုးရသည် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ကို တည်ထောင်ခဲ့ပြီး အာဆီယံ လူ့အခွင့်အရေး ကြေညာစာတမ်းကို လက်ခံခဲ့သည်၊ ကုလသမဂ္ဂ လုံခြုံရေး ကောင်စီ ဆုံးဖြတ်ချက် အမှတ် ၁၆ ကို လက်မှတ်ရေးထိုးပြီး ၂၀၁၂ ခုနှစ်တွင် ဒေါ်အောင်ဆန်းစုကြည်ကို ဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားရေး ကော်မတီတွင် ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခဲ့သည်။ မကြာသေးမီက ၂၀၁၃ - ၂၀၂၂ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသား အဆင့်မဟာဗျူဟာ လုပ်ငန်းစဉ်ကို ထုတ်ပြန်ခဲ့သည်။

ကျေညာချက်များနှင့် ပြုပြင်ပြောင်းလဲရေး ကတိကဝတ်များ ရှိသော်လည်း တနှစ်ပြီး တနှစ် လူ့အခွင့်အရေး မှတ်တမ်းများကလူ့အခွင့်အရေးချိုးဖောက်မှုတင်ပြချက်များကိုစုံစမ်းစစ်ဆေးရန်နှင့်အရေးယူဆောင်ရွက်ရန် စနစ်တကျ ပျက်ကွက်နေမှုများကို တွေ့ရှိလာနေရသည်။[၁၁] နိုင်ငံတကာနှင့် ပြည်တွင်း အဖွဲ့အစည်းများ၏ အစီရင်ခံစာများအရ တရားမဝင် ဖမ်းဆီးမှုများ၊ ဥပဒေမဲ့ သတ်ဖြတ်မှုများ၊ နှိပ်စက်ညှင်းပန်းမှုများနှင့် လိင် အကြမ်းဖက်မှုများမှသည် အတင်းအဓမ္မ လုပ်အားခိုင်းစေမှုများ၊ မြေယာ သိမ်းဆည်းမှုများနှင့် အတင်းအဓမ္မ ရွှေ့ပြောင်းမှုများရှိနေသည်ကို ဖော်ပြနေသည်။[၁၂] ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ အစိုးရသည် ပဏာမ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုများကို တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း အများအပြားနှင့် လက်မှတ်ရေးထိုးခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် ကရင်အမျိုးသား အစည်းအရုံးနှင့် ရှမ်းပြည် တိုးတက်ရေးပါတီ (မြောက်ပိုင်း) အပါအဝင် သဘောတူညီ ချက်အသစ် (၈) ခု တွေ့ရှိရသည်။ သို့သော် လည်း ၂၀၁၃ ခုနှစ်အတွင်း ရှမ်းပြည်မြောက်ပိုင်းနှင့် ကချင်ပြည်နယ်တွင် တိုက်ပွဲများ ဆက်လက် ဖြစ်ပွားခဲ့ပြီး ကျေးရွာများဖျက်စီးခြင်း၊ ထောင်နှင့်ချီသောလူများ အိုးအိမ်မဲ့ဖြစ်ခြင်းတို့ တွေ့ကြုံခဲ့ရသည်။ ၂၀၁၃ ခုနှစ် အောက်တိုဘာလအတွင်း ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ (ကေအိုင်အို) နှင့် အပစ်အခတ်ရပ်စဲရေး စကား ပြောအပြီး ဆယ်ရက်အကြာတွင် မန်စီမြို့နယ်အတွင်းရှိ ကျေးရွာများကို မြန်မာစစ်တပ် အင်အား (၁၀၀၀) ကျော်က ဝင်ရောက်တိုက်ခိုက် သိမ်းပိုက်ခဲ့သည်။[၁၃] လက်ရှိအခြေအနေတွင် ဆက်လက်ဖြစ်ပွားနေသည့် တိုက်ပွဲများကြောင့် ကချင်ဒေသမှ အရပ်သား ၁ သိန်းကျော် အိုးအိမ်မဲ့ဖြစ်နေပြီး တရုတ်နယ်စပ်တွင် ခန့်မှန်း ခြေအရ ပြည်တွင်း အိုးအိမ်မဲ့ ဒုက္ခသည် (၅၈,၂၈၂) ဦး ခိုလှုံနေရသည်။[၁၄] သယံဇာတ ကြွယ်ဝသော တိုင်းရင်းသားဒေသများသည် အစိုးရ ဖွံ့ဖြိုးရေးစီမံချက်များအတွက် မဟာဗျူဟာမြောက် အရေးပါသော နေရာများဖြစ်သည်။[၁၅] ကချင်ဒေသများအတွင်း မကြာသေးမီက တိုက်ပွဲဖြစ်ပွားသော နေရာများသည် ရွှေ

ခါတ်ငွေ့ပိုက်လိုင်းကို ဗဟိုပြုရာ အနီးဝန်းကျင်ဒေသများနှင့် စီမံကိန်း ဆက်သွယ်ရေး လမ်းကြောင်းများမှ သည် တရုတ်နယ်စပ်အထိဖြစ်သည်။ စစ်တပ်လျော့ချမှုများအစား အပစ်ရပ်ဒေသများတွင် စစ်အင်အား တိုးချဲ့မှုနှင့် စစ်စခန်းတိုးချဲ့မှုများကို သယံဇာတ တူးဖော်ရေး ဖွံ့ဖြိုးရေး စီမံကိန်းများ အနီးတွင် ပိုမိုတွေ့ရှိ နေရသည်။ ယင်းကြောင့် ထောင်နှင့်ချီသော ကျေးရွာသားများ အိုးအိမ်စွန့်ခွာခဲ့ကြရပြီး ဒေသခံ စားဝတ်နေမှု ဘဝများ ဖျက်ဆီးခံခဲ့ကြရသည်။[၁၆]

တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် အစိုးရကိုယ်စားလှယ်တို့အကြား ကချင်ပြည်နယ်အတွင်း တွေ့ဆုံပြီး ၂၀၁၃ နိုဝင်ဘာလအတွင်း တနိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်လက်မှတ်ရေး ထိုးရန်အတွက် ဆွေးနွေးနေသည့် အချိန်မှာပင် မြန်မာစစ်တပ်က ကချင်ပြည်နယ် တောင်ပိုင်းဒေသရှိ ကျေးရွာများအား ထိုးစစ်ဆင် တိုက်ခိုက်လျက်ရှိနေပြီး လူပေါင်း (၂၀၀၀) ခန့်ကို အိုးအိမ်မဲ့ဖြစ်စေခဲ့သည်။ မြန်မာစစ်တပ်က စစ်သားများသည် ကျေးရွာငါးရွာအတွင်း ဝင်ရောက်ရာတွင် သေနတ်များပစ်ခတ်ပြီး ဝင်ရောက်ခဲ့ကြောင်း သတင်းများ ထွက်ပေါ်ခဲ့သည်။[၁၇] ယင်းသည် တိုင်းရင်းသား ဒေသများတွင် ဆက်လက် ဖြစ်ပေါ်နေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ၏ လက္ခဏာများဖြစ်သည်။

# အပိုင်း ၁။ တိုင်းရင်းသား အမျိုးသမီးများအား မြန်မာစစ်တပ်၏ စနစ်တကျ လိင်ပိုင်းဆိုင်ရာ ခေါ်ကားကျူးလွန်မှုများ

"အရပ်သား" အစိုးရသစ်တက်လာချိန်မှစ၍ အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ)နှင့် အဖွဲ့ဝင် အဖွဲ့အစည်းများသည် မြန်မာ့တပ်မတော်၏ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ ကျူးလွန်ခံခဲ့ရသော အမျိုးသမီး (၁၀၄) ဦးကို မှတ်တမ်းပြုစု နိုင်ခဲ့သည်။ ယင်းအမှုများသည် အပေါ်ယံမျှသာရှိသေးသည်။ ပြုမူဆောင်ရွက်ပုံ သဘောသဘာဝနှင့် ကျူးလွန်ပုံများသည် အဓမ္မပြုကျင့်မှုကို စစ်ပွဲနှင့် တိုင်းရင်းသား ဒေသများအတွင်း ဖိနှိပ်မှုကိရိယာအဖြစ်ယနေ့တိုင်အသုံးပြုနေဆဲဖြစ်ကြောင်းအတည်ပြုနိုင်သည်။ ဤချိုးဖောက်မှုများသည် စစ်ရာဇဝတ်မှုနှင့် လူသားဖြစ်မှုကို ဆန့်ကျင်သော ရာဇဝတ်မှုများ ဖြစ်လာနိုင်ဖွယ် ရှိနေသဖြင့် ယင်းလုပ်ရပ်များကို ချက်ချင်းရပ်တံ့ရမည်။



ဓာတ်ပုံ။ Kachin News Group

ကချင်ပြည်နယ်တွင်း မြန်မာအစိုးရ စစ်တပ်များ ပိုမိုတိုးချဲ့လာခြင်း။ ၂၀၁၃ ခုနှစ် ဧပြီလ။

# ဂ။ ဦးသိန်းစိန်အစိုးရ လက်ထက် မှတ်တမ်းရယူထားနိုင်သည့် အဖြစ်အပျက် ၁၀၀ ကျော်

## (ပုန်းကွယ်နေသော အဖြစ်အပျက်များ ရှိနေသေးသည်။)

ဆယ်စုနှစ်တခုကျော် ကာလအတွင်း အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)၊ အဖွဲ့ဝင်အဖွဲ့အစည်းများနှင့် အခြားသော ဒေသအတွင်းနှင့် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများက တိုင်းရင်းသား ဒေသများတွင် အရပ်သားများအပေါ် မြန်မာ့တပ်မတော်က ကျူးလွန်ခဲ့သော အထူးသဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်နေသော လိင်အကြမ်းဖက်မှုများ အပါအဝင် လူ့အခွင့်အရေး ချိုးဖောက်မှုများကို အစီရင်ခံခဲ့ကြသည်။ ယင်းချိုးဖောက်မှုများသည် လက်ရှိ အစိုးရလက်ထက်တွင် ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်သည်။ ဤအစီရင်ခံစာတွင် ယခင်ပုံစံများအတိုင်း ဆက်လက် ကျူးလွန်နေသော လိင်အကြမ်းဖက်မှုဆိုင်ရာ အမှုအခင်းများကို ဆက်လက်ပြီး မှတ်တမ်းတင်ခြင်း၊ အစီရင်ခံခြင်း ပြုလုပ်ထားသည်။

## ၁။ မှတ်တမ်းရယူထားသည့် အမှုအခင်း (၁၀၄) ခု

### WLB အဖွဲ့ဝင် အဖွဲ့အစည်းများမှ မှတ်တမ်းတင်ထားသည့် အမှုများ

၂၀၁၀ ရွေးကောက်ပွဲမှ စတင်၍ WLB အဖွဲ့ဝင် အဖွဲ့အစည်းများသည် မြန်မာ့တပ်မတော်က ကျူးလွန်သော အဓမ္မပြုကျင့်မှု သို့မဟုတ် အခြားသော လိင်အကြမ်းဖက်မှုများနှင့် ပတ်သက်သည့် အသေးစိတ် အစီရင်ခံချက်များကို စုဆောင်းခဲ့ ကြသည်။ ဤအမှုများတွင် အမျိုးသမီး (၁၀၄) ဦးတို့၏ မတူညီသော အဖြစ်အပျက်ပေါင်း (၆၉) ခုနှင့် ကျူးလွန်ခံရမှုများ ပါဝင်သည်။ WLB အနေဖြင့် ယင်းတို့မှာ ဤကာလအတွင်း အမှန်တကယ် ဖြစ်ပျက်နေသော ချိုးဖောက်မှုများ၏ သေးငယ်သော အစိတ်အပိုင်းသာ ဖြစ်မည်ဟု ယုံကြည်သည်။ အမှုအများစုသည် ၂၀၁၁ ခုနှစ် မတ်လတွင် ရှမ်းပြည်နယ်နှင့် ဇွန်လတွင် ကချင်ပြည်နယ်တို့၌ဖြစ်ပွားခဲ့သော ထိုးစစ်များနှင့် ဆက်စပ်နေသည်။ ယင်းနေရာ များတွင် အရပ်သားများသည် မကြာခဏ ပစ်မှတ်အဖြစ် သတ်မှတ်ခံကြရသည်။ (အောက်တွင်ကြည့်ပါ)။ ကချင် အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ)သည် ၂၀၁၁ ဇွန်လတွင် မြန်မာတပ်မတော်က အပစ်အခတ်ရပ်စဲရေးကို ချိုးဖောက်ခဲ့သည်မှ စတင်၍ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၏ သားကောင်ဖြစ်ရသော အမျိုးသမီး (၅၉) ဦးကို မှတ်တမ်းတင်ထားခဲ့သည်။[၁၈] ဤအဖြစ်အပျက် အများအပြားသည် ကချင်အမျိုးသမီးအစည်းအရုံး (ထိုင်းနိုင်ငံ)မှ ထုတ်ပြန်ပြီးဖြစ်သော အစီရင်ခံစာများတွင် ပါဝင်ပြီးဖြစ်သည်။[၁၉] ယင်းတို့တွင် ၂၀၁၁ ခုနှစ်က မြန်မာ့တပ်မတော်က

ဖမ်းဆီးသွားပြီး အဓမ္မပြုကျင့်ပြုကျင့်၍ သတ်ပစ်လိုက်သည်ဟု ယူဆရသော်လည်း ဗဟိုတရားရုံးတွင် ပယ်ချခဲ့သည့် ဆွမ်လွတ်ရွှယ်ဂျာ၏ အမှုလည်း ပါဝင်သည်။ ကချင်အမျိုးသမီး အစည်းအရုံး (ထိုင်းနိုင်ငံ) က မကြာသေးခင်က ထုတ်ပြန်သော အစီရင်ခံစာတွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဆက်လက်လုပ်ဆောင်နေသည့် တချိန်တည်းမှာပင် မြန်မာစစ်တပ်၏ ကချင်အရပ်သားများအပေါ် ကျူးလွန်နေမှုများကို ဖော်ပြထားသည်။ ယင်းတို့တွင် ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ အတွင်းက စစ်တပ်အရာရှိတဦး၏ အမျိုးသမီးငယ် တဦးအား အဓမ္မပြုကျင့်မှုလည်း ပါဝင်သည်။

## ဘုရားကျောင်းတွင်း မုဒိန်းပြုကျင့်မှု

၂၀၁၂ ခုနှစ် မေလ အစောပိုင်းက ကချင် - တရုတ်နယ်စပ် ပန်ဝါမြို့တွင် အမျိုးသမီးတဦးအား ဘုရားကျောင်းအတွင်း အချိန်ကြာမြင့်စွာ နှိပ်စက်ညှင်းပမ်းပြီး အုပ်စုလိုက် အဓမ္မပြုကျင့်ပြုကျင့်ခြင်းက ဆက်လက်ဖြစ်ပေါ်နေသော မြန်မာ့တပ်မတော်၏ လိင်အကြမ်းဖက်မှုများအပေါ် အရေးယူမှု မရှိကြောင်း ပြသနေခြင်းပင် ဖြစ်သည်။

၂၀၁၂ ခုနှစ် မေလ ၁ ရက်နေ့တွင် ခြေမြန်တပ်ရင်း (၃၄၇) နှင့် ခြေလျင်တပ်ရင်း (၁၃၈) တပ်ရင်းနှစ်ရင်းမှ ကင်းလှည့်ထွက်လာသော မြန်မာအစိုးရတပ်ဖွဲ့သည် ပန်ဝါ၏ အနောက်မြောက်ဖက် ချီဖွေမြို့နယ်အတွင်းရှိ ကျေးရွာသို့ ရောက်ရှိလာပြီး အသက် ၄၈ နှစ်အရွယ် ငွားမီ (အမည်ရင်းမဟုတ်) ကို ဘုရားကျောင်းအတွင်း တဦးတည်း ခိုလှုံနေသည်ကို တွေ့ရှိခဲ့ကြသည်။ ထိုအချိန်တွင် ရွာသားအများအပြားမှာ ထွက်ပြေးသွားကြပြီ ဖြစ်သည်။ စစ်သား ၁၀ ဦးက သူ့ကို သေနတ်ဒင်များဖြင့် ထုနက်ခဲ့သည်၊ ဓါးများနှင့်ထိုးပြီး ကိုယ်တုံးလုံး ချွတ်ကာ ဘုရားကျောင်းအတွင်း သုံးရက်တိုင်အောင် အုပ်စုလိုက် အဓမ္မပြုကျင့်ပြုကျင့်ခဲ့ကြသည်။

ယင်းကျူးလွန်မှုကို ကိုယ်တပိုင်းသေနေသည့် မိန်းမဖြစ်သူကို စောင့်ရှောက်နေရသည့်အတွက် အဖမ်းခံခဲ့ရသော အသက် ၅၉ နှစ်အရွယ် တရွာထဲသား ယုတဂွိက မျက်မြင်တွေ့ရှိခဲ့သည်။ သူ့ကို ဘုရားကျောင်းဝင်း အတွင်း ကြိုးတုပ်ထားပြီး မြန်မာစစ်သားများက ခြေနှင့် ကန်ကျောက်ခြင်း ဓါးဖြင့်ထိုးခြင်းများ လုပ်ခဲ့သည်။ စစ်သားများ ထွက်ခွာသွားပြီးနောက် မေလ ၄ ရက်နေ့တွင် သူနှင့် ငွားမီကို သတိမရတချက် ရတချက် အခြေအနေတွင် အခြားကချင်ရွာသားများက တွေ့ရှိခဲ့ပြီး ပန်ဝါဆေးရုံသို့ ပို့ဆောင်ခဲ့သည်။

မြေး ၁၂ ယောက်၏ အဖွားဖြစ်သူ ငွားမီသည် မိသားစုနှင့် ပြန်လည် တွေ့ဆုံနိုင်ခဲ့သော်လည်း စိတ်ဝေဒနာကို ခံစားနေရသည်။

Source: KWAT [၂၀]

ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်လှုပ်ရှားဆောင်ရွက်ရေးအသင်း (SWAN) က ၂၀၁၀ ခုနှစ် ဧပြီလနှင့် ၂၀၁၃ ခုနှစ် မေလအတွင်း မြန်မာစစ်သားများက ကျူးလွန်ခဲ့သော အမျိုးသမီးနှင့် မိန်းကလေးငယ် ၃၅ ယောက်တို့ အပါအဝင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ၃၀ ကို အစီရင်ခံခဲ့သည်။[၂၁] ဤအစီရင်ခံစာတွင် အချို့သော အမှုများကို ဖော်ပြထားသည်။

ပလောင်အမျိုးသမီးအစည်းအရုံး (PWO)၏ ၂၀၁၂ ခုနှစ်အောက်တိုဘာလတွင် ပြည်တွင်းအိုးအိမ်မဲ့ဒုက္ခသည်များ၏ အတွေ့အကြုံ ဖော်ထုတ်ချက်သည် အစိုးရတပ်ဖွဲ့များသည် လိင်အကြမ်းဖက်မှု အပါအဝင် အရပ်သားများအပေါ် ကျယ်ပြန့်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို အရေးယူခံရခြင်းမရှိပဲ ကျူးလွန်လျက်ရှိကြောင်း ပြသခဲ့သည်။[၂၂] PWO က မြန်မာတပ်မတော် ရှေ့တန်းစခန်းများ တည်ရှိခြင်းကြောင့် ပြည်တွင်းအိုးအိမ်မဲ့ဒုက္ခသည်များအတွက် လိင်အကြမ်းဖက်မှု အပါအဝင် လုံခြုံရေး အန္တရာယ် ရှိနေကြောင်း မီးမောင်းထိုးပြခဲ့သည်။ ထို့မှုသာမက ၂၀၁၃ ခုနှစ် မေလအတွင်း PWO နှင့် တအောင်းဝ် ကျောင်းသားလူငယ်အဖွဲ့ ပူးပေါင်းထုတ်ပြန်သည့် ကြေညာချက်တွင် ပလောင်ဒေသအတွင်း နောက်ဆုံး ပြုလုပ်ခဲ့သည့် ထိုးစစ်နောက်ပိုင်း မြန်မာစစ်တပ်က အရပ်သားများအပေါ် ကျယ်ပြန့်သော အခွင့်အရေး ချိုးဖောက်မှုများ ပြုလုပ်ခဲ့ကြောင်း ဖော်ထုတ်ခဲ့သည်။[၂၃] အမျိုးသမီးများ အဓမ္မပြုကျင့်ခြင်း ခံနေရကြောင်းကို အမျိုးသမီး နှစ်ဦး၏ အဖြစ်အပျက်ကို မီးမောင်းထိုးဖော်ပြခဲ့သည်။

ကရင်အမျိုးသမီးအစည်းအရုံး (KWO) နှင့် ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) တို့သည် ၂၀၁၀ မှ ၂၀၁၂ ခုနှစ် အတွင်း အစိုးရတပ်များမှ ကျူးလွန်မှုတွင်ပါဝင်ခဲ့သူ အမျိုးသမီး (၉) ဦးထဲမှ လိင်အကြမ်းဖက်ခံရမှု (၈) ခုကို မှတ်တမ်းတင်ခဲ့သည်။[၂၄] WLB အနေဖြင့် ကရင်ဒေသများတွင် ကာယကံရှင်တို့က အကြောင်းအမျိုးမျိုးကြောင့် အစီရင်ခံခြင်း မလုပ်ခဲ့သည့်အတွက် ထပ်မံမဖော်ပြနိုင်သော်လည်း ထို့ထက်ပိုမိုများပြားသော အဖြစ်အပျက်များ ရှိနေမည်ဟု ယုံကြည်သည်။

## အခြား ဒေသခံနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ၏ အစီရင်ခံချက်များ

မြန်မာနိုင်ငံ လူ့အခွင့်အရေး မှတ်တမ်းကွန်ယက် (ND-Burma) မှ မြန်မာတပ်မတော်၏ ဆက်လက်ပြီး လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ကျူးလွန်မှုများကို အခြားချိုးဖောက်မှုများနှင့်အတူ မှတ်တမ်းတင်လျက်ရှိသည်။ ၂၀၁၂ ခုနှစ်၊ ဇန္နဝါရီလမှ ဒီဇင်ဘာလအတွင်း ကချင်၊ ရခိုင်နှင့် ရှမ်း ဒေသများတွင် အဓမ္မပြုကျင့်မှုနှင့် အခြားလိင်အကြမ်းဖက်မှု ၁၃ ခုကို မှတ်တမ်းတင် ခဲ့သည်။[၂၅] ၂၀၁၃ ခုနှစ် ဇန္နဝါရီလမှ ဇွန်လအတွင်း လူ့အခွင့်အရေး ချိုးဖောက်မှု ၁၄၇ ခုကို မှတ်တမ်း တင်ခဲ့ရာ အများစု မှာ မြန်မာအစိုးရစစ်တပ် ကိုင်တွယ်မှုများ အတွင်းဖြစ်သည်။ ယင်းတွင် အဓမ္မပြုကျင့်မှု

၈ ခု၊ နှင့် ကချင်နှင့် ရှမ်းဒေသများတွင် ဖြစ်ပွားခဲ့သော လိင်အကြမ်းဖက်မှုများ ပါဝင်သည်။[၂၆] ယင်းအမှုများထဲမှ အချို့မှာ WLB အဖွဲ့ဝင် အဖွဲ့အစည်းများက အထက်တွင် ဖော်ပြထားသည့်အတိုင်း မှတ်တမ်းတင်နိုင်ခဲ့သည်။

ထိုမျှသာမက လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့နှင့် အမ်နက်စ်တီ အင်တာနေရှင်နယ် (အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့) ကဲ့သို့သော နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများကလည်း ၂၀၁၀ ရွေးကောက်ပွဲ နောက်ပိုင်း မြန်မာ့တပ်မတော်၏ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက် ကျူးလွန်မှုများကို အစီရင်ခံခဲ့ကြသည်။[၂၇]

## နောက်ဆုံးတိုင်တန်းလာသော အပြစ်အပျက်

၂၀၁၃ ခုနှစ် အောက်တိုဘာလ ၃၁ ရက်၊ ကြာသပတေးနေ့

အသက် ၁၅ နှစ်အရွယ် ဆွမ်လွတ်ရွှယ်ဂျာသည် အောက်တိုဘာ ၃၀ ရက်နေ့ မနက် ၉ နာရီ အချိန်တွင် ဆဒုံးနှင့် မောင်ဂျမ်ရွာအကြားက လုထောင်းကျေးရွာတွင် ဗိုလ်ကြီး သက်ဖြိုးအောင်ခေါ် ဗိုလ်ကြီး ဇော်ထက်အောင်နှင့် ခြေမြန် တပ်ရင်း (၁၁၆) မှ တခြား မြန်မာစစ်သား ၂ ဦးတို့၏ အုပ်စုဖွဲ့ မုဒိမ်းပြုကျင့်ခြင်းကို ခံခဲ့ရသည်။ အောက်တိုဘာ ၃၀ ရက်နေ့က လုထောင်းကျေးရွာရှိ သူ့မိဘများထံ ပြန်လည် လွှဲပြောင်းပေးခဲ့ကြောင်း ဒေသခံတဦးက ပြောသည်။

ခမရ (၁၁၆) ၏ တပ်ရင်းမှူးမှာ ဒု-ဗိုလ်မှူးကြီး မင်းကျော်ဆန်းဖြစ်သည်။ ခမရ (၁၁၆) သည် ဗိုလ်မှူးကြီး မြင့်မော်ဦး ဆောင်သော စစ်ကိုင်း အခြေစိုက် တပ်မ ၃၃ လက်အောက်ခံဖြစ်ပြီး လှုပ်ရှားတပ်ရင်းတခု ဖြစ်သည်။

Source: Kachin Land News (not verified by WLB)[၂၈]

## ကုလသမဂ္ဂမှ အသိအမှတ်ပြုခြင်း

မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေနှင့် ပတ်သက်သည့် အထူးကိုယ်စားလှယ်က သူ၏ ၂၀၁၃ ခုနှစ် မတ်လ ထုတ် အစီရင်ခံစာတွင် “ကချင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း ဒေသများမှ ဖွံ့ဖြိုးတိုးတက်မှုများကို အနီးကပ် စောင့်ကြည့်နေပြီး အရပ်သားလူထုအား တိုက်ခိုက်မှုများ၊ ဥပဒေမဲ့ သတ်ဖြတ်ခြင်းများ၊ လိင်နှင့် လိင်ကွဲပြားမှု အပေါ် အကြမ်းဖက်မှုများ၊ တရားမဝင် ဖမ်းဆီးထိန်းသိမ်းမှုများနှင့် နှိပ်စက်ညှင်းပမ်းမှုများကို ဆက်လက်ပြုလုပ်နေသည့်အတွက် စိုးရိမ်ပူပန်ကြောင်း” ထည့်သွင်းဖော်ပြခဲ့သည်။[၂၉] အထွေထွေအတွင်းရေးမှူးချုပ်၏ ၂၀၁၂ ခုနှစ်

ပဋိပက္ခနှင့် ဆက်နွယ်သော လိင်အကြမ်းဖက်မှုများ အစီရင်ခံစာတွင် ၂၀၁၁ ခုနှစ် ဇွန်လမှ ဩဂုတ်လအတွင်း[၂၀] မြန်မာစစ်တပ် ကျူးလွန်သော အမျိုးသမီးများအပေါ် အဓမ္မပြုကျင့်မှုများကို မီးမောင်းထိုး ဖော်ပြထားသည်။ ၂၀၁၂ ခုနှစ် မတ်လတွင် ကလေးအခွင့်အရေး ကော်မတီ၏ နိဂုံးချုပ် တွေ့ရှိချက်တွင် ဖော်ပြထားသည့်အတိုင်း "ကော်မတီအနေဖြင့် အစိုးရ စစ်သားများနှင့် ရဲအရာရှိများ၏ အမျိုး သမီးငယ်များနှင့် ဆယ်ကျော်သက်များအပေါ် လွန်ခဲ့သည့် နှစ်များအတွင်း လိင်အကြမ်းဖက်မှု ကျူးလွန်သည့် သတင်းအချက်အလက်များအပေါ် စိုးရိမ်ပူပန်သည်" ဟု ထုတ်ဖော်ခဲ့သည်။[၂၁]

## ၂။ အပေါ်ယံမျှသာ

WLB နှင့် အဖွဲ့ဝင် အဖွဲ့အစည်းများမှ ကောက်ယူရရှိသော သတင်းအချက်အလက်များသည် ယင်းတို့၏ ကွန်ယက်များမှတဆင့် ကျူးလွန်ခံရသော လူပုဂ္ဂိုလ်များနှင့် ချိုးဖောက်မှုများတွင် မျက်မြင်သက်သေ ဖြစ်ခဲ့သူများထံမှ အဓိက ဖြစ်သည်။ ဤအစီရင်ခံစာတွင် ဖော်ပြသော အချက်အလက်များနှင့် အမှုတခုချင်းသည် WLB နှင့် အဖွဲ့ဝင်အဖွဲ့အစည်းများ၏ သုတေသနမှုများ၊ မှတ်တမ်းပြုစုရေးမှုများကိုယ်တိုင် ကွင်းဆင်းမေးမြန်းထားချက်များမှ အဓိက ရရှိထားခြင်းဖြစ်သည်။ သူတို့ကို လူ့အခွင့်အရေး အချက်အလက်များ ကောက်ယူခြင်းနှင့် စုံစမ်းစစ်ဆေးခြင်းများအတွက် အထူး လေ့ကျင့် သင်ကြားထားခဲ့ခြင်းလည်း ဖြစ်သည်။

WLB အဖွဲ့ဝင်အဖွဲ့အစည်းများ၏ ကွန်ယက်များမှ ရရှိသော အဖြစ်အပျက်များနှင့် ဤအစီရင်ခံစာတွင် ဖော်ပြချက်များကို နိုင်ငံတွင်း ဖြစ်ပျက်နေသော ကျူးလွန်မှုအလုံးစုံ ဖြစ်ပြီဟု မမှတ်ယူသင့်ပါ။ ယင်းတို့မှာ ဖြစ်ပေါ်နေသော ချိုးဖောက်မှုများ၏ အစိတ်အပိုင်းလေး တခုမျှသာ ဖြစ်ပါသည်။ လက်တွေ့တွင်မူ မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု မှတ်တမ်းတင်ခြင်းတွင် အကန့်အသတ်အမြောက်အများ ရှိနေသေးသည်။ လုံခြုံရေး အခြေအနေအရပင်လျှင် လွတ်လပ်ပွင့်လင်းစွာ လုပ်ဆောင်နိုင်သည့် အခြေအနေမျိုး မရှိသေးပေ။

ပထမဆုံး အနေဖြင့် ကွင်းဆင်းလုပ်သားများသည် လုံခြုံရေးနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ စိန်ခေါ်မှု အများအပြားတွေ့ကြုံရပြီး ချိုးဖောက်မှုများ ဖြစ်ပေါ်နိုင်ချေရှိသော ဒေသများအားလုံးသို့ မရောက်ရှိနိုင်ပဲရှိသည်။ ဒုတိယအားဖြင့် လက်နက်ကိုင် ပဋိပက္ခများဖြစ်ပွားနေသော နေရာများတွင် သွားရောက်လေ့လာနိုင်ခွင့် မရှိသည့် အချိန်အခါများရှိပြီး တိုက်ပွဲများကြောင့် အရပ်သားများ နေရာရွှေ့ပြောင်းနေရမှုများလည်းရှိသည်။ တတိယအနေဖြင့် ဓါးစာခံများ၊ မျက်မြင်သက်သေများသည် အချက်အလက်များ သက်သေခံမှုများမှ ပြန်လည်တုန့်ပြန်လာနိုင်သည့် အခြေအနေများကို ကြောက်ရွံ့နေကြသလို လိင်အကြမ်းဖက်မှုများကို ပွင့်ပွင့်လင်းလင်း ပြောဆိုရန်လည်း

အခက်အခဲများစွာရှိနေကြသည်။ ဤအချက်နှင့် ပတ်သက်၍ ပလောင်အမျိုးသမီး အစည်းအရုံးနှင့် တအောင်းဝ် လူငယ်အဖွဲ့ကို ပလောင်ဒေသမှ သက်သေခံသော ရွာသားတယောက်၏ အဖြစ်အပျက်က ထင်ရှားသော နမူနာ ဖြစ်သည်။ "အဓမ္မပြုကျင့်မှုခံရတဲ့သားကောင်အနေနဲ့ အဓမ္မပြုကျင့်ခံရတဲ့အကြောင်း ထုတ်ပြောဖို့ သိပ်ခက်ပါတယ်။ စစ်သားတွေက ဘယ်သူကိုမှ ပြန်မပြောဖို့ ခြိမ်းခြောက်ထားတယ်။ ဒါကြောင့် ကျန်တဲ့လူတွေ အားလုံးလည်း ကြောက်နေကြတယ်။ ကျွန်တော်တို့အတွက် ထုတ်ပြောဖို့ သိပ်ခက်ပါတယ်။"[၃၂]

မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေး ချိုးဖောက်မှုများကို စောင့်ကြည့်လေ့လာရာတွင် အလားတူ အခက်အခဲများ ရှိကြောင်း ND-Burma အဖွဲ့ကလည်း အစီရင်ခံသည်။ "လုံခြုံရေး စိုးရိမ်ရမှုများကြောင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို စောင့်ကြည့်မှုများ ပွင့်လင်းစွာ လုပ်ဆောင်နိုင်ခြင်း မရှိ၊ သို့ဖြစ်၍ မြန်မာနိုင်ငံအတွင်း ဖြစ်ပျက်သမျှသော ချိုးဖောက်ကျူးလွန်မှုများအားလုံးကို ကိုယ်စားလှယ်တဦးတယောက်က ကောက်ယူ၍ မရနိုင်ပါ။ အပစ်အခတ်ရပ်စဲထားသော ဒေသများမှာပင် စစ်တပ်နှင့် ရဲများက ကျူးလွန်ခံရသူများကို တိတ်တိတ်နေရန် ညွှန်ကြားထားသောကြောင့် ကွင်းဆင်းလုပ်သားများနှင့် ယင်းတို့နှင့် ဆက်သွယ်သူများမှာ လုံခြုံရေး အန္တရာယ်ရှိနေသည်။ အကယ်၍ စစ်တပ်နှင့် ရဲများထဲက တယောက်ယောက်ကသာ ကွင်းဆင်းပြီး လူ့အခွင့်အရေး ချိုးဖောက်မှု အချက်အလက်ကောက်ခံသူကို သိရှိသွားပါက ယင်းပုဂ္ဂိုလ်သည် ဖိနှိပ်သော ဥပဒေများအောက်တွင် ဖမ်းဆီးခြင်း၊ စော်ကားခြင်း၊ သို့မဟုတ် အကြမ်းဖက်မှုများကိုပင် ခံရနိုင်သည်။"[၃၃]

ယင်းအကြောင်းရင်းခံများ အားလုံးကြောင့် WLB သည် ဤအစီရင်ခံစာတွင် မီးမောင်းထိုးဖော်ပြထားသော ချိုးဖောက်မှုများသည် ရေခဲတုံး၏ရေပြင်ပေါ်တွင်ပေါ်သောအစိတ်အပိုင်းကဲ့သို့အစိတ်အပိုင်းငယ်တခုမျှသာဖြစ်ပြီး လိင်အကြမ်းဖက်မှု ကျူးလွန်မှု အများအပြား ရှိနေနိုင်သေးသည်။ ဤအခြေအနေများက သေချာသော နိုင်ငံတကာ စုံစမ်းစစ်ဆေးရေး လိုအပ်လျက်ရှိကြောင်း ထောက်ပြလျက်ရှိသည်။

## ၃။ အမျိုးသမီးများအပေါ် ကျူးလွန်လေ့ရှိသည့် ပြစ်မှု သဘောသဘာဝများ

### စစ်ပွဲတို့၏ ဝန်ထုပ်ဝန်ပိုးကို အမျိုးသမီးများ ထမ်းထားရခြင်း

အစောပိုင်းက ရှင်းပြခဲ့သည့်အတိုင်းပင် ဤအစီရင်ခံစာသည် လိင်ကွဲပြားမှု အပေါ်အခြေပြု ကျူးလွန်သည့် ရာဇဝတ်မှုများအနက် အဆိုးရွားဆုံးဖြစ်သော လိင်အကြမ်းဖက်မှုကို အဓိကဖော်ပြသည်။ တချိန်တည်းမှာပင် မြန်မာနိုင်ငံရှိ အမျိုးသမီးများသည် ချိုးဖောက်မှု မျိုးစုံကို တွေ့ကြုံခံစားနေရကြောင်းလည်း အသိအမှတ်ပြုသည်။

မိမိတို့ အဖွဲ့ဝင် အဖွဲ့အစည်းများ မီးမောင်းထိုးပြသည့်အတိုင်း အမျိုးသမီးများသည် စစ်ပွဲများနှင့်အတူ အိုးအိမ်မဲ့ဖြစ်ရခြင်းတို့၏ ဝန်ထုပ်ဝန်ပိုးများကို တပြိုင်နက်တည်းထမ်းရွက်နေရသည်။ တိုင်းရင်းသား အမျိုးသမီးများအပေါ် စစ်ပွဲများ၏ အကျိုးဆက်များနှင့် မြန်မာစစ်တပ်၏ ဖိနှိပ်မှုများသည် အများအပြားဖြစ်နေပြီး အမျိုးသမီးများ၏ လိင်ပိုင်းဆိုင်ရာ ဂုဏ်သိက္ခာအတွက် လျော့ပေါ့မှုများ မဖြစ်လာနိုင်သေးပေ။ သို့ရာတွင် အပြစ်ပေးအရေးယူမှုများအပေါ် ကြီးမားစွာ အကာအကွယ်ရနေသည့် အခြေအနေအောက်တွင် စဉ်ဆက်မပြတ် ဆက်လက်ဖြစ်ပေါ်နေသည့် လိင်အကြမ်းဖက်မှုများသည် အမျိုးသမီးများ၏ ဂုဏ်သိက္ခာကို အကြီးမားဆုံး ဖျက်ဆီးနေပြီး အမျိုးသမီးများကို အကြမ်းဖက်မှု၏ ဓါးစာခံများ ဖြစ်စေသည့် မြန်မာနိုင်ငံ၏ ဖခင်အုပ်စိုးသည့် ယဉ်ကျေးမှု လွှမ်းမိုးမှု၏ ထင်ရှားဆုံး ရလာဒ်များဖြစ်သည်။

လက်တွေ့တွင်မူ လိင်အကြမ်းဖက်မှုများသည် အခြားသော လူ့အခွင့်အရေး ချိုးဖောက်မှုပုံစံ အမျိုးမျိုးဖြစ်သော ပိုင်ဆိုင် မှုများ သိမ်းယူခြင်းနှင့် ဖျက်ဆီးခြင်း၊ အတင်းအဓမ္မ ရွှေ့ပြောင်းခံရခြင်း၊ အတင်းအဓမ္မ လုပ်အားစေခိုင်းခြင်း၊ နှိပ်စက်ညှင်းပမ်းခြင်း၊ တရားမဝင် ဖမ်းဆီးထိန်းသိမ်းခြင်း၊ ပျောက်ဆုံးခြင်းနှင့် သတ်ဖြတ်ခံရခြင်းစသည့် ကျယ်ပြန့်သည် လူ့အခွင့်အရေး ချိုးဖောက်မှု သဘောသဘာဝများနှင့် ဆက်စပ်ဖြစ်ပေါ်လေ့ရှိသည်။ ဤအစီရင်ခံစာတွင် မှတ်တမ်းတင်ထားသော အမှုများမှ အမျိုးသမီး ၂၈ ဦးသည် အသတ်ခံရခြင်း သို့မဟုတ် ရရှိသောဒဏ်ရာများကြောင့် သေဆုံးခြင်း ဖြစ်ခဲ့ကြရသည်။

## မိသားစုအတွင်း မုဒိန်းကျင့်ခြင်း၊ နှိပ်စက်ခြင်းနှင့် သတ်ဖြတ်ခြင်း

၂၀၁၁ ခုနှစ် ဩဂုတ်လ ၉ ရက် ညနေခင်းတခုတွင် မြန်မာစစ်တပ်မှ စစ်သားများသည် အသက် ၃၉ နှစ်အရွယ် အမျိုးသမီးတဦးနှင့်  အသက် ၁၇ နှစ်အရွယ် သမီးဖြစ်သူကို အုပ်စုလိုက် မုဒိမ်းပြုကျင့်ပြီး သတ်ဖြတ်ခဲ့သည်။ စစ်သားများသည် အမျိုးသမီးငယ်၏ အသက် ၄၄ နှစ်အရွယ် ဖခင်ကိုလည်း ပစ်သတ်ခဲ့သည်။ ဤအဖြစ်အပျက်မှာ ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင်၊ ဝိုင်းမော်မြို့နယ် အတွင်း ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

Source: KWAT[၃၄]

ဆက်လက် ဖြစ်ပွားလျက်ရှိသော ပဋိပက္ခဒေသများတွင် အရပ်သားများအပေါ် ရွေးချယ် တိုက်ခိုက်မှု သတင်းများ ထွက်ပေါ်နေသည်။ ယောက်ျား၊ မိန်းမ၊ ကလေးများ ဒဏ်ရာရခြင်း သေဆုံးခြင်းနှင့် ပိုင်ဆိုင်မှုများ ပျက်စီးခြင်း၊ ရွှေ့ပြောင်းရခြင်းများ ဖြစ်ပေါ်စေသည်။

တခါတရံတွင် အခြားသော လူ့အခွင့်အရေး ချိုးဖောက်မှုပုံစံများမှသည် အမျိုးသမီးများအား အဓမ္မပြုကျင့်မှုများလည်း ဖြစ်ပေါ်တတ်သည်။ ယင်းကို KWAT အဖွဲ့က မှတ်တမ်းတင်ထားသည့် ၂၀၁၃ ခုနှစ် အောက်တိုဘာက ဖြစ်ပွားခဲ့သည့် အဖြစ်အပျက်တခုကို နမူနာအဖြစ် ကြည့်နိုင်သည်။ ကေအိုင်အေ စစ်သားဖြစ်သည်ဟူသော စွပ်စွဲချက်ဖြင့် တရားမဝင် အဖမ်းခံထားရသည့် ခင်ပွန်းဖြစ်သူအား လွှတ်ပေးပါရန် တောင်း ဆိုသည့် အမျိုးသမီး တယောက်အား စစ်တပ်အရာရှိတဦးက အဓမ္မပြုကျင့်ခဲ့ခြင်း ဖြစ်သည်။[၃၅]

## အုပ်စုဖြင့် အဓမ္မပြုကျင့်ခြင်းများ

အဖြစ်အပျက် အများအပြားတွင် အမျိုးသမီးများသည် စစ်သားတဦးတည်း သီးသန့် ကျူးလွန်ခဲ့ရခြင်း မဟုတ်ပဲ အများအပြားက ကျူးလွန်ကြခြင်းဖြစ်သည်။ မှတ်တမ်းတင်နိုင်သော အဖြစ်အပျက်များတွင် ၄၇ မှုသည် အုပ်စုလိုက် အဓမ္မပြုကျင့်သော အမှုများဖြစ်သည်။ ဤမှုများပြားစွာ ပုံစံတူဖြစ်ပေါ်နေခြင်းသည် မတူညီသော တပ်ရင်းများ အများအပြားတွင် အရပ်သားများအပေါ် ကျူးလွန်မှု သဘောသဘာဝများ စုပေါင်းရှိနေခြင်း၏ သက်သေ အထောက်အထားများဖြစ်သည်။ ယင်းသည် မြန်မာစစ်သားများအတွက် တိုင်းရင်းသား အမျိုးသမီးများ၏ ခန္ဓာကိုယ်အပေါ် သြဇာသက်ရောက်နေသည့် ခံစားချက်သာမက ဤအမှုများကို လွတ်လပ်ပွင့်လင်းစွာ ကျူးလွန်နိုင်ပြီး အပြစ်ပေးခြင်း မခံရမည့်အပေါ် ယုံကြည်မှုရှိနေခြင်းကို ဖြစ်စေသည်။ ယင်းသည် နှစ်ပေါင်းများစွာ အာဏာပိုင်များက အပြစ်ပေး အရေးယူခံရခြင်းမှ ကင်းလွတ်သည့် အခြေအနေကို အားပေးအားမြှောက်ပြုလာမှုက ထွက်ပေါ်လာသည့် တိုက်ရိုက်ရလာဒ်များပင် ဖြစ်သည်။

### တညတည်း အုပ်စုလိုက် အဓမ္မပြုကျင့်မှု ၂ ခု

၂၀၁၁ ခုနှစ် မတ်လ ၂၁ ရက်နေ့က တန့်ယန်းမြို့နယ်တွင် အမျိုးသမီးနှစ်ဦးသည် နမ့်ပေါင် အခြေစိုက် ခမရ (၂၉၁) (ဒေသခံတပ်မှူး ဗိုလ်မှူးလှနိုး) နှင့် မုန်းကောင်း အခြေစိုက် ခလရ (၃၃) မှ စစ်သားများ၏ အုပ်စုလိုက် အဓမ္မပြုကျင့်ခြင်းကို ခံခဲ့ရသည်။ အမျိုးသမီးတဦးသည် စစ်သားအများအပြားပါဝင်သော အုပ်စုလိုက် အဓမ္မပြုကျင့်မှုကို ညပိုင်းတွင် ခံခဲ့ရသည်။ သူမသည် တလသား ကလေးငယ်လေးကို မီးဖွားပြီးကာစဖြစ်ပြီး အုပ်စုလိုက် အဓမ္မပြုကျင့်ခံရပြီး ချက်ချင်းပင် သေဆုံးသွားခဲ့သည်။ သူမ၏ နေအိမ်မှာပင် တပ်ဖွဲ့တခုထဲမှ စစ်သားများက တရုတ်လူမျိုး အမျိုးသမီးတဦးကို အဓမ္မပြုကျင့်ခဲ့သည်။ သူမကို အဓမ္မပြုကျင့်နေစဉ် အစ်မဖြစ်သူက အိမ်သို့ရောက်လာပြီး အော်ဟစ် အကူအညီ တောင်းခဲ့သည်။ စစ်သားများက အစ်မဖြစ်သူကို သေနတ်နှင့်ချိန်ပြီး "အဓမ္မပြုကျင့်ပြီး အသတ် မခံရချင်ရင် ဒီအကြောင်း ဘယ်သူ့မှ မပြောရဘူး" ဟု ပြောဆိုခဲ့သည်။ ထို့နောက် သူတို့က ကျပ်ငွေ သုံးသောင်းကို သူမထံပစ်ပေးပြီး သူတို့ စစ်စခန်းသို့ ပြန်သွားကြသည်။

Source: SWAN[၃၆]

## ကျူးလွန်ခံရသူများ၏ အသက်အရွယ်

WLB အဖွဲ့ဝင် အဖွဲ့အစည်းများသည် အသက် ၈ နှစ် သို့မဟုတ် ၉ နှစ်အရွယ်ထိ ငယ်ရွယ်သော မိန်းကလေးငယ်များကို စစ်သားများ အဓမ္မပြုကျင့်သည်ကို မှတ်တမ်းတင်နိုင်ခဲ့သည်။ Kachin Land News မှ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၃၁ ရက်နေ့တွင် တင်ပြသော မကြာသေးမီက ဖြစ်ခဲ့သည့် အဖြစ်အပျက်တွင် အသက် ၁၅ နှစ်အရွယ် မိန်းကလေး ပါဝင်နေပြီး ဤပုံစံများအတိုင်း ဆက်လက်ဖြစ်ပွားနေသည်။

## ချိုးဖောက် ကျူးလွန်သူများ

မှတ်တမ်းတင် ရရှိသည့်အမှု အများစုမှာ ယူနီဖောင်းဝတ် သေနတ်ကိုင်ထားသော အစိုးရ စစ်သားများမှ ကျူးလွန်ကြခြင်းဖြစ်သည်။ အမှုသုံးခုတွင် စစ်တပ်မှ လတ်တလော ထွက်ခွာလာသူများ ပါဝင်သည်။ အဖြစ်အပျက် အများစုတွင်မူ ဗိုလ်ကြီး၊ တပ်မှူး၊ ဗိုလ်မှူး စသည့် အရာရှိများ ပါဝင်သည်။ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလက ဖြစ်ပွားသည့် KWAT မှ မှတ်တမ်းရယူထားသည့် လောလောလတ်လတ် အဖြစ်အပျက်တခုတွင် ကျူးလွန်သူသည် ဗိုလ်မှူးချုပ်အဆင့်အထိ ပါဝင်သည်။



အစိုးရစစ်သားများကျူးလွန်သော ရာဇဝတ်မှုများအပြင် အခြားလုံခြုံရေးတပ်ဖွဲ့များဖြစ်သည့် ရဲကဲ့သို့ အဖွဲ့အစည်းများ ကျူးလွန်သည့် အဖြစ်အပျက်များလည်း တွေ့ရှိရသည်။ ၂၀၁၂ ခုနှစ် ဖွန်လအတွင်း KWAT မှ ထုတ်ပြန်ခဲ့သည့် အမှုတွင် Asia World ကုမ္ပဏီမှ လုံခြုံရေးအစောင့်များ ပါဝင်သည်။[၃၇] အေးရှားဝေါလ် ကုမ္ပဏီသည် မြစ်ဆုံရေကာတာ ဆောက်လုပ်ရေးတွင် ပါဝင်ပြီး စစ်အုပ်စုနှင့် ချိတ်ဆက်မှုရှိသည့် ကုမ္ပဏီဖြစ်သည်။ ဤအဖြစ်အပျက်များသည် ဤအစီရင်ခံစာ၏ လွှမ်းခြုံမှုတွင် မပါဝင်ပဲ မြန်မာ့တပ်မတော်က ကျူးလွန်သောလိင်ဆိုင်ရာ ရာဇဝတ်မှုများကို အဓိကထား တင်ပြသွားမည် ဖြစ်သည်။ ယင်းတို့သည် အပြစ်ပေး အရေးယူမှုမှ ကင်းလွတ်ခွင့်ရရှိသောကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်များဖြစ်ပြီး လုံခြုံရေးအဖွဲ့အစည်းများတွင် ပါဝင်သော အမျိုးသားများကို အရပ်သား အမျိုးသမီးများအား အဓမ္မပြုကျင့်ရန် အားပေးသကဲ့သို့ ဖြစ်စေသည်။

## ၁။ စစ်ပွဲနှင့် ဖိနှိပ်မှု၏ လက်နက်တန်ဆာအဖြစ် အဓမ္မပြုကျင့်မှုကို အသုံးပြုခြင်း

၂၀၁၁ ခုနှစ်တွင် ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က အခုလို ပြောခဲ့သည်။

> *"ကျွန်မတို့ တိုင်းပြည်မှာ အေးအေးချမ်းချမ်းနေချင်တဲ့သူတွေ၊ အခြေခံလူ့အခွင့်အရေးတွေကို လိုလားတောင့်တသူတွေအပေါ် အဓမ္မပြုကျင့်တာကို လက်နက်တခုအနေနဲ့ အသုံးပြုနေပါတယ်။ စစ်အုပ်စုတွေကတိုင်းရင်းသားလူမျိုးစုတွေအပေါ်လက်နက်တခုအနေနဲ့ခြိမ်းခြောက်အသုံးပြုနေပြီး ကျွန်မတို့နိုင်ငံကို ကွဲပြားမှုတွေ ဖြစ်စေပါတယ်။"*[၃၈]

WLB အနေဖြင့် မြန်မာစစ်တပ်သည် လိင်အကြမ်းဖက်မှုများကို စစ်ပွဲနှင့် တိုင်းရင်းသား လူမျိုးစုများအပေါ် ဖိနှိပ်မှု ကိရိယာအဖြစ် အသုံးပြုနေကြောင်း အကြိမ်ကြိမ်ပြောကြားခဲ့ပြီးဖြစ်သည်။[၃၉] ဤအချက်ကို အတိတ်ကာလတွင် အကြိမ်များစွာ မီးမောင်းထိုးတင်ပြ၊ အစီရင်ခံခဲ့ပြီးဖြစ်သကဲ့သို့ လတ်တလောတွင်လည်း အဖွဲ့ဝင်အဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများကို တင်ပြနေဦးမည် ဖြစ်သည်။ ၂၀၁၀ ခုနှစ်မှ ကောက်ခံထားသည့် အချက်အလက်များကို သေချာစွာ ဆန်းစစ်သုံးသပ်ရာတွင် ယနေ့ကာလတွင် အတိတ်ကအတိုင်း ပုံစံတူဆက်လက်ပြုလုပ်နေဆဲ ဖြစ်ကြောင်း အတည်ပြုနိုင်သည်။ အစိုးရသစ်တက်လာပြီး နောက်ပိုင်း မြန်မာစစ်တပ်က ကျူးလွန်သော ရာဇဝတ်မှုများမှာ လွန်ခဲ့သည့် ဆယ်စုနှစ်အတွင်း ကျူးလွန်မှုများနှင့် ဆင်တူနေသည်။ လိင်ပိုင်းဆိုင်ရာ ရာဇဝတ်မှုများကို ရက်စက်မှုများဖြင့် ကျူးလွန်နေဆဲဖြစ်သည်။ မြန်မာ့တပ်မတော်အနေနှင့် စစ်ပွဲများနှင့် တိုင်းရင်းသားများကို ဖိနှိပ်ရာ

တွင် အဓမ္မပြုကျင့်မှုကို လက်နက် တခုအနေနှင့် သုံးစွဲနေဆဲဖြစ်ပြီး အမှုအခင်းများသည် စစ်တပ်ထိုးစစ်များနှင့် အတူ များပြားလျက်ရှိသည်။ သဘာဝ သယံဇာတများကို ထိန်းချုပ်ရေးအပေါ် အခြေခံသည့် ကျူးလွန်ချိုးဖောက်မှု များလည်း ရှိနေသည်။

## ၁။ စနစ်တကျ တည်ဆောက်ဖွဲ့စည်း ကျင့်သုံးသည့် လက္ခဏာများ

**အဓမ္မပြုကျင့်မှုများသည် တခါတရံမှသာ ဖြစ်တတ်သော အဖြစ်အပျက်များ မဟုတ်ပါ။**

မြန်မာ့တပ်မတော်အနေဖြင့် ပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေသည့် နေရာများတွင် ကျယ်ကျယ်ပြန့်ပြန့် သို့မဟုတ် စနစ်တကျ ကျူးလွန်နေသည့် လိင်အကြမ်းဖက်မှု သဘာဝအနေဖြင့် ရှိနေခြင်းသည် အချက်အလက် အများအပြား ပေါ် မူတည်နေသည်။

- အမှုများကို မတူညီသော ပထဝီဒေသ အမျိုးမျိုးတွင် မှတ်တမ်းတင် ရရှိသည်။
- အစိုးရစစ်တပ်၏ တပ်ရင်း အများအပြားသည် ထိုအမှုများကို ကျူးလွန်လျက် ရှိသည်။
- ပဋိပက္ခ ဆက်လက်ဖြစ်ပွားသည့် အချိန်ကာလအပေါ် ရာဇဝတ်မှုများ ဖြစ်ပေါ်မှုနှုန်း တည်မှီနေသည်။
- အုပ်စုလိုက် အတင်းအဓမ္မပြုကျင့်ခြင်းကဲ့သို့သော အမှုအများအပြားသည် စုပေါင်း ကျူးလွန်မှုကို ပြသနေသည်။
- လိင် အကြမ်းဖက်မှု အမှုအခင်းများ၏ ပြင်းထန်မှုသည် ထိုးစစ် မဟာဗျူဟာအတွင်း ကျယ်ပြန့်သော နှိပ်စက် ညှင်းပမ်းမှုများ၏ အစိတ်အပိုင်း ဖြစ်သည်။
- လိင် အကြမ်းဖက်မှုများကို အဆင့်မြင့် အရာရှိများကျူးလွန်သည်ကို တွေ့ရှိရခြင်းဖြင့် လက်သင့်ခံသော လုပ်ထုံးလုပ်နည်းအဖြစ် စစ်တပ်တွင် လက်ခံထားမှု ရှိနေသည်။
- အတင်းအဓမ္မပြုကျင့်ကျူးလွန်မှုများ အနည်းငယ်မှ လုံးဝအထိ အရေးမယူပဲ စစ်သားများက အဓမ္မပြုကျင့်ခွင့်ရှိ သည်ဟု ယုံကြည်နေကြသည်။

ယင်းပုံစံများသည် လွန်ခဲ့သည့် နှစ် အနည်းငယ်အတွင်း ကချင်ပဋိပက္ခကို KWAT အဖွဲ့က ဆန်းစစ်သုံးသပ်ချက်များ နှင့် ကိုက်ညီနေသည်။

ဤအချက်အလက်အားလုံးက ယင်းရာဇဝတ်မှုများသည် မကောင်းသော စစ်သားတယောက်ယောက်က တဦး တယောက်တည်း၊ တခါတရံမှ၊ သီးခြားဖြစ်လေ့ရှိသည့် အဖြစ်အပျက်များမဟုတ်ပဲ တစုံလုံးတွင် မူဝါဒအရ လုပ်ဆောင်နေကြခြင်း ဖြစ်ကြောင်း အတည်ပြုပေးနေသည်။[၄၀]

## အဓမ္မပြုမှုများသည် လူနစ်ဦးကြား လိင်ကိစ္စ မဟုတ်

ကုလသမဂ္ဂ လုံခြုံရေးကောင်စီက မီးမောင်းထိုးပြသကဲ့သို့ "လက်နက်ကိုင် ပဋိပက္ခများ အတွင်းက လိင်အကြမ်းဖက်မှုများသည် ထုံးစံလိုဖြစ်နေသည် သို့မဟုတ် စစ်ပွဲများ၏ ရှောင်လွှဲမရနိုင်သည့် အကျိုးဆက်များဖြစ်သည်။[၄၁] သို့မဟုတ် ရာဇဝတ်မှုအသေးအမွှားသာ ဖြစ်သည်ဆိုသည့် အယူအဆအမှားများကို စိန်ခေါ်ရန်" အရေးကြီးသည်။ အမှန်တကယ်တွင် အဓမ္မပြုကျင့်ခြင်းကို လိင်ဆက်ဆံမှုအဖြစ် သတ်မှတ်၍ မရပေ။ အထူးသဖြင့် စစ်သားများက ကျူးလွန်သည့်အခါများတွင် ဖြစ်သည်။ အဓမ္မပြုကျင့်မှုများကို လူနစ်ဦးကြား၊ လိင်စိတ်လှုပ်ရှားမှု၊ စိတ်မတည်ငြိမ်မှု၊ စည်းကမ်းလျော့နည်းမှု သို့မဟုတ် ရိုးရှင်းသည့် အပြစ်ကင်းလွတ်ခွင့်ကဲ့သို့ သီးခြားဖြစ်သည့် လိင်အကြမ်းဖက်မှု အဖြစ်သတ်မှတ်၍ မရနိုင်ပေ။ ပဋိပက္ခအတွင်း အဓမ္မပြုကျင့်မှုကို လူသားများ၏ ထိန်းချုပ်နိုင်မှု လွတ်ကင်းသွားခြင်းမျိုးဖြင့် ရှင်းပြ၍ မရနိုင်ပေ။ ယင်းသည် အမှုတခုချင်းထက် ကျော်လွန်ပြီး နိုင်ငံရေး စီးပွားရေး ပတ်သက်မှုများရှိနေပြီး လူနစ်ဦး နစ်ယောက် ကိစ္စအဖြစ် မှတ်ယူနိုင်ခြင်း မရှိသည့် စနစ်တကျ ကျူးလွန်မှုများ ဖြစ်သည်။[၄၂]

မြန်မာနိုင်ငံတွင် "ဖြတ်လေးဖြတ်" [၄၃] လမ်းစဉ်ကို စနစ်တကျ ကျင့်သုံးပြီး အရပ်သားများကို အန္တရာယ်ရှိသူများအဖြစ် သတ်မှတ်ခြင်းသည် စစ်ရေးကိစ္စများတွင် တရားဝင်ပစ်မှတ်များ ဖြစ်လာစေသည်။ အစိုးရစစ်တပ်၏ ယင်းမဟာဗျူဟာသည် အရပ်သားများကို လက်နက်ကိုင် အဖွဲ့အစည်းများအား ပစ္စည်းကိရိယာများ ထောက်ပံ့ခြင်း မပြုရဲအောင် အကြောက်တရားဖြစ်စေရန် ရည်မှန်းထားခြင်းဖြစ်သည်။ ဤအခြေအနေတွင် အဓမ္မပြုကျင့်မှုများသည် အမှုတခု ချင်းထက်ကျော်လွန်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ ပတ်သက်မှုများ ရှိနေပြီး လူနစ်ဦးနစ်ယောက် ကိစ္စအဖြစ် မှတ်ယူနိုင်ခြင်း မရှိသည့် စနစ်တကျ စီစဉ်ထားသည့် ကျူးလွန်မှုများဖြစ်သည်။

## အဓမ္မပြုကျင့်မှုကို အပြစ်ပေးခြင်းနှင့် ထိန်းချုပ်ခြင်း အတွက် အသုံးပြုခြင်း

ယခင်က WLB အစီရင်ခံခဲ့သကဲ့သို့ လိင်အကြမ်းဖက်မှုများကို အစိုးရစစ်တပ်က တိုင်းရင်းသား လူ့အဖွဲ့အစည်းများ စိတ်ဓါတ်ပျက်ပြားစေရန်နှင့်ပြိုကွဲစေရန် အသုံးပြုခဲ့ပြီး သူတို့အပေါ် လွှမ်းမိုးမှုတည်ဆောက်ရန်ကြိုးပမ်းခြင်းဖြစ်သည်။ ရက်စက်မှုနှင့် ဤရာဇဝတ်မှုများ ကျူးလွန်သည့် အနေအထားများသည် စိတ်ဓါတ်စစ်ဆင်ရေး လက္ခဏာများ ဖြစ်သည်။

နှိပ်စက်ညှင်းပမ်းမှုများနှင့် သတ်ဖြတ်မှုများ မကြာခဏ တွဲလျက်တွေ့ရသည့် အစိုးရစစ်သားများ၏ တိုင်းရင်းသူ အမျိုးသမီးများကို အဓမ္မပြုကျင့်မှုများနှင့် လိင်အကြမ်းဖက်မှုများသည် လူထုကို စိတ်ဓါတ်ခြောက်ခြားစေရန်နှင့် သြဇာလွှမ်းမိုးမှုရရန် ကြိုးပမ်းမှုများဖြစ်ကြောင်း ပြသလျက်ရှိသည်။ "ဖြတ်လေးဖြတ်" ပေါ်လစီကို ခွဲခြမ်းစိတ်ဖြာ

သုံးသပ် သောအခါ ယင်းအထောက်အထားကို ပိုမိုခိုင်လုံစေသည်။ အဖြစ်အပျက်အများအပြားတွင် အမျိုးသမီးများကို သူမ၏ လင်ယောက်ျားရှေ့မှောက် သို့မဟုတ် မိသားစုဝင်များ၏ ရှေ့မှောက်တွင် အဓမ္မပြုကျူးလွန်ခြင်းသည် လူထုအား စော်ကားခြင်းအပြင် ခြိမ်းခြောက်ခြင်း ဖြစ်ကြောင်းလည်း ရှင်းလင်းစွာ တွေ့ရသည်။

အဖြစ်အပျက် အများအပြားတွင် အဓမ္မပြုကျင့်မှုအပါအဝင် လူ့အခွင့်အရေး ချိုးဖောက်မှုများကို အရပ်သားများအား တိုင်းရင်းသား အဖွဲ့အစည်းများအား ထောက်ခံကြောင်း စွပ်စွဲချက်များအတွက် အပြစ်ပေးသည့် နည်းလမ်းအဖြစ် အသုံးပြုသည်။ မကြာသေးမီက ရရှိသောသတင်းများအရ ၂၀၁၃ ခုနှစ် ဩဂုတ်လအတွင်း ကချင်ပြည်နယ် မြောက်ပိုင်း ကျေးရွာတရွာမှ လူထုကို မြန်မာအစိုးရစစ်တပ်ဖွဲ့များက ပြင်းပြင်းထန်ထန်ကျူးလွန်မှုများအပေါ် KWAT အဖွဲ့က သတင်းထုတ် ပြန်ရာတွင် ကေအိုင်အေနှင့် ပတ်သက်၍ မေးခွန်းမေးမြန်းရန်အတွက် ထိန်းသိမ်းထားသော ရွာသားများထဲမှ တဦး၏ မိန်းမဖြစ်သူကို အရာရှိက အဓမ္မပြုကျင့်ခဲ့သည်။

## ၂။ အဖွဲ့အစည်း တစုံလုံး ကျင့်သုံးမှု

### ဤရာဇဝတ်မှုများ ကျူးလွန်ခြင်းကို တပ်မတော် ထိပ်ပိုင်းမှ အားပေးအားမြှောက်ခြင်း ရှိနေသည်။

အထက်တွင် ဖော်ပြသကဲ့သို့ ဤရာဇဝတ်မှု အများစုကို မြန်မာ့ တပ်မတော်မှ ယူနီဖောင်းဝတ် လက်နက်ကိုင် စစ်သားများက ကျူးလွန်ခြင်းဖြစ်သည်။ စုဆောင်းရရှိသော အချက်အလက်များက လိင်အကြမ်းဖက် ရာဇဝတ်မှု အများအပြားသည် မြန်မာ့တပ်မတော်အတွင်းရှိ အရာရှိ အဆင့်ရှိသူများဖြစ်သည့် ဗိုလ်ကြီးများ၊ တပ်မှူးများနှင့် ဗိုလ်မှူးများ ဖြစ်ကြသည်။ မကြာသေးခင် ၂၀၁၃ အောက်တိုဘာလ အတွင်းဖြစ်ပွားသည့် အမှုတွင် ဗိုလ်မှူးချုပ် တဦးပါဝင်သည်။

ယင်းကိုကြည့်ခြင်းအားဖြင့် စစ်တပ်အရာရှိများသည် စစ်သားများ၏ ကျူးလွန်မှုများကို မသိချင်ယောင်ဆောင်ပြီး အရေးယူမှု မပြုရုံသာမက သူတို့၏ အပြုအမူအားဖြင့်လည်း အားပေးအားမြှောက် ပြုလျက်ရှိနေကြောင်း တွေ့ရှိရသည်။ ဤရာဇဝတ်မှုများနှင့် ပတ်သက်၍ အရေးယူမှု မရှိခြင်းသည် စစ်တပ်အရာရှိများအနေဖြင့် သူတို့၏ နောက်လိုက် စစ်သားများအား ၂၀၀၂ ခုနှစ်က SWAN အဖွဲ့က မီးမောင်းထိုးပြခဲ့သည့်အတိုင်း "မုဒိမ်းကျင့်ခွင့်လိုင်စင်" ပေးအပ်လျက်ရှိသည်။

### ကေအိုင်အေနှင့် ပတ်သက်သည်ဟု စွပ်စွဲခံပြီး ဗိုလ်မှူးက အဓမ္မပြုကျင့်

ကချင်ပြည် လွတ်လပ်ရေး အဖွဲ့ (ကေအိုင်အို)နှင့် ငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးမှုများ အတွင်းမှာပင် ၂၀၁၃ခုနှစ်စက်တင်ဘာအစောပိုင်းကမြန်မာအစိုးရတပ်ဖွဲ့များသည်ကချင်ပြည်နယ်မြောက်ပိုင်း ပူတာအိုအနီး အင်ခါးဂါ ကျေးရွာသို့ ဝင်ရောက်စီးနင်းပြီး ကျေးရွာသားများကို ကေအိုင်အေအား ပံ့ပိုးသည်ဟု စွပ်စွဲခဲ့သည်။ ရွာသား ဆယ်ဦးကို ဖမ်းဆီးနှိပ်စက်ခဲ့သည်။ သုံးဦးကို ပစ်သတ်ခဲ့ပြီး ထိန်းသိမ်းထားသူတဦး၏ ဇနီးဖြစ်သူကို အဓမ္မပြုကျင့်ခဲ့သည်။ ထိုအချိန် မှစ၍ ယင်းတပ်ဖွဲ့များ သည် ရွာတွင် တပ်စွဲထားလိုက်ပြီး အရပ်သားများ၏ လှုပ်ရှားမှုများကို ထိန်းချုပ်ထားလိုက်သည်။

ရွာသူကြီးအိမ်တွင် ဖမ်းဆီးထိန်းသိမ်းခံထားရသူများထဲမှ တဦး၏ ဇနီးဖြစ်သူ "မာကော်" (နာမည်ရင်းမဟုတ်) ကို တခြား ရွာသူရွာသားများနှင့်အတူ ဘုရားကျောင်းတွင် ထိန်းသိမ်းထား သည်။ စက်တင်ဘာလ ၂ ရက်နေ့ ညနေ ၇ နာရီတွင် ဘုရားကျောင်းခန်းမတွင် လုံခြုံရေးစောင့် နေသည့် စစ်သားများကို ခမရ (၁၃၈)၏ တပ်မှူးဖြစ်သူ ဗိုလ်မှူး ဇော်ထွန်းဟန်နှင့်တွေ့ပြီး ယောကျ်ားဖြစ်သူအား ပြန်လွှတ်ပေးရန် တောင်းဆိုရန်အတွက် ခွင့်တောင်းခဲ့သည်။ ဗိုလ်မှူး ဇော်ထွန်းဟန်ကို အခြားအိမ်တအိမ်တွင် သွားရောက် တွေ့ဆုံသည့်အခါ အရာရှိက သူမကို ခြိမ်းခြောက်ပြီး ကေအိုင်အေနှင့် အဆက်အသွယ်ရှိကြောင်း စွပ်စွဲပြီး အဓမ္မပြုကျင့်ခဲ့သည်။ သူမ သည် ဘုရားကျောင်းခန်းမသို့ ည ၉ နာရီ အချိန်တွင် ငိုယိုပြီး ပြန်လည်ရောက်ရှိလာသည်။

Source: KWAT[၉၉]

### ဤရာဇဝတ်မှုများကို အာဏာပိုင်များနှင့် အရေးယူမှု ကင်းလွတ်သည့် စနစ်က အားပေးအားမြှောက်ပြုသည်။

ဤရာဇဝတ်မှု ကျူးလွန်သူများအတွက် စည်းမျဉ်းစည်းကမ်းမှာ အရေးယူခံရခြင်းမှ ကင်းလွတ်ခြင်းသာ ဖြစ်သည်။ အပြစ်ပေး အရေးယူမှုများ ရှားရှားပါးပါး အနည်းငယ်သာ ဖြစ်သည်။ WLB အဖွဲ့ဝင် အဖွဲ့အစည်းများအနေဖြင့် လွန်ခဲ့သည့် နှစ်ပေါင်းအနည်းငယ်အတွင်း အဓမ္မပြုကျင့်မှု ကျူးလွန်သော စစ်သားများအပေါ် အရေးယူ အပြစ်ပေးမှု အနည်းငယ် သာရှိသည်ကို သတိပြုမိသည်။[၉၅]

## တရားရုံးတွင် အောင်မြင်သွားသော ရှားရှားပါးပါးအမှု။

### ၁၀ နှစ်အရွယ် မိန်းကလေးအား အဓမ္မပြုကျင့်ခြင်းကြောင့် ဒေါသဖြစ်။

ဖရူဆို - ကယားပြည်နယ် လွိုင်ကော်အနီး ဖရူဆိုမြို့တွင် ၁၀ နှစ်အရွယ် အမျိုးသမီးငယ်အား အဓမ္မပြုကျင့်မှု တခုဖြစ်ပွားခဲ့ခြင်းသည် လူထုအား ဒေါသထွက်စေပြီး စစ်စခန်းအနီးတွင် တည်ရှိသည့်အတွက် ခရိုင်အတွင်း ဆက်လက်ဖြစ်ပွားနေသော လိင်အကြမ်းဖက်မှုများကို ဆန့်ကျင်သည့် ဆန္ဒပြမှု ဖြစ်ပွားခဲ့သည်။ ဆန္ဒပြသူများသည် ယခုအဖြစ်အပျက်ကို အသုံးပြု၍ ကျူးလွန်သူများကို သူတို့၏ ကြမ်းတမ်းသော ရာဇဝတ်များအတွက် ပြင်းထန်စွာ အရေးယူပေးရန် တောင်းဆိုခဲ့ကြသည်။ စစ်စခန်းအနေဖြင့်လည်း စစ်သားများအပေါ် တာဝန်ခံရန် လိုအပ်ကြောင်း မီးမောင်းထိုးပြခဲ့သည်။ ဤကဲ့သို့ ရာဇဝတ်မှုမျိုး ထပ်မံမဖြစ်ပွားစေရန် တားဆီးကာကွယ်ရန်လည်း တောင်းဆိုခဲ့ကြသည်။

ကျူးလွန်သူမှာ သံချပ်ကာတပ်ရင်း အမှတ် (၆၀၀၂) ပျော်ဘွယ်မှ ထွက်ပြေးလာခဲ့သူဖြစ်ပြီး ဖရူဆိုရှိ အမှတ် ၁၄ စစ်သင်တန်းကျောင်း ဆောက်လုပ်ရေးတွင် ဆောက်လုပ်ရေး အလုပ်သမား အဖြစ် လုပ်ကိုင်နေသူဖြစ်သည်။



### ကလေးအား ကျူးလွန်ခြင်း

၂၀၁၃ ခုနှစ် ဇန္နဝါရီလ ၂၄ ရက်နေ့တွင် အသက် (၁၀) နှစ်အရွယ် မိန်းကလေးငယ်တဦးကို ညနေ ကျောင်းဆင်းချိန်တွင် အစ်မနှင့်သိသည်ဟု ဟန်ဆောင်ကာ ပစ္စည်းကိုဈေးဆိုင်တွင်လိုက်ယူရန် လှည့်ဖျားခေါ်ဆောင်သွားခဲ့သည်။ အစ်မဖြစ်သူက ကလေးငယ်အား ကြိုရန်စေခိုင်းလိုက်ကြောင်း အယုံသွင်းပြီးနောက် ဝေးလံသော သချိုင်းတခုသို့ ပါးစပ်ပိတ်ခေါ်ဆောင်သွားပြီး ဓါးဖြင့်ထောက်ကာ သတ်ပစ်မည်ဟု ခြိမ်းခြောက်ပြီး တညလုံး အဓမ္မပြုကျင့်ခဲ့သည်။

ထိုညနေတွင် ကလေးမလေး ပျောက်ဆုံးနေကြောင်း သတိပြုမိသည့် မိဘများက အနီးအနားအိမ်များကို လိုက်လံရှာဖွေပြီး ထိုနေ့အစောပိုင်းက သမီးဖြစ်သူနှင့် ဆော့ကစားခဲ့သော အခြားကလေးများအားလည်း တွေ့ဆုံမေးမြန်းခဲ့သည်။ သမီးဖြစ်သူ၏ သူငယ်ချင်းတဦးက မမှတ်မိသည့် ယောကျ်ားတဦးနှင့် ထွက်သွားသည်ကို တွေ့ရှိပြီးနောက်ပိုင်း မတွေ့တော့ကြောင်း ပြောပြသည်။

နောက်တနေ့မွန်းလွဲပိုင်းတွင် ဆိုင်ကယ်သမားသုံးဦးက လွိုင်ကော်သို့သွားသော အဝေးပြေးလမ်းမပေါ်တွင် မိန်းကလေးကို တွေ့ရှိခဲ့သည်။ သူတို့က မုဒိမ်းသမားက ကလေးငယ်၏ ခန္ဓာကိုယ်ကို ကားပျက်တခု အတွင်း ထားရှိရန် ကြိုးပမ်းနေသည်ကို တွေ့ရှိခဲ့ပြီး ရဲကို ချက်ချင်းအကြောင်းကြားခဲ့သည်။ ရဲစခန်းကို ဖမ်းဆီးခေါ်ဆောင်လာပြီးနောက်တွင် ကလေးငယ် မည်သူမည်ဝါဖြစ်သည်ကို ဖော်ထုတ်နိုင်ခဲ့ပြီး ကျူးလွန်သူက သူမည်သို့ ကျူးလွန်ခဲ့ကြောင်း ဝန်ခံခဲ့သည်။ ကလေးငယ် ခေါ်ဆောင်သွားခံရစဉ်က ကလေးနှင့် အတူရှိသော သူငယ်ချင်းက ရဲစခန်းသို့ လာရောက်ခဲ့ပြီး ကျူးလွန်သူကို ညွှန်ပြခဲ့သည်။

မိန်းကလေးငယ်ကို ပြန်လည်တွေ့ရှိချိန်တွင် ရိုက်နှက်မှုနှင့် ဓါးဖြင့် လှီးထားသောကြောင့် နောက်ကြောနှင့် မျက်နှာတွင် ဒဏ်ရာများတွေ့ရှိရသည်။ ကလေးငယ်ကို စစ်ဆေးနိုင်ရန်အတွက် ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။ သူမဆေးရုံသို့ ရောက်ရှိချိန်တွင် သူမသည် ကြောက်လန့်နေပြီး လမ်းမလျှောက်နိုင်ပဲ ရှိသည်ဟု ဆရာဝန် အစီရင်ခံစာတွင် ရေးသားထားသည်။ သားအိမ်ခေါင်းနှင့် မိန်းမကိုယ်တွင်လည်း အဓမ္မပြုကျင့်မှုကြောင့် သွေးခြေများဥနေသည်။ သူမကို ဆေးရုံတွင် သုံးရက် တင်ထားရပြီး နောက်ပိုင်း တလကြာ ဆေးကုသခဲ့ရသည်။

Source: WLB[၄၆]

အမှုအများစုမှာ ပြစ်ဒဏ်ပေးခြင်းမခံရပဲ ရှိသည်။ စစ်တပ်နှင့် တရားရေး အာဏာပိုင်များသည် အပြစ်ပေးမှုမှ ကင်းလွတ်သည့်စနစ်ကို တက်ကြွစွာ ထိန်းသိမ်းထားကြသည်။ နိုင်ငံတကာ ရာဇဝတ်မှုတရားရုံးက ၂၀၀၉ ခုနှစ်တွင် ဖော်ပြခဲ့သည့် အတိုင်း "ကျူးလွန်သူများအတွက် ကင်းလွတ်ခွင့် တစုံတရာ အတိုင်းအတာကို ရရှိနေသည်။ ယင်းမှာ ဖွဲ့စည်းတည်ဆောက်ပုံက ယင်းအမှုအကျင့်များကို ပံ့ပိုးထားကြောင်း ဖော်ပြနေသည်။"[၄၇]

စစ်သားများအနေဖြင့် မကြာခဏ လွတ်လပ်ပွင့်လင်းစွာ တခါတရံတွင် စုပေါင်း၍ လုပ်ဆောင်မှုကို ကြည့်ခြင်းအားဖြင့် အပြစ်ပေး အရေးယူခံရမည်ကို ကြောက်လန့်ခြင်း မရှိကြောင်း ပြသနေသည်။ တည်ဆဲစနစ်က သူတို့၏ အပြုအမူကို ကာကွယ်ပေးထားမှုအပေါ် ယုံကြည်ချက် အပြည့်ရှိနေကြသည်။

အမှုမှန်ပေါ်ပေါက်ရေးအတွက် ကြိုးပမ်းမှုများသည် ကြောက်လန့်နေသည့် ယေဘုယျအခြေအနေနှင့် တရားရေး စနစ်ကို မယုံကြည်မှုများအပြင် လစ်လျူရှုခြင်း သို့မဟုတ် တန်ပြန်ခြင်းများ ခံနေရပါသည်။ ခြောက်လှန့်ခြင်း၊ နှိပ်စက်ခြင်း သို့မဟုတ် တရားမဝင် ဖမ်းဆီးထိန်းသိမ်းခြင်းများဖြင့် တိုင်တန်းမှုများကို ဆိတ်ငြိမ်စေခြင်းသည် ပုံမှန် လုပ်ထုံးလုပ်နည်း ဖြစ်နေသည်။

## "မိန်းမတွေကို မုဒိန်းကျင့်ဖို့ ငါတို့မှာ အာဏာရှိတယ်"

၂၀၁၂ ခုနှစ် နိုဝင်ဘာ ၂၇ ရက်နေ့တွင် ပူတာအို မြို့နယ်အတွင်းရှိ ကျေးရွာတရွာမှ အသက် ၂၆ နှစ် အရွယ် အမျိုးသမီး တဦးသည် သူမ၏ ယာတောထဲတွင် ပူတာအိုအနီး တပ်စွဲထားသော အမိန့်ပေး တပ်စခန်း (၃၃)မှ မြန်မာစစ်သားများ၏ အုပ်စုလိုက် အဓမ္မပြုကျင့်ခြင်း ခံခဲ့ရသည်။

"အားမီ" (နာမည်ရင်းမဟုတ်) သည် အိမ်ထောင်သည်ဖြစ်ပြီး ကလေးနှစ်ဦး၏ မိခင်ဖြစ်သည်။ သူမသည် ခင်ပွန်းဖြစ်သူနှင့်အတူ ယာတောကို ကြည့်ရှုရန် သွားရောက်ခဲ့သည်။ သူတို့ယာတဲသို့ စစ်သား ၇ ဦး ရောက်လာပြီး ယောကျ်ားဖြစ်သူအား တခြားသို့ သွားရန်နှင့် သူတို့အတွက် ဆေးလိပ်ဝယ်လာရန် မွန်းလွဲ ၃ နာရီ ၂၅ မိနစ်ခန့်တွင် ပြောသည်။ သူမရှိသည့်အချိန်တွင် အားမီကို သူတို့ အုပ်စုလိုက် အဓမ္မပြုကျင့်ကြသည်။ တယောက်က ဦးခေါင်းကို ကိုင်ထားပြီး တခြားတယောက်က ခြေထောက် များကို ချုပ်ထားသည်။ ထို့နောက် တယောက်တလှည့် အဓမ္မပြုကျင့်ကြသည်။ ယောကျ်ားဖြစ်သူ ၄ နာရီ ၁၅ မိနစ်ခန့်တွင် ပြန်ရောက်လာသောအခါ အဓမ္မပြုကျင့်ခဲ့မှုကို တိုင်ကြားပါက သတ်ပစ်မည်ဟု စစ်သားများက ခြိမ်းခြောက်ကြသည်။ သူတို့က သူ့ကို "တခြားလူတွေကို ပြောပြရင်တောင် ဘယ်သူကမှ အရေးယူမှာ မဟုတ်ဘူး။ ငါတို့မှာ မိန်းမတွေကို အဓမ္မပြုကျင့်ကျင့်ပိုင်ခွင့် ရှိတယ်။" ဟု ပြောခဲ့သည်။

ထိုလင်မယားက အဆိုပါ ရာဇဝတ်မှုကို ရွာလူကြီးအား တိုင်ကြားခဲ့သည်။ သို့သော်လည်း သူက တစုံတရာ အရေးယူ ဆောင်ရွက်ပေးခြင်းမရှိပါ။ အဖြစ်အပျက် နောက်ပိုင်းတွင် အားမီသည် ဆိုးဆိုးရွားရွား နာမကျန်းဖြစ်ခဲ့သည်။

Source: KWAT [၄၈]

အချို့သော အမှုများတွင် ကျူးလွန်ခံရသူ၏ မိသားစုကို တိတ်တိတ်နေရန် ငွေကြေးအနည်းငယ်ပေးခြင်းမျိုးလည်း ရှိသည်။ ဤသို့ ပေးအပ်သည့် လျော်ကြေးမှာ ကျူးလွန်သော ပြစ်မှုအတွက် ထိုက်တန်သည့် ပေးဆပ်မှုမျိုးဖြစ်သည် ဟု မယူဆနိုင်ပါ။ အထူးသဖြင့် ကျူးလွန်သူများကို တခြားသော နည်းလမ်းများဖြင့် အရေးယူခြင်း မပြုနိုင်သည့် အခြေအနေများတွင် ဖြစ်သည်။

### ၈ နှစ်သမီးလေး။ သူပြန်လာပြီး ပိုက်ဆံများဖြင့် ပစ်ပေါက်ခဲ့သည်။

အဖြစ်အပျက်မှာ ရှမ်းပြည်နယ် မြောက်ပိုင်း သီပေါမြို့နယ်တွင် ၂၀၁၃ ခုနှစ် ဧပြီလ ၁၄ ရက်နေ့တွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ခြေလျင်တပ်ရင် ၁၇ မှ စစ်သား တဦးက အဖိုးအဖွားများနှင့် အတူနေသော ၈ နှစ်အရွယ် ကလေးငယ်ကို အဓမ္မပြုကျင့်ခဲ့ခြင်းဖြစ်သည်။ သူ့မိဘများပြန်လာသောအခါ ကလေးငယ်မှာ ငိုနေပြီး တုန်နေသည်ကို တွေ့ခဲ့ရသည်။ စစ်သားက ပြန်လာပြီး မြန်မာကျပ်ငွေ ၅ သောင်းကို ပစ်ပေးခဲ့သည်။

Source: SWAN[၄၉]

### သတင်းမပြန့်ဖို့အတွက် ငွေ ၁ သိန်း

၂၀၁၂ ခုနှစ် ဇွန်လ ၁၅ ရက်နေ့တွင် တပ်မတော်မှ စစ်သား ၂၇ ယောက်ပါသော စစ်ကြောင်း တကြောင်းသည် ဖာပွန်မြို့နယ် ဒွဲလိုခရိုင်အတွင်းရှိ ကျေးရွာတရွာသို့ ဝင်ရောက်လာပြီး တညတာ စခန်းချခဲ့သည်။ ၂၀၁၂ ခုနှစ် ဇွန်လ ၁၆ ရက်နေ့ ည ၁၁ နာရီအချိန် ရွာသားအများစု အိပ်မောကျနေသည်။ ထိုအချိန်တွင် ဒု-စစ်ကြောင်းမှူး မိုးဝင်းသည် နော်စီ.... ၏ အိမ်သို့ သွားရောက်ခဲ့ပြီး သူမ၏ အိပ်ခန်းအတွင်း ဝင်ရောက်ခဲ့သည်။ ဘာမှ မပြောပဲ နော်စီ... ၏ ထမိန်ကို လှန်လိုက်သည်။ ထိုအချိန်တွင် နော်စီ.... မှာ လူပ်ရှားရန်ကြိုးပမ်းစဉ် သူမကလေးငယ်က ငိုသည်။ ရှေ့ခန်းတွင် အိပ်ပျော်နေသော ယောက်ျားဖြစ်သူနိုးလာပြီး ကလေးငိုသံ မကြားဘူးလားဟု သူမအားမေးသည်။ ယောက်ျားဖြစ်သူ ပြောဆိုသံကို မိုးဝင်းကြားသောအခါ သူထွက်ပြေးရန် ကြိုးစားသည်။ ထိုအချိန်တွင် နော်စီ... က သူမအခန်းတွင် လူတယောက်ဝင်နေကြောင်း အော်သည်။ ထို့ကြောင့် ယောက်ျားဖြစ်သူက အခန်းတွင်းဝင်လာသည့်အခါ မီးဖိုဘေးတွင် ထိုင်နေသော မိုးဝင်းကို တွေ့သည်။ ယောက်ျားဖြစ်သူက မိန်းမဖြစ်သူကို ကြည့်ရှုရန်သွားသည့်အချိန်တွင် မိုးဝင်း ထွက်ပြေးသွားခဲ့သည်။ မနက်လင်းသောအခါ ယောက်ျားဖြစ်သူက စစ်ကြောင်းမှူး စိုးဝဏ္ဏအား သွားရောက်တွေ့ဆုံပြီး အမှုအား တိုင်ကြားခဲ့သည်။ စစ်ကြောင်းမှူးစိုးဝဏ္ဏက သူ့အား အဖြစ်အပျက်နှင့် ပတ်သက်၍ အခြားသူများအား မပြောရန် ပြောခဲ့သည်။ သူတို့အတွက် လျော်ကြေး ၂ သိန်းပေးမည်ဟု ပြောသည်။ ထို့နောက် စိုးဝဏ္ဏက ကတိဖျက်ပြီး ငွေ ၁ သိန်းပဲ ပေးခဲ့သည်။ ကျန်ငွေ ၁ သိန်းမှာ ယခုထိ မရရှိသေးပါ။

Source: KHRG[၅၀]

## ၃။ ကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးနေသည့် လက္ခဏာ

တိုင်းရင်းသား အမျိုးသမီးများအပေါ် လိင်အကြမ်းဖက်မှုများသည် မတူညီသော ပထဝီ နေရာဒေသများတွင် မတူညီသော မြန်မာ့တပ်မတော် တပ်ရင်းအများအပြားက ကျူးလွန်နေသဖြင့် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်လျက်ရှိသည်။

လွန်ခဲ့သည့် ၃ နှစ်အတွင်း မြို့နယ် ၃၅ ခု တွင် ဖြစ်ပွားခဲ့ကြောင်း မှတ်တမ်းတင်ရရှိခဲ့ပြီး တပ်ရင်းပေါင်း ၃၈ ခုမှ စစ်သားများ ပါဝင်ကျူးလွန်ခဲ့သည်။ တပ်ရင်း အချို့သည် အမှု ၂ မှု သို့မဟုတ် ၃ မှုခန့် ကျူးလွန်ရာတွင် ပါဝင်သည်။

ဤအစီရင်ခံစာသည် အစိုးရသစ်တက်ပြီးနောက်ပိုင်း အဖြစ်အပျက်များကို အဓိက အသားပေးထားသော်လည်း စစ်တပ်မှ အမျိုးသမီးများအပေါ် လိင်အကြမ်းဖက်မှု ကျူးလွန်မှုများသည် ဆယ်စုနှစ်များစွာ ရှိခဲ့ပြီဖြစ်သည်။ ဦးသိန်းစိန် အစိုးရလက်ထက်တွင်လည်း ယခင်အစိုးရများလက်ထက်ကနည်းတူ တပုံစံတည်း ဆက်လက်ဖြစ်ပွားလျက်ရှိနေသည်။

## ၄။ ထိုးစစ်များ၊ သဘာဝသယံဇာတ ထိန်းချုပ်မှုများနှင့် ဆက်စပ်မှု

### တပ်မတော် ထိုးစစ်များနှင့် ဆက်စပ်မှု

WLB အဖွဲ့ဝင် အဖွဲ့အစည်းများက ကောက်ယူရရှိသော အချက်အလက်များက စစ်သားများ၏ အဓမ္မပြုကျင့်မှုနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ကျူးလွန်မှုများသည် တပ်မတော် ထိုးစစ်ကာလာများတွင် ပိုမိုများပြားသည်ကို ပြသနေသည်။ ဤအစီရင်ခံစာတွင် မှတ်တမ်းတင်ထားသော အမှုအခင်းများသည် မြန်မာ့တပ်မတော် ထိုးစစ်ကာလများတွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ အဓမ္မပြုကျင့်မှု ဖြစ်ပွားချိန်နှင့် ထိုးစစ်များနှင့် တိုက်ပွဲများ ဖြစ်ပွားချိန်တို့ ဆက်စပ်လျက် ရှိနေသည်။ အထက်တွင် ဖော်ပြထားသကဲ့သို့ပင် လိင်အကြမ်းဖက်မှု အများအပြားသည် နှိပ်စက်ညှင်းပမ်းခြင်း၊ သတ်ဖြတ်ခြင်းနှင့် ရွာများကို စီးနင်းခြင်းစသည့် ကျယ်ပြန့်သော ချိုးဖောက်မှုများအတွင်းတွင် ဖြစ်ပွားလေ့ရှိသည်။ အောက်တွင် ဖော်ပြထားသော အဖြစ်အပျက်သည် ဤပုံစံအဖြစ်အပျက်၏ ထင်ရှားသော နမူနာပုံစံဖြစ်သည်။ အဖြစ်အပျက်သည် ၂၀၁၁ ခုနှစ် မတ်လတွင် အစိုးရ စစ်တပ်များက တည်ရှိနေသော အပစ်အခတ်ရပ်စဲရေးကို ချိုးဖောက်ပြီး တိုက်ပွဲများ ပြန်လည် ဖြစ်ပွားသည့် အချိန်အတွင်းတွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ထို့မှတပါး ပလောင်အမျိုးသမီး အစည်းအရုံး PWO က မီးမောင်းထိုးပြသကဲ့သို့ပင် မြန်မာစစ်တပ် ရှေ့တန်းစစ်စခန်းများ တည်ရှိခြင်းသည် အမျိုးသမီးအိုးအိမ်မဲ့ ဒုက္ခသည်များအတွက် လုံခြုံရေး အန္တရာယ်ကို ပိုမိုကြီးမားစေသည်။ ယင်းတို့တွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အန္တရာယ်လည်း ပါဝင်သည်။[၅၁]

# ပဋိပက္ခရှိနေသည့် ဒေသတွင်း အစမ္မပြုကျင့်ခြင်း ခံခဲ့ရသောဒေသများပြမြေပုံ



**ရွာအတွင်း တပ်ရင်းဝင်လာပြီး အဓမ္မကျင့်မှု အများအပြားဖြစ်ပွား**

၂၀၁၁ ခုနှစ် ဇူလိုင် ၅ ရက်တွင် ပင်လုံ အခြေစိုက် ခြေမြန်တပ်ရင်း (၅၁၃) သည် ကျေးသီးမြို့နယ်အတွင်းရှိ ကျေးရွာတရွာသို့ ဝင်ရောက်လာပြီး အမျိုးသမီး ၃ ဦး နှင့် ၁၂ နှစ်အရွယ် မိန်းမငယ်တဦးကို အဓမ္မပြုကျင့်ခဲ့သည်။ ကလေးငယ်မှာ မိခင်ဖြစ်သူ၏ အရှေ့တွင်ပင် အဓမ္မပြုကျင့်ခံရခြင်း ဖြစ်သည်။ အမျိုးသမီး ၃ ဦးထဲမှ တဦးမှာ ကိုယ်ဝန် ၉ လ အချိန်တွင် အဓမ္မပြုကျင့်ခံရခြင်းဖြစ်ပြီး နောက်ဆုံးအမျိုးသမီးကိုမူ ရွာပြင်တွင် ကိုယ်တုံးလုံးချွတ်ကာ ရိုက်နှက်ပြီး အဓမ္မပြုကျင့်ခဲ့ခြင်း ဖြစ်သည်။

Source: SWAN[၅၂]

## သဘာဝ သယံဇာတများနှင့် ဆက်စပ်မှု

မြန်မာနိုင်ငံ၏ လက်နက်ကိုင် ပဋိပက္ခများသည် ယခင်ကာလများကတည်းကစ၍ ယခုအချိန်ထိတိုင်အောင်ပင် သယံဇာတ ပေါကြွယ်ဝသော တိုင်းရင်းသားဒေသများကို ထိန်းချုပ်နိုင်ရေးနှင့် နီးကပ်စွာ ဆက်စပ်နေသည်မှာ လူအများအသိဖြစ်သည်။ ယင်းကို ၂၀၁၃ ခုနှစ် စက်တင်ဘာလအတွင်းက အထူးကိုယ်စားလှယ်က ကုလသမဂ္ဂ အထွေထွေ ညီလာခံသို့ တင်သွင်းသော အစီရင်ခံစာတွင် မီးမောင်းထိုးဖော်ပြထားသည်။[၅၃]

ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းတွင် ၂၀၁၁ ခုနှစ်မှ စတင်ခဲ့သော တိုးစစ်သစ်များသည် သယံဇာတ ကြွယ်ဝသော ကချင်နှင့် ရှမ်းဧရိယာများကို ထိန်းချုပ်ရန် ကြိုးပမ်းမှုများနှင့် ဆက်စပ်နေသည်ဟု ကျယ်ကျယ်ပြန့်ပြန့် အစီရင်ခံမှုများ ရှိနေသည်။ ယင်းတို့တွင် တရုတ်ဦးဆောင်သော ရေကာတာစီမံကိန်းများ တည်ဆောက်နေခြင်းနှင့် ရွှေဂက်စ်စီမံကိန်းနှင့် ရေနံပိုက်လိုင်း တည်ရှိရာဒေသများပါဝင်သည်။[၅၄] မကြာသေးမီက ထပ်မံရရှိသော သတင်းများအရ ၂၀၁၃ ခုနှစ် စက်တင်ဘာလအတွင်း အရပ်သားများအပေါ် ကျယ်ကျယ်ပြန့်ပြန့် ချိုးဖောက်မှုများ ဖြစ်စေခဲ့သော စစ်ဆင်ရေးသည် “ကချင်ပြည်နယ်မြောက်ပိုင်း သစ်နှင့် သတ္တု ကြွယ်ဝသော ဒေသများကို စိုးမိုးနိုင်ရေးနှင့် တိုက်ရိုက် ဆက်စပ်လျက်ရှိသည်။ အင်ခါးဂါရွာသည် တရုတ်နယ်စပ်မှ ဘီလီယံနာဦးတေဇအား ချပေးထားသည့် စီးပွားလုပ်ကွက် နေရာများသို့ လမ်းသစ်ဖောက်လုပ်နေသည့် လမ်းကြောင်းပေါ်တွင် တည်ရှိနေသည်” ဟု KWAT က ဖော်ပြထား သည်။[၅၅]

ဤပုံစံများ ရှိနေခြင်းကြောင့် WLB အနေဖြင့် ဆက်လက်ဖြစ်ပွားနေသည့် ပဋိပက္ခဒေသများတွင် လိင်အကြမ်းဖက်မှု များသည် စနစ်တကျနှင့် အဖွဲ့အစည်းများ၏ သဘောသဘာဝအရ ဖြစ်နေဆဲဖြစ်သည်ဟု ယုံကြည်သည်။ အတိတ် ကာလကကဲ့သို့ပင် တပ်မတော်၏ စစ်ဆင်ရေးများတွင် ဗဟိုပြုဖြစ်ပွားလျက်ရှိနေသည်။ ဤအကြောင်းအချက် အချို့သည် ဤရာဇဝတ်မှုများ၏ တရားဝင် အရည်အသွေးများအပေါ် သက်ရောက်မှုရှိနေသည်။

## ဂ။ ဥပဒေကြောင်း သုံးသပ်ချက်။ ပြင်းထန်သော ရာဇဝတ်မှုများ

နိုင်ငံတကာ ရာဇဝတ်တရားရုံး၏ ရောမကျေညာချက်အရ လိင်အကြမ်းဖက်မှု အပြုအမူများ၏ ရွံရှာဖွယ် သဘာဝ သည် "နိုင်ငံတကာ အသိုင်းအဝိုင်း တခုလုံးအတွက် အဆိုးရွားဆုံး အပြင်းထန်ဆုံး ရာဇဝတ်မှုများ" ဖြစ်သည်။[၅၆] သို့ရာတွင် နိုင်ငံတကာ ဥပဒေများတွင် လိင်အကြမ်းဖက်မှု ရာဇဝတ်မှုများကိုသာ ရှုတ်ချထားခြင်း မဟုတ်ပဲ မြန်မာနိုင်ငံ ဥပဒေတွင်လည်း တားမြစ်ထားသည်။ သို့ရာတွင် ထိရောက်မှုမရှိပဲ ဖြစ်နေသည်။ ပြည်တွင်း ဥပဒေပြုမှု များသည် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ကိုက်ညီရန် လိုအပ်ပြီး ယင်းအပြုအမူကဲ့သို လူ့အခွင့်အရေးကို ဆိုးရွားစွာ ချိုးဖောက်မှုများနှင့် စစ်ရာဇဝတ်မှုများနှင့် လူသားဖြစ်မှုကို ဆန့်ကျင်သည့် ရာဇဝတ်မှုများကို တားမြစ်ရန် လိုအပ်သည်။

### ၁။ ပြည်တွင်း ဥပဒေ

မြန်မာနိုင်ငံ ဥပဒေတွင် အဓမ္မပြုကျင့်မှုကို ရာဇဝတ်မှုအဖြစ် သတ်မှတ်သည်။ မြန်မာရာဇသတ်ကြီး ပုဒ်မ ၃၇၅ နှင့် ပုဒ်မ ၃၇၆ တို့အရ တရားရုံးများသည် အပြစ် ကျူးလွန်သူများကို ထောင်ဒဏ် တသက်တကျွန်းအထိ ချမှတ် နိုင်သည်။

ထိုမျှသာမက ယခင်အစိုးရများက ကာကွယ်ရေးဌာနများ ဥပဒေနှင့် ကာကွယ်ရေးဌာနများ စည်းမျဉ်းစည်း ကမ်းများကို မြန်မာအစိုးရစစ်သားများ အဓမ္မပြုကျင့်မှုကျူးလွန်ခြင်းမှ တားမြစ်နိုင်ရန် ကျင့်သုံးခွင့်ရှိသော ဥပဒေ များအဖြစ် ထုတ်ပြန်ခဲ့သည်။ ယင်းတွင် "တပ်မတော် တပ်ရင်းတပ်ဖွဲ့ အသီးသီးမှ တပ်ဖွဲ့ဝင်များသည် လူသတ်မှု သို့မဟုတ် အဓမ္မပြုကျင့်မှုကို ကျူးလွန်ပါက အမြင့်ဆုံး အပြစ်ဒဏ်အဖြစ် သေဒဏ်အထိ ကျခံစေရမည်။"[၅၇]

ယခင်က ပြောဆိုခဲ့သည့် အတိုင်းပင် WLB သည် အဓမ္မပြုကျင့်မှုကို တားမြစ်သော ပြည်တွင်း ဥပဒေများသည် အကန့်အသတ်ရှိပြီး လက်ရှိအခြေအနေနှင့် ကိုက်ညီခြင်း မရှိသည့်အပြင် အသုံးပြုခြင်းမှာလည်း ရှားပါး လှသည်ဟု မြင်သည်။[၅၈] တရားစီရင်ရေးစနစ်သည် ဆန္ဒမရှိခြင်း သို့မဟုတ် ဤအစီရင်ခံစာတွင်ပါရှိသော အမှုများအတွက် တာဝန်ရှိသော စစ်သားများ၊ အရာရှိများကို အရေးယူနိုင်ခြင်း မရှိပဲဖြစ်နေသည်။ ဤအချိန် တွင် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာ ဥပဒေများနှင့် ကိုက်ညီသော အမျိုးသမီးများအပေါ် ကာကွယ်သည့် ဥပဒေသစ်များကို လက်ခံပြဌာန်းသင့်ပါသည်။

## ၂။ နိုင်ငံတကာ ဥပဒေ

မြန်မာနိုင်ငံသည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို တားဆီးမှုများပါဝင်သော နိုင်ငံတကာ သဘောတူစာချုပ်အများအပြားကို လက်ခံလက်မှတ်ရေးထိုးထားသော နိုင်ငံဖြစ်သည် (၎င်းအကြောင်းအရာနှင့် ပတ်သက်ပြီး အောက်တွင်ဆက်လက်ရှင်းပြထားပါသည်)။ ထိုမျှသာမက မြန်မာနိုင်ငံသည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို တားဆီးထားသော နိုင်ငံတကာ ဓလေ့ထုံးတမ်းဥပဒေ၏ စံချိန်စံညွှန်းများနှင့် လည်း အကျုံးဝင်နေသည်။ ယင်းနိုင်ငံများသည် လိင်အကြမ်းဖက်မှု ရာဇဝတ်များကို စုံစမ်းစစ်ဆေးရန်၊ ကျူးလွန်သည့် တာဝန်ရှိသူများကို ထိန်းသိမ်းအရေးယူရန်နှင့် အကျူးလွန်ခံရသူများကို ထိရောက်သော အကူအညီများပေးရန် တာဝန်ရှိသည်။[၅၉] အထူးသဖြင့် မြန်မာနိုင်ငံသည် နိုင်ငံတကာ ကြက်ခြေနီအဖွဲ့က ဖော်ပြထားသော နိုင်ငံတကာ လူသားချင်း စာနာထောက်ထားသည့် ဓလေ့ထုံးတမ်းဥပဒေနှင့် အကျုံးဝင်သည်ဟု WLB က ယူဆသည်။[၆၀] နိုင်ငံတကာ ရာဇဝတ်မှု ခုံရုံး (အိုင်စီစီ) ၏ ရောမ ကြေညာချက်သည် နိုင်ငံတကာ ရာဇဝတ်မှု ဥပဒေများ၏ ရေးသားချက်များအတွက် ဓလေ့ထုံးတမ်းအရ စံချိန်စံညွှန်းများအဖြစ် အသုံးပြုသည်ဟု ယူဆသည်။

### လူ့အခွင့်အရေး ချိုးဖောက်မှုအဖြစ် လိင်အကြမ်းဖက်မှုများ

အတင်းအဓမ္မပြုကျင့်မှု အပါအဝင် လိင်အကြမ်းဖက်မှုသည် လူ့အခွင့်အရေး ချိုးဖောက်မှု ဖြစ်ပြီး အောက်ပါအတိုင်း အဓိပ္ပါယ် ဖွင့်ဆိုထားသည်။ အစိုးရ တာဝန်ရှိသူ တဦးတယောက်သည် လိင်ပိုင်းဆိုင်ရာ ခြိမ်းခြောက်မှု၊ တိုက်ခိုက်မှု၊ ကြားဝင်ဆောင်ရွက်မှုနှင့် အမြတ်ထုတ်မှုပုံစံအားလုံး အပါအဝင် ကာယကံရှင် သဘောမတူပဲ သို့မဟုတ် အတင်းအကြပ်ပြုလုပ်သော လိင်ပိုင်းဆိုင်ရာ လုပ်ဆောင်ချက်ဖြစ်သည်။[၆၁]

မြန်မာနိုင်ငံသည် လိင်အကြမ်းဖက်မှု အပြုအမူ တားဆီးရေးဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် အများအပြားကို လက်မှတ်ရေးထိုးထားပြီး ယင်းစာချုပ်များအရ အဖွဲ့ဝင်နိုင်ငံများသည် နိုင်ငံအတွင်းနေထိုင်သူများကို အဆိုပါ အပြုအမူများမှ ကာကွယ်ရမည်ဖြစ်ပြီး ကျူးလွန်သူများကို အရေးယူရမည်ဖြစ်သည်။ ယင်းတို့မှာ ကုလသမဂ္ဂ လူ့အခွင့်အရေးကြေညာစာတမ်း (UDHR)၊ အမျိုးသမီးများအပေါ် နည်းမျိုးဆုံးဖြင့် ခွဲခြားဆက်ဆံမှုများ ဖယ်ရှားရေးစာချုပ် (CEDAW)၊ ကလေးအခွင့်အရေး သဘောတူညီချက် (CRC) နှင့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်၏ ၁၉၂၉ ခုနှစ် အတင်းအဓမ္မ လုပ်အားခိုင်းစေခြင်း သဘောတူစာချုပ်တို့ ဖြစ်သည်။

ယခင် WLB အစီရင်ခံစာများတွင် မှတ်ချက်ပြုထားသည့်အတိုင်း[၆၂] အမျိုးသမီးများအား နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုများ ဖယ်ရှားရေး ကြေညာချက် (၁၉၉၃) ပုဒ်မ ၄ (ဂ) တွင် ဖော်ပြထားသည်မှာ နိုင်ငံများသည် "နိုင်ငံတော်ကဖြစ်စေ သို့မဟုတ် ပုဂ္ဂိုလ်တဦးတယောက်ကဖြစ်စေ ကျူးလွန်သော အမျိုးသမီးများအပေါ် အကြမ်းဖက်မှု အပြုအမူများကို ကာကွယ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် ပြည်တွင်းဥပဒေများနှင့်အညီ အပြစ်ပေးအရေးယူခြင်းများကို လုပ်ဆောင်ရမည်"။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာ အထူးကိုယ်စားလှယ်က ထပ်မံ၍ မှတ်ချက်ပြုသည်မှာ နိုင်ငံများ အနေနှင့် နိုင်ငံသားများအပေါ် ဥပဒေနှင့်အညီ တူညီသော ကာကွယ်မှုများပေးရန် အာမခံရမည်။ အကယ်၍ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကို နိုင်ငံတခုခုက စနစ်တကျ၊ ခွဲခြားဆက်ဆံမှုဖြင့် အရေးမယူခြင်းများရှိပါက ထိုနိုင်ငံသည် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေအရ တာဝန်ရှိမှုကို ချိုးဖောက်ခြင်းပင် ဖြစ်သည်။

ဤအစီရင်ခံစာတွင်ပါသော အမှုများနှင့် သတင်းအချက်အလက်များသည် လိုက်နာစောင့်ထိန်းရမည့် လူ့အခွင့်အရေးအချက်များကို ရှင်းလင်းစွာ ဖောက်ဖျက်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ နိုင်ငံတကာဆိုင်ရာ ကတိကဝတ်များကို ချိုးဖောက်ခြင်းလည်း ဖြစ်သည်။ အစိုးရအနေဖြင့် ယင်း၏ နိုင်ငံတွင်းဥပဒေများကို တာဝန်ခံထားသော နိုင်ငံတကာ သဘောတူညီချက်များနှင့် အခြားသော နိုင်ငံတကာ ဥပဒေ စံချိန်စံညွှန်းများနှင့် ကိုက်ညီအောင် လုပ်ဆောင်ရန် တာဝန်ရှိသည်။ ထို့နောက် ထိုကဲ့သို့သော ချိုးဖောက်မှုများကို မိမိတို့နိုင်ငံမှ အမျိုးသမီးများ မခံစားရအောင် ကာကွယ်ပေးရန် တာဝန်ရှိ သည်။ အစဦးအနေဖြင့် ပဋိပက္ခများအတွင်း လိင်အကြမ်းဖက်မှုများ အဆုံးသတ်ရေး ကတိကဝတ်ကြေညာချက်ကို လက်မှတ်ရေးထိုးရမည်။

## ကုလသမဂ္ဂ လုံခြုံရေး ကောင်စီ ဆုံးဖြတ်ချက်အား ချိုးဖောက်ခြင်း

အစိုးရအနေဖြင့် လိင်မှုဆိုင်ရာ အကြမ်းဖက်မှု ရာဇဝတ်ပြစ်မှုများကို ဖြေရှင်းရန် ပျက်ကွက်ခြင်းသည် လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် အများအပြားကို သွယ်ဝိုက်၍ ချိုးဖောက်ရာ ရောက်သည်ကို သတိပြုရန် အရေးကြီးပါသည်။ အထူးသဖြင့် ၂၀၀၀ ခုနှစ် အောက်တိုဘာ ၃၁ ရက်က ချမှတ်သော အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ဆုံးဖြတ်ချက် အမှတ် ၁၃၂၅ ဖြစ်သည်။[၆၃] လုံခြုံရေးကောင်စီက တောင်းဆိုထားသည်မှာ "ပဋိပက္ခနှင့် သက်ဆိုင်သော အဖွဲ့အစည်းအားလုံးအနေဖြင့် ပဋိပက္ခအခြေအနေအတွင်းတွင် အမျိုးသမီးများနှင့် မိန်းကလေးများအား လိင်ကွဲပြားမှုအခြေပြု အကြမ်းဖက်မှုများ အထူးသဖြင့် အဓမ္မပြုကျင့်မှုနှင့် အခြားသော လိင်ပိုင်းဆိုင်ရာ ချိုးဖောက်မှုများမှ ကာကွယ်ရန် အထူးအရေးယူဆောင်ရွက်မှုများ လုပ်ဆောင်ရန် လိုအပ်သည်" ဟု ဖော်ပြထားပါသည်။ ဆုံးဖြတ်ချက် ၁၃၂၅ ချမှတ်ခဲ့သည့် အချိန်မှစ၍ အကြိမ်များစွာ ဖြစ်ပေါ်ခဲ့သည့် ထိုကဲ့သို့ အပြုအမူများ ကျူးလွန်သူများကိုလည်း အရေးယူရန် လိုအပ်ပါသည်။[၆၄]

**၂၀၁၃ ဇွန် ၂၄ ရက်နေ့တွင်[၆၅] နောက်ဆုံး ချမှတ်သည့် ဆုံးဖြတ်ချက်အရ လုံခြုံရေး ကောင်စီသည် -**

> *"လက်နက်ကိုင် ပဋိပက္ခအတွင်းရှိ အဖွဲ့အစည်းများအားလုံးအနေဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အားလုံးကို လုံးဝရပ်ဆိုင်းသွားစေရေးအတွက် ချက်ချင်းလုပ်ဆောင်ကြရန် ထပ်မံတောင်းဆိုလိုက်သည်။ ယင်းအဖွဲ့အစည်းများ အားလုံးကို သတ်မှတ်သော အချိန်ဇယား တခုချမှတ်၍ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို တိုက်ဖျက်ရန် အဖွဲ့အစည်းများအတွင်း၊ အမိန့်ပေးမှု အဆင့်ဆင့်တွင် ရှင်းလင်းသော အမိန့်များပေးခြင်း၊ အမိန့်များကို ဖောက်ဖျက်ပါက တာဝန်ယူမှုရှိခြင်း၊ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများ၊ စစ်တပ်နှင့် ရဲတပ်ဖွဲ့ ရှေ့တန်း လမ်းညွှန်ချက်များ၊ သို့မဟုတ် အလားတူများတွင် လိင်အကြမ်းဖက်မှု တားမြစ်ခြင်းနှင့် စွပ်စွဲချက်များ ထွက်ပေါ်လာပါက အချိန်နှင့် တပြေးညီ စုံစမ်းစစ်ဆေးခြင်းများ ပြုလုပ်နိုင်ရန် အထူးကတိကဝတ်များကို အကောင်အထည်ဖော်ဆောင်ရမည်" ဟု ထပ်မံတောင်းဆိုထားသည်။*

## လိင်အကြမ်းဖက်မှုသည် စစ်ရာဇဝတ်မှုနှင့် လူသား ဖြစ်မှုကို ဆန့်ကျင်သည့် ရာဇဝတ်မှု

မြန်မာနိုင်ငံအပေါ် သုံးစွဲနိုင်သည့် နိုင်ငံတကာ ဥပဒေများအရ ဤအစီရင်ခံစာပါ အမှုအခင်းများသည် စစ်ရာဇဝတ်မှုများနှင့် လူသားဖြစ်မှုကို ဆန့်ကျင်သော ရာဇဝတ်မှုများ မြောက်နိုင်သည်။

## ဥပဒေ အရင်းအမြစ်များ

မြန်မာနိုင်ငံသည် အဖွဲ့ဝင်နိုင်ငံ အဖြစ်ပါဝင်သော ၁၉၄၉ ခုနှစ် ဂျနီဗာကွန်ဗင်းရှင်းနှင့် တခြားသက်ဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေ စံချိန်စံညွှန်းများ အပါအဝင် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေများသည်[၆၆] လိင်အကြမ်းဖက်မှုကို တားမြစ်ထားသည်။ နိုင်ငံတကာ လူသားချင်းစာနာထောက်ထားသော ဥပဒေအား အကြီးအကျယ် ချိုးဖောက်မှု နိုင်ငံတကာ ရာဇဝတ်မှု ဥပဒေအရ စစ်ရာဇဝတ်မှုများနှင့် လူသားဖြစ်မှုကို ဆန့်ကျင်သည့် ရာဇဝတ်မှုများကို ဖြစ်စေသည်။ နိုင်ငံတကာ ရာဇဝတ်မှု တရားရုံး ရောမကျေညာချက်သည် ဤကိစ္စရပ်တွင် ဓလေ့ထုံးတမ်းဥပဒေများ၏ စံချိန်စံညွှန်းများကို အနီးစပ်ဆုံး မြင်ရသည်။ ထို့ကြောင့် မြန်မာနိုင်ငံသည် သဘောတူညီချက်ကို လက်မှတ်ရေးထိုးမထားသေးသော်လည်း ယင်းသည် စစ်ရာဇဝတ်ပြစ်မှု မြောက်မမြောက်နှင့် လူသားဖြစ်မှုကို ဆန့်ကျင်သော ရာဇဝတ်ပြစ်မှု မြောက်မမြောက် သုံးသပ်ရာတွင် ခွဲခြမ်းစိတ်ဖြာသည့် ကိရိယာအဖြစ် အသုံးဝင်သည်။

## စစ်ရာဇဝတ်မှုများ

နိုင်ငံတကာ ရာဇဝတ်မှုခုံရုံး (အိုင်စီစီ) ၏ ရောမကျေညာချက်အောက်တွင် အဓမ္မပြုကျင့်မှု၊ လိင်အကြမ်းဖက်မှုနှင့် လိင်ကျွန်ပြုခြင်းတို့သည် နိုင်ငံတကာ မဟုတ်သည့် အနေအထားရှိသည့် လက်နက်ကိုင် ပဋိပက္ခအတွင်း ကျူးလွန်ခြင်းပုဒ်မ ၈(၂)(င)(၆) အရ စစ်ရာဇဝတ်မှု မြောက်ပါသည်။

လက်ရှိ အစီရင်ခံစာ၏ အဝန်းအဝိုင်းတွင် စစ်ရာဇဝတ်မှုအဖြစ် သတ်မှတ်နိုင်ရန် ဤပုဒ်မအောက်တွင် အရေးကြီးဆုံး အချက်မှာ လက်နက်ကိုင် ပဋိပက္ခနှင့် "ဆက်နွယ်မှု" ဖြစ်သည်။ တိုက်ပွဲအတွင်း ယင်းပြုမှုမျိုး ဖြစ်ရမည်ဟု မဆိုလိုပါ။ ယင်းသည် ပဋိပက္ခနှင့် ဆက်နွယ်မှု ရှိရန်သာ လိုအပ်ပါသည်။[၆၇] ဤအစီရင်ခံစာတွင် မီးမောင်းထိုးပြသော ရာဇဝတ်မှု အများစုသည် ဤသဘောထားအရ ပဋိပက္ခနှင့် ဆက်နွယ်သည်ဟု စဉ်းစားနိုင်ဖွယ် ဖြစ်ပါသည်။ အထူးသဖြင့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မှ မှတ်တမ်းများ ဖြစ်ပါသည်။ အချက်အလက်အများအပြားက ဤသုံးသပ်ချက်ကို ညွှန်ပြနေပါသည်။ ဥပမာ - တပ်မတော် ထိုးစစ်များနှင့် အဓမ္မပြုကျင့်မှုများ ဆက်စပ်မှု၊ ကျူးလွန်သူများမှာ အစဉ်အမြဲ မြန်မာစစ်တပ် တပ်ဖွဲ့ဝင်များဖြစ်နေခြင်း၊ လိင်အကြမ်းဖက်မှုများကို တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များအား ကူညီသည်ဆိုသော စွပ်စွဲချက်အပေါ်တွင် အပြစ်ပေး အရေးယူမှု ကိရိယာအဖြစ် အသုံးပြုမှုနှင့် လူထုကို ကြောက်ရွံ့စေရန် သို့မဟုတ် ထိန်းချုပ်နိုင်ရန် အစိတ်အပိုင်းအဖြစ် အသုံးပြုခြင်း အစရှိသည်တို့မှာ စစ်ရာဇဝတ်မှု ဖြစ်ကြောင်း ညွှန်ပြနေသည်။

ယင်းအခြေခံ အကြောင်းအချက်များအရ လွန်ခဲ့သည့် ၃ နှစ်အတွင်း WLB အဖွဲ့ဝင် အဖွဲ့အစည်းများ မှတ်တမ်းတင်ထားသော အဓမ္မပြုကျင့်မှု အများစုသည် စစ်ရာဇဝတ်မှုများအဖြစ် သတ်မှတ်နိုင်သည်။ အပေါ်တွင် ဖေါ်ပြထားသော "စစ်ပွဲနှင့် ဖိနှိပ်မှု၏ လက်နက်တန်ဆာအဖြစ် အဓမ္မပြုကျင့်မှုကို အသုံးပြုခြင်း" ကိုကြည့်ပါ။[၆၈]

## လူသား ဖြစ်တည်မှုကို ဆန့်ကျင်သော ရာဇဝတ်မှုများ

အဓမ္မပြုကျင့်မှု၊ လိင်အကြမ်းဖက်မှုနှင့် လိင်ကျွန်ပြုမှု အပြုအမူများသည် ကျယ်ကျယ်ပြန့်ပြန့် သို့မဟုတ် တိုက်ခိုက်မှုများ ဖြစ်မည်ကို သိလျက်နှင့် အရပ်သား ပြည်သူလူထုကို စနစ်တကျ ညွှန်ကြားတိုက်ခိုက်မှု၏ အစိတ်အပိုင်းအဖြစ် ကျူးလွန်ခဲ့ပါက လူသားဖြစ်မှုကို ဆန့်ကျင်သော ရာဇဝတ်မှုအဖြစ် သတ်မှတ်နိုင်သည်။ (အိုင်စီစီ ကျေညာချက် ပုဒ်မ ၇-၁)

လူသားဖြစ်မှုကို ဆန့်ကျင်သည့် ရာဇဝတ်မှုမြောက်စေသော အမျိုးမျိုးသော အစိတ်အပိုင်းများတွင် "အရပ်သား လူထုကို ဦးတည်တိုက်ခိုက်ခြင်း" ပါဝင်သည်။ မြန်မာနိုင်ငံ တိုင်းရင်းသားဒေသများ အထူးသဖြင့် ဆက်လက်

ဖြစ်ပွားနေသော ပဋိပက္ခဒေသများတွင် အရပ်သားများအပေါ် ချိုးဖောက်မှုများကို အဆင့်မြင့် အစီရင်ခံချက်များအားဖြင့် ပြစ်မှုမြောက် စေနိုင်သည်။ ဤ "တားမြစ်ထားသော အပြုအမူကို လုပ်ငန်းအမြောက်အများတွင် လုပ်ထုံးလုပ်နည်း" အဖြစ်လုပ် ဆောင်ခြင်းသည် ယင်းတိုက်ခိုက်မှုမျိုးကို ရည်ညွှန်းသည်။[၆၉]

မြန်မာနိုင်ငံ တိုင်းရင်းသားဒေသများတွင် အရပ်သားများအပေါ် ကျယ်ကျယ်ပြန့်ပြန့်[၇၀] သို့မဟုတ် စနစ်တကျ တိုက်ခိုက်မှုသဘောသဘာဝသည် လိင်အကြမ်းဖက်မှုများအပါအဝင် အရပ်သားများအား ချိုးဖောက်ကျူးလွန်ခြင်း၊ အကြောင်းအချက် အများအပြားသည် စစ်ပွဲနှင့် ဖိနှိပ်မှု ကိရိယာအတွက် အသုံးပြုနေသည်ကို ညွှန်ပြနိုင်ပေသည်။[၇၁]

- ရေရှည် ဆက်တိုက်ဖြစ်ပေါ်နေသော ချိုးဖောက်မှုများ
- ချိုးဖောက်မှု၏ အတိုင်းအတာနှင့် ပြင်းထန်မှု၊ အထူးသဖြင့် ဤအစီရင်ခံစာတွင် ဖော်ပြချက်များသည် လက်တွေ့ အဖြစ်အပျက်များ၊ အခြေအနေများထက် အလွန်လျော့ပေါ့စွာ တင်ပြထားခြင်းဖြစ်နေသေးသည်။
- ချိုးဖောက်မှုများ၏ ပထဝီ အနေအထား ကျယ်ပြန့်မှု။
- ဤချိုးဖောက်မှုများသည် လူထုအား ထိန်းချုပ်ရန်၊ ခြောက်ခြားစေရန်နှင့် သြဇာသက်ရောက်ရန်အတွက် အသုံးပြုသည်ဟူသော အချက်အလက်။
- တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအား ပံ့ပိုးမှုပေးသည်ဟူသော စွပ်စွဲချက်အပေါ် အရပ်သား လူထုအား အပြစ်ပေး အရေးယူမှုအနေဖြင့် အသုံးပြုသည်ဆိုသော အချက်အလက်။
- ယင်းချိုးဖောက်မှုများအပေါ် အပြစ်ပေး အရေးယူမှုမှ ကင်းလွတ်ခွင့် ရှိနေခြင်း။ ယင်းကို အာဏာပိုင်များက ထိန်းချုပ်ထားခြင်း။

အခြားသော လူသားဖြစ်မှုဆန့်ကျင်သော ရာဇဝတ်မှုမြောက်ခြင်းဆိုင်ရာ အစိတ်အပိုင်းများသည်[၇၂] ကျူးလွန်သူတဦးချင်း အပေါ် အာရုံစိုက်ထားပြီး ယင်းတို့ကို စုံစမ်းစစ်ဆေးမှုနှင့် အပြစ်ပေး အရေးယူမှု လုပ်ငန်းစဉ်များအတွင်း ကြည့်ရှုသည်။

အထက်ဖော်ပြပါ အကြောင်းရင်းခံများအရ ဤအစီရင်ခံစာပါ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အပြုအမူ အများအပြားသည် လူသားဖြစ်မှုကို ဆန့်ကျင်သော ရာဇဝတ်မှုမြောက်သည့် အပြုအမူများ ဖြစ်နေကြောင်း ယုံကြည်နိုင်ဖွယ်အကြောင်း ရှိနေသည်။ အမှန်တကယ် လူသားဖြစ်မှုကို ဆန့်ကျင်သော ရာဇဝတ်မှု မြောက်မမြောက်ကို ဖော်ထုတ် နိုင်ရန်မှာမူ ခိုင်မာသော လွတ်လပ်သည့် စုံစမ်းစစ်ဆေးမှုကသာ အတည်ပြုနိုင်မည် ဖြစ်သည်။




*မိသားစုများ ဆက်လက် ဖြစ်ပွားနေသော စစ်ပွဲမှ ထွက်ပြေးကြရခြင်း။*
*ကချင်ပြည်နယ်။ ၂၀၁၃ ခုနှစ်*

Source: KWAT

# အပိုင်း ၂။ အပြစ်ပေးအရေးယူမှု ကင်းလွတ်ခြင်းအား အဆုံးသတ်ရန် လိုအပ်ချက်။

> *"အထူး ကိုယ်စားလှယ်က အဓိက ဖောင်းပေးပြောကြားချက်များ၊ သို့ရာတွင် ရေတို အဖြစ်အပျက်များအဖြစ် အဓိပ္ပါယ်ကောက်ယူရာတွင် သို့မဟုတ် ရေတိုအဖြစ်အပျက်များကို လက်ရှိအပြောင်းအလဲ အရှိန်အဟုန်ကတဆင့် ဖြေရှင်းသွားလိမ့်မည်ဟု အဓိပ္ပါယ်ကောက်ယူခြင်း၏ အန္တရာယ်များ ရှိနေသည်။ သူက သတိပေးသည်မှာ ဤရေတိုအဖြစ်အပျက်များကို ဖြေရှင်းခြင်း မရှိပါက ယင်းတို့သည် လူ့အခွင့်အရေး ချိုးဖောက်မှုများအပေါ် တာဝန်ယူမှု၊ တိုင်းရင်းသားနှင့် ဘာသာရေး လူနည်းစုအုပ်စုများ၏ အခွင့်အရေးများ၊ ငြိမ်းချမ်းစွာ စုရုံးခွင့်နှင့် အဖွဲ့အစည်းဖွဲ့စည်းခွင့်များ၊ ဆုံးဖြတ် ချက်ချမှတ်သည့် နေရာများတွင် အမျိုးသမီးများ ကိုယ်စားပြုနိုင်ခြင်း၊ မြေယာပိုင်ဆိုင်ခွင့်၊ လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးစသည့် ဧရိယာများတွင် အမြစ်တွယ်လာ နိုင်ကြောင်း သတိပေးခဲ့သည်။ ထိုမျှသာမက ယင်းတို့ကို နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံညွှန်းများဖြင့် ဖြေရှင်းခြင်းမရှိပါက ယင်းတို့သည် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်ကို ထိခိုက်စေနိုင်သည်။"*[၇၃]

အထူးကိုယ်စားလှယ်၏ မကြာသေးမီက ပြောကြားခဲ့သော စကားများသည် နိုင်ငံတကာ အသိုင်းအဝိုင်းက အခြေအနေကို မပြောင်းမလဲ ထိန်းထားပြီး လွန်ခဲ့သည့် ၃ နှစ်အတွင်း အစိုးရ၏ လုပ်ဆောင်ချက်များသည် ဒီမိုကရေစီပြောင်းလဲရေးအပေါ် ယံဟန်ပြများသာဖြစ်သည်ဆိုသည်ကို အသိအမှတ်ပြုရန် ဆက်လက် ငြင်းဆန်နေမည်ဆိုပါက မြန်မာနိုင်ငံတွင် မည်သို့ဆက်လက် ဖြစ်လာမည်ကို ကြေညာနေသကဲ့သို့ ဖြစ်သည်။ ထင်ရှားသည့် လက္ခဏာများမှာ အစိုးရ၏ ပြုပြင်ပြောင်းလဲရေးနှင့် ပွင့်လင်းမှုကို ပြောဆိုနေသော်လည်း တိုင်းရင်းသား ဒေသများတွင် စစ်ရေးထိုးစစ်များ ဆက်လက်လုပ်နေခြင်း၊ အရပ်သားများအပေါ် လူ့အခွင့်အရေး ချိုးဖောက်မှုများ ဆက်လက်ရှိနေခြင်းနှင့် အပြစ်ပေး အရေးယူမှုကင်းလွတ်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်နေခြင်းတို့ပင် ဖြစ်သည်။ အစိုးရက ဆောင်ရွက်နေသော ငြိမ်းချမ်းရေး အစပျိုးဆောင် ရွက်ချက်များသည်လည်း အခြားသော နိုင်ငံရေး ရည်ရွယ်ချက်များဖြစ်သည့် ကျွန်းဆွယ်အားကစားပွဲ သို့မ ဟုတ် အာဆီယံနှင့် လာမည့် ၂၀၁၅ ရွေးကောက်ပွဲများအတွက်သာ လူထုဆက်ဆံရေး လေ့ကျင့်ခန်း လုပ်နေသကဲ့သို့ ဖြစ်သည်။ အစိုးရသည် ဆက်သွယ်ရေး ကစားပွဲတွင် "ဥပဒေစိုးမိုးရေး" ကဲ့သို့သော စကားလုံးများကို ဖောဖောသီသီ သုံးစွဲလျက်ရှိရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်က[၇၄] ဤစကားလုံး၏ အနက်အဓိပ္ပါယ်ကို ဖွင့်ဆိုပြရန် လိုအပ်နေသည်ဟု ခံစားသွားခဲ့ရပုံရသည်။ အမှန်တကယ်တွင်မူ တရားဥပ ဒေ စိုးမိုးရေးကို တည်ဆောက်ရန်လိုအပ်ခြင်းသည် ပြောနေရုံနှင့် မရပေ။ ထို့နောက် အပြစ်ပေး အရေးယူခံရမှုမှ လွတ်ငြိမ်းခွင့်ရနေသော အခြေအနေများကို အဆုံးသတ်နိုင်ရန် နက်ရှိုင်းသော နိုင်ငံရေး အပြောင်းအလဲများ ဖြစ်ပေါ်ရန် လိုအပ်နေသည်။

## ၈။ တရားဥပဒေစိုးမိုးရေးကို တည်ဆောက်ရမည်ဟု ပြောနေရုံဖြင့် မရပါ။

ကျွမ်းကျင်သူများ ပြောသကဲ့သို့ပင် "ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲမှုများဖြင့် စစ်တပ်ကို အရပ်သား ထိန်းချုပ်မှု အောက်တွင် မထားနိုင်မချင်း ဒီမိုကရေစီနှင့် တရားဥပဒေစိုးမိုးရေးတို့မှာ အပြောသက်သက်သာဖြစ်သည်။"[၇၅] ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့က မြန်မာနိုင်ငံကို ၅ ရက်ကြာ လာရောက်ပြီးနောက် ကုလသမဂ္ဂ အထူးကိုယ်စားလှယ်ကမြန်မာနိုင်ငံ၏လူ့အခွင့်အရေးအခြေအနေများနှင့်ပတ်သက်၍ဖွဲ့စည်းပုံအခြေခံဥပဒေသည် "တရားဥပဒေ စိုးမိုးရေးနှင့် အခြေခံလူ့အခွင့်အရေးများကို" ထိခိုက်စေနိုင်သည်ဟု မှတ်ချက်ပေးသွားသည်။ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာ တွင် သူက ထပ်မံ၍

> *အထူးကိုယ်စားလှယ်က အထူးဖောင်းပေးလိုသည်မှာ စစ်တပ်အပါအဝင် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအားလုံးသည် လွတ်လပ်သော တရားစီရင်ရေးစံနစ်နှင့် လူထုအား ကြေညာထားသောဥပဒေများအောက်တွင်တာဝန်ခံမှုရှိရန် လိုအပ်သည်။ သူသည်ဖွဲ့စည်းပုံအခြေခံဥပဒေပြဌာန်းချက်များကို ပြင်ဆင်ရန် အကြံပြုသည်။ ထာဝရ စစ်ခုံရုံးများ တည်ထောင်မှု (ပုဒ်မ ၂၉၃ (ခ)) အရ အရပ်သား တရားရေးစနစ်က လွှမ်းခြုံမှုမရှိပဲ ဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ စစ်ဦးစီးချုပ်ကိုသာ အယူခံဝင်နိုင်သည့် (ပုဒ်မ ၃၄၃ (ခ))နှင့် အစိုးရအဖွဲ့ဝင်တဦးဦးကို သူလုပ်ကိုင် ဆောင်ရွက်ခဲ့သော တာဝန်များနှင့် ပတ်သက်၍ တရားဥပဒေအရ အရေးယူခြင်း မရှိစေရ (ပုဒ်မ ၄၄၅) တို့ ပါဝင်သည်။*[၇၆]

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို ပြင်ဆင်ခြင်းသည် မြန်မာနိုင်ငံ အမျိုးသမီးများ တရားမျှတမှုကို အာမခံချက် ရရှိစေရန် ပထမခြေလှမ်းဖြစ်သည်။ တရားစီရင်ရေးကို လွတ်လပ်ပြီး ဘက်လိုက်မှု မရှိစေရန် အာမခံပြီး နောက် တဆင့်တွင် ကျူးလွန်ခံရသူများကို အမှန်တရား ရရှိပိုင်ခွင့်ရှိစေရန် အမျိုးသမီးများအား ကာကွယ်သည့် ဥပဒေကို အတည်ပြု၍ အကောင်အထည်ဖော်ရမည်။

## ၁။ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်မှု

### လွတ်ငြိမ်းချမ်းသာခွင့် ဖော်ပြချက်

ပုဒ်မ ၄၄၅ သည် စစ်အုပ်စု အရာရှိများကို လွှမ်းခြုံပြီး တာဝန်ထမ်းဆောင်စဉ် ကျူးလွန်ခဲ့သည့် ပြစ်မှုများအတွက် အရေးယူခံရမှုမှ ကင်းလွတ်ခွင့်ကို အာမခံချက် ပေးထားသည်။

*"ယင်းအဖွဲ့ သို့မဟုတ် အဖွဲ့ဝင် တဦးဦး သို့မဟုတ် အစိုးရ အဖွဲ့ဝင် တဦးဦး၏ တာဝန်အရ ဆောင်ရွက်ချက်များအပေါ် အကြောင်းပြုလျက် ယင်းတို့အား တရားစွဲဆိုခြင်း၊ အရေးယူခြင်း မရှိစေရ။"*

ဤဖော်ပြချက်သည် လက်ရှိ အစိုးရအနေနှင့် သူ၏ အဖွဲ့ဝင်များအား လွတ်ငြိမ်းချမ်းသာခွင့် ပေးထားသည်ဟု အဓိပ္ပါယ်ဖွင့်ဆိုသည်။[၇၇] ထိုသို့ အဓိပ္ပါယ်ဖွင့်ဆိုမှုသည် စစ်တပ်အား မည်သည့် ရာဇဝတ်မှု ကျူးလွန်သည်ဖြစ်စေ လုံးဝ ကင်းလွတ်ခွင့်အတွက် မီးစိမ်းပြထားခြင်းပင်သည်။

ကျွမ်းကျင်သူ အများအပြား ထောက်ပြသကဲ့သို့ပင် ဤပုဒ်မသည် "ကြီးမားသော ရာဇဝတ်ပြစ်မှုများ" အတွက် ကင်းလွတ်ခွင့် မပါဝင်ကြောင်း အဓိပ္ပါယ်ဖွင့်ဆိုရန် လိုအပ်သည်။ ဥပမာအားဖြင့် နိုင်ငံတွင်းနှင့် နိုင်ငံတကာ ဥပဒေများကို ချိုးဖောက်ခြင်းသည် "တာဝန်အရ ဆောင်ရွက်ချက်များအပေါ်"[၇၈] ဟု ဆိုထားသည်ထက် ကျော်လွန်နေသည်။ မတူညီသော အဓိပ္ပါယ်ဖွင့်ဆိုချက်သည် မြန်မာနိုင်ငံ၏ နိုင်ငံတကာ တာဝန်ရှိမှုများနှင့် ဆန့်ကျင်ဖက် ဖြစ်နေပေလိမ့်မည်။ နိုင်ငံတကာ ဥပဒေများအောက်တွင် နိုင်ငံတွင်း ဥပဒေများ သို့မဟုတ် ဖွဲ့စည်းပုံအခြေခံ ဥပဒေသည် လူသားဖြစ်မှုကို ဆန့်ကျင်သော ပြစ်မှုများ သို့မဟုတ် အခြား လူသားချင်းစာနာထောက်ထားသော ဥပဒေများကို ချိုးဖောက်သည့် ကြီးလေးသော ပြစ်မှုများအတွက် လွတ်ငြိမ်းချမ်းသာခွင့် ပေးခွင့်မရှိပဲ ယင်းသည် ဂျနီဗာ ကွန်ဗင်းရှင်းနှင့် မြန်မာအစိုးရအဖွဲ့ဝင်အဖြစ် လက်မှတ်ရေးထိုးထားသော အခြားသော နိုင်ငံတကာ သဘောတူစာချုပ်များကို ချိုးဖောက်ရာရောက်သည်။[၇၉]

သို့ရာတွင် အနာဂတ်တွင် အရေးယူခံရမှုမှ လွတ်ကင်းခွင့်များ၏ အခြေခံအဖြစ် ဆက်မရှိနေစေရန် ဤဖော်ပြချက် ပုဒ်မကို ချက်ချင်းပြင်ဆင်ရန်လိုအပ်သည်။ ယင်းသည် ကုလသမဂ္ဂ အထူးကိုယ်စားလှယ်၏ အကြိမ်ကြိမ် ထပ်ပြောခဲ့သော အကြံပြုချက် ဖြစ်သည်။[၈၀]

## စစ်ခုံရုံး။ စစ်သားများကို စစ်သားများက တရားစီရင်သည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေသည် စစ်တပ်က ကျူးလွန်သော ရာဇဝတ်မှုများအားလုံးကို တရားစီရင်ရန် အရပ်သား ပုံမှန်တရားစီရင်ရေးစနစ်၏ အပြင်ဖက်တွင် ကွဲပြားခြားနားသော တရားရုံးစံနစ်ကို တည်ဆောက်ထားသည်။ နိုင်ငံအများအပြားတွင် စစ်ဖက်ဆိုင်ရာ ပြစ်မှုများကို တရားစီရင်ရန် စစ်ခုံရုံးများရှိသော်လည်း ၂၀၀၈ ခုနစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀ (ခ) နှင့် ၃၁၉ တို့အရ ဖွဲ့စည်းထားသော စစ်ခုံရုံးစနစ်ကို စစ်တရားစီရင်မှုကို အကန့်အသတ်မရှိ လုပ်ပိုင်ခွင့်ပေးထားပြီး အာဏာ ကျယ်ပြန့်စွာ ပေးထားသည်။[၈၁]

ပုဒ်မ ၂၉၄ အရ စစ်ခုံရုံး၏ အမြင့်ဆုံး အာဏာပိုင်သည် ဗဟိုတရားရုံး မဟုတ်ပေ။ ပုံမှန်အားဖြင့် စစ်တရားစီရင်မှုများကို အရပ်သား ဗဟိုတရားရုံးတွင် နောက်ဆုံးအဆင့် အယူခံဝင်သည့် နေရာဖြစ်သည်။[၈၂] သို့ဖြစ်ရာ ကာကွယ်ရေးဌာန များ၏ စစ်ဦးစီးချုပ်၏ ဆုံးဖြတ်ချက်များကို မည်သည့်တရားရုံးကမျှ ပြန်လည်ဆန်းစစ်ပိုင်ခွင့်မရှိ ဖြစ်နေသည်။ ယင်းသည် စစ်သားများအနေဖြင့် မည်သည့်အခါမျှ အရပ်သား တရားရုံးများတွင် ကြားနာခြင်းမရှိစေရန် အာမခံချက် ပေးထားခြင်းဖြစ်သည်။

## "စစ်ခုံရုံးဖြစ်တယ်။ သူ့မိသားစုကြောင့် သူဟာ သက်ညှာခွင့် ခံခဲ့ရတယ်။"

သူ့တပ်ရင်းက စစ်သားတယောက်ဟာ သူပါဝင်ခဲ့တဲ့ ၂၀၁၁ ခုနှစ် ဇွန် ၁၃ ရက်က အာလောဘွန် ဒေသမှာ ကချင်အမျိုးသမီးတယောက်ကို အုပ်စုလိုက် အဓမ္မပြုကျင့်မှုနဲ့ ပတ်သက်လို့ အထက် အရာရှိကို ဝန်ခံခဲ့ပြီး သူ့ရဲ့ပါဝင်မှုကို အသေးစိတ်ပြောပြခဲ့ကြောင်း သန်းထွန်းက လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့ကို ပြောပြပါတယ်။

သန်းထွန်းက အဓမ္မပြုကျင့်ခံရတဲ့ အမျိုးသမီး တပ်ရင်းကို ရောက်လာပြီး အမှုနဲ့ ပတ်သက်လို့ တပ်မှူးကို တိုင်ကြားတာကို သူကိုယ်တိုင်မြင်ခဲ့တယ်လို့ လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့ကို ပြောပါတယ်။ တပ်ရင်းမှူး ဒုတိယ ဗိုလ်မှူးကြီးက ပါဝင်ခဲ့တဲ့ စစ်သား ၄ ယောက်ထဲက တယောက်သာ တာဝန်ရှိတယ်လို့ ဆုံးဖြတ်ခဲ့တယ်လို့ သန်းထွန်းက ပြောပြပါတယ်။

"သူ့ကို အဲလို အမိန့်ပေးလိုက်တဲ့အခါ သူက စစ်ဆေးတဲ့ အရာရှိတွေကို ဝန်ခံခဲ့ပါတယ်။ စည်းကမ်း ရှိတာက အရပ်သား ထောင်ကို သွားမယ်ဆိုရင် စစ်တပ်က ထွက်ရမယ်။ ပြီးတော့ သုံးနှစ် ထောင် ကျခံရမယ်။ ဒါပေမယ့် စစ်တပ်ထောင်ကို သွားဖို့ ရွေးချယ်မယ်ဆိုရင်တော့ တနှစ်ပဲ ထောင်ကျ မယ်။ သူက စစ်ထောင်မှာ တနှစ်ကျခံဖို့ ရွေးချယ်လိုက်ပါတယ်။ ပြစ်ဒဏ်က ကျူးလွန်တဲ့ ပြစ်မှု ပေါ်မှာ မူတည်ပါတယ်။ ဒါဟာ စစ်ခုံရုံးဖြစ်ပါတယ်။ သူ့မိသားစုကြောင့် သူဟာ သက်ညှာခွင့် ရလိုက်ပါတယ်။ သူ့မှာ မိသားစုရှိလို့ ဖြစ်ပါတယ်။.... အရင်ကလည်း အခုလို (အဓမ္မပြုကျင့်တဲ့) အမှုမျိုးတွေ ကြားဖူးပါတယ်။ ဒါပေမယ့် သူတို့ဟာ ကျွန်တော့်ရဲဘော်တွေ မဟုတ်ပါဘူး။ ဒါကြောင့် ကျွန်တော် မယုံခဲ့ပါဘူး။... မိန်းကလေးရဲ့ မိသားစုကို ဆန်နဲ့ ဆီပေးလိုက်တယ်။ သူတို့ အဓမ္မပြုကျင့်မှု နောက်ပိုင်းမှာ ရွာက ပြောင်းသွားတယ်။ .. သူတို့ သိက္ခာအတွက် ပြောင်းသွားရတာ"

Source: လူ့အခွင့်အရေး စောင့်ကြည့်ရေး အဖွဲ့[၈၃]

ဤဖွဲ့စည်းပုံအောက်တွင် အဓမ္မပြုကျင့်မှုနှင့် အခြားသော လိင်အကြမ်းဖက်မှုများ အပါအဝင် စစ်တပ်က ကျူးလွန်သော ကြီးမားသည့် လူ့အခွင့်အရေးချိုးဖောက်မှုများသည် စစ်တပ် ထိန်းချုပ်ထားသည့် စနစ်အောက်တွင်သာ လုံးဝ တရားစီရင်မှုပြုရန် ဖြစ်သွားသည်။ မြန်မာ့တပ်မတော်အတွင်း ကင်းလွတ်ခွင့် အစဉ်အလာများကို ကြည့်ခြင်းအားဖြင့် ဤစနစ်သည် ယုံကြည်နိုင်စရာမရှိပဲ စစ်တပ်အနေဖြင့် သူ၏အာဏာကို ထိန်းသိမ်းချုပ်ကိုင်ထားရန် နည်းလမ်း ပောင်းသာသွားနေခြင်း ဖြစ်သည်။ ထို့ကြောင့် စစ်တပ်ကို အရပ်သား ထိန်းချုပ်မှုအောက်တွင် ထားရှိရန် မဖြစ်မနေ လိုအပ်သည်။

## အရပ်သား အစိုးရအပေါ် စစ်တပ်၏ ဩဇာအာဏာ

ပုဒ်မ ၇၄၊ ၁၀၉ (ခ) နှင့် ၁၁၄ (ခ) တို့တွင် ပါဝင်သောအချက်များအရ လွှတ်တော်တွင် စစ်တပ်က ရွေးချယ်ခန့် အပ်ထားသူများက ၂၅ ရာခိုင်နှုန်း နေရာများကို ရရှိထားသည်။ သို့ဖြစ်ရာ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြုပြင်ရေးအတွက် လိုအပ်သော ဗီတိုအာဏာကို စစ်တပ်က ရရှိထားသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေက မြန်မာနိုင်ငံ၏ အရပ်သားအစိုးရ အနေဖြင့် စစ်တပ်အပေါ် လွှမ်းမိုးချုပ်ကိုင်နိုင်ခွင့်ကို ဖယ်ရှားထားသည်။[၈၄]

၂၀၀၉ ခုနှစ်က အိုင်စီတီဂျေ၏ ရေးသားချက်အတိုင်းပင် ဖွဲ့စည်းပုံအခြေခံ ဥပဒေသည် "စစ်တပ်ကို အစိုးရအား လွှမ်းမိုးခွင့်ပေးထားပြီး သူ့အကျိုးစီးပွားကို အကြွင်းမဲ့ အကာအကွယ်ပေးထားသည်"။[၈၅] အထူးကိုယ်စားလှယ် အကြိမ်ကြိမ် အကြံပြုသကဲ့သို့ပင် ဤသတ်မှတ်ချက်များအား ပြုပြင်ရန် လိုအပ်သည်။[၈၆]

စစ်တပ်အား ကိုယ်ပိုင်အုပ်ချုပ်ခွင့် ပေးထားမှုကြောင့် ပြဿနာဖြစ်ရသည့် အထောက်အထားအဖြစ် ၂၀၁၃ ခုနှစ် ဇန္နဝါရီ ၁၉ ရက်တွင် သမ္မတ ဦးသိန်းစိန်က စစ်တပ်ကို တိုင်းရင်းသား အုပ်စုများအား တိုက်ခိုက်မှုများ ရပ်တန့်ရန် တောင်းဆိုပြီး နာရီပိုင်းအကြာတွင် စစ်တပ်သည် ကချင်ပြည် လွတ်လပ်ရေး တပ်မတော် (ကေအိုင်အေ)ကို အစိုးရ၏ ငြိမ်းချမ်းရေး ကြိုးပမ်းချက်များ ကြားမှာပင် ထိုးစစ်သစ်တရပ် ဆင်နွှဲခဲ့သည်။[၈၇] စစ်တပ်လုပ်ရပ်နှင့် အရပ်သား အစိုးရတို့အကြား လွဲချော်သည့် နောက်ထပ် ဥပမာမှာ အစိုးရအဆိုပြုသော နိုင်ငံတဝှမ်း အပစ်အခတ်ရပ်စဲရေး အတွက် လိုင်ဇာတွင် ဆွေးနွေးမည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ ထိပ်သီးအစည်းအဝေး ကျင်းပနေချိန်နှင့် တပြိုင်တည်းတွင် မြန်မာတပ်မတော် တပ်ဖွဲ့များက ကချင်ကျေးရွာများကို တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေကို ဒီမိုကရေစီနှင့် တရားဥပဒေ စိုးမိုးရန်ထက် စစ်တပ်က သူ့အာဏာထိန်းသိမ်းထားနိုင်ရေး အတွက် ရေးဆွဲထားခဲ့ခြင်းဖြစ်သည်။ စစ်တပ်၏ အကျိုးစီးပွားကာကွယ်ရန်ထက် ပြည်သူလူထု၏ လိုလားချက်များ

ကို ထင်ဟပ်စေရန်အတွက် ယင်းကို ပြင်ဆင်ခြင်း သို့မဟုတ် အစားထိုးခြင်း ပြုလုပ်ရန် မဖြစ်မနေ လိုအပ်သည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေကြောင့် အစိုးရသည် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်၊ ကုလသမဂ္ဂ ကြေညာစာတမ်း၊ ဂျနီဗာ ကွန်ဗင်းရှင်းနှင့် အခြားလိုက်နာရမည့် နိုင်ငံတကာ ကတိကဝတ်များကို လိုက်နာနိုင်ခြင်း မရှိသည့် အခြေအနေများ ဖြစ်ရသည်။

နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် ယင်း၏ သြဇာအာဏာနှင့် လုပ်ပိုင်ခွင့်များကို အသုံးပြု၍ စစ်တပ်နှင့် အစိုးရကို ဖွဲ့စည်းပုံအခြေခံ ဥပဒေ အပြောင်းအလဲလုပ်ရန် ဖိအားပေးသင့်သည်။ ကျွမ်းကျင်သူများ အကြံပြုသကဲ့သို့ ကုလသမဂ္ဂ အထွေထွေညီလာခံ သို့မဟုတ် လုံခြုံရေးကောင်စီက ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ်တွင် နိုင်ငံတကာ တရားရုံး၏ အကြံပြုထင်မြင်ချက်ကို တောင်းဆိုနိုင်သည်။[၆၈]

## ၂။ တရားစီရင်ရေးစနစ် ပြုပြင်ပြောင်းလဲရေး

အထက်တွင် ဖော်ပြထားသကဲ့သို့ပင် စစ်တပ်ကို အရပ်သား တရားစီရင်ရေး ထိန်းချုပ်မှုအောက်တွင် ရောက်ရှိစေရန်အတွက် စစ်ခုံရုံး စနစ်ကို ပြုပြင်ရန် လိုအပ်ပါသည်။ သို့ရာတွင် အရပ်သား တရားစီရင်ရေး စနစ်သည်ပင် နက်ရှိုင်းသော ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန် လိုအပ်နေပြီး ပြည်သူလူထု၏ အခွင့်အရေးများကို ကာကွယ်မှု ပေးနိုင်သည့် မဏ္ဍိုင်ဖြစ်လာရေးအတွက် အားဖြည့်ရန် လိုအပ်လျက်ရှိရာ ယင်းသည်ပင်လျှင် စစ်တပ်က ကျူးလွန်သော ရာဇဝတ်မှုများကို တာဝန်ယူမှုနှင့် တရားမျှတမှု ရှိလာစေရန် အာမခံနိုင်ဦးမည် မဟုတ်ပါ။

ကုလသမဂ္ဂ အထူး ကိုယ်စားလှယ်က ၂၀၁၂ ခုနှစ် မတ်လတွင် ဤသို့ အစီရင်ခံခဲ့သည်။

> *မြန်မာနိုင်ငံတွင် လွတ်လပ်ပြီး ဘက်မလိုက်သည့် ထိရောက်သော တရားစီရင်မှု ချို့ယွင်းလျက်ရှိသည်။ ယင်းသည် ဒီမိုကရေစီ ပြောင်းလဲရေးအတွက် မရှိမဖြစ် သကဲ့သို့ တရားဥပဒေ စိုးမိုးရေးကို ထိန်းသိမ်းထားရန်အတွက်လည်း မရှိမဖြစ် ဖြစ်သည်။ အုပ်ချုပ်ရေးနှင့်ဥပဒေပြုမှုမဏ္ဍိုင်များကိုထိန်းညှိရန်နှင့်လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ မြန်မာနိုင်ငံတွင် ရရှိရန်အတွက်လည်း မရှိမဖြစ် လိုအပ် သည်။*[၆၉]

## လွတ်လပ်ပြီး ဘက်မလိုက်သည့် ထိရောက်သော တရားစီရင်ရေးစနစ်

မြန်မာနိုင်ငံ၏ တရားစီရင်ရေးသည် လွတ်လပ်မှု လုံးဝမရှိပဲ စစ်တပ်မှ လွှမ်းမိုးနေသည်ကို ကျယ်ကျယ်ပြန့်ပြန့် အစီရင်ခံမှုများရှိသည်။[၉၀] ၂၀၁၃ ခုနှစ် စက်တင်ဘာလက နောက်ဆုံးထုတ်သည့် အစီရင်ခံစာတွင် ကုလသမဂ္ဂ အထူးကိုယ်စားလှယ်က တရားစီရင်ရေးသည် စီမံခန့်ခွဲမှုမှ လွတ်လပ်လာသည့် တိုးတက်မှု တစုံတရာ မတွေ့ရှိရသေးကြောင်း ထပ်မံပြောဆိုခဲ့သည်။[၉၁] အထူးသဖြင့် မှတ်ချက်ပြုထားသည်မှာ "မြန်မာနိုင်ငံ၏ ယနေ့ ပြဿနာမှာ တရားသူကြီးများအနေဖြင့် ကြီးမားစွာ ချုပ်ကိုင်ထားသည့် စစ်အုပ်စုလက်အောက်မှ လွတ်လပ်မှုရှိရန် ရုန်းကန်လှုပ်ရှားနေခြင်း မဟုတ်ပဲ တရားသူကြီးများသည် ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်ခဲ့သော စစ်အုပ်ချုပ်မှုစနစ်၏ အစိတ်အပိုင်းများနှင့် အကြွင်းအကျန်များ ဖြစ်နေခြင်းဖြစ်သည်။"[၉၂]

အမှန်တကယ်တွင်မူ သမ္မတ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ အာဏာတွင် မြန်မာနိုင်ငံ ဗဟိုတရားရုံး တရားသူကြီးများကို ခန့်အပ်နိုင်ခွင့်ပေးထားခြင်းဖြင့် တရားစီရင်ရေးဆိုင်ရာ အဖွဲ့ဝင်များသည် သူတို့၏ ခန့်အပ်မှုအတွက် စစ်တပ်အပေါ် မှီခိုနေစေရန်ဖြစ်သည်။ သမ္မတကိုယ်တိုင်မှာ စစ်တပ် စိုးမိုးသော လွှတ်တော်က ရွေးချယ်ထားခြင်းကြောင့် ဖြစ်သည်။ သမ္မတကသာ တရားသူကြီးများ ဖယ်ရှားရန် အခွင့်အာဏာကို ရယူထားပြီး နိုင်ငံရေး စွက်ဖက်မှုများ မရှိစေရန် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ အာဏာထိန်းညှိထားခြင်းမျိုး မရှိပေ။[၉၃]

သဘာဝကျစွာပင် "တရားသူကြီးများသည် ယေဘူယျအားဖြင့် နိုင်ငံရေးအမှုများကို တရားမျှတမှု မရှိစွာ ချမှတ်နေပြီး သူတို့ အလုပ်ခိုင်မြဲစေရန်နှင့် ချစားနေသော စနစ်၏ အကျိုးခံစားခွင့်များရရှိစေရန် လမ်းဖွင့်နေကြသည်"။[၉၄] ကုလသမဂ္ဂ အထူးကိုယ်စားလှယ်က တရားစီရင်ရေးအတွင်း ချစားမှု ပြဿနာနှင့်ပတ်သက်၍ အစီရင်ခံထားသည်မှာ -

> *"အထူးကိုယ်စားလှယ်သည် သတင်းရင်းမြစ်အများအပြား၏ အဆိုအရ တည်ဆောက်ဖွဲ့စည်းပုံအရ နေရာအနှံ့ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်နေသော ခြစားမှုများအတွက် စိုးရိမ်ပူပန်သည်။ လူထုအခြေပြု အဖွဲ့အစည်းများ၏ လေ့လာချက်များအရ တရားရေးလုပ်ငန်းစဉ်အဆင့်ဆင့်တွင် ငွေကြေးများပေးနေရပြီး သာမန်လုပ်ရိုးလုပ်စဉ်ဖြစ်သည့် ရဲမှ ထိန်းသိမ်းထားသူများ သို့မဟုတ် အမှု၏ ဆုံးဖြတ်ချက်အား ချမှတ်ရန်အတွက်ပါ အရာရှိ အဆင့်ဆင့်အား ငွေပေးရမှုများ ရှိနေသည်။"*[၉၅]

### “အဆင့်မြင့်အရာရှိများသည် သင့်တိုင်ကြားမှုအား နားထောင်မည် မဟုတ်ပါ။”

ဇွန်လ ၁၅ ရက်နေ့တွင် မြန်မာတပ်မတော် တပ်ဖွဲ့တခုသည် မန်ဂျီးမြို့ရှိ ရွာထဲကို ဝင်ရောက်လာသည့်အခါ ရွာသားများ ထွက်ပြေးကြသည်။ လက်နက်မပါသော အသက် ၅၂ နှစ်အရွယ် အမျိုးသမီးဖြစ်သူ မာလုနှင့် သူ၏ အသက် လေးနှစ် အရွယ်မြေးငယ် မာဂမ်၏ ဦးခေါင်းကို သေနတ်နှင့်ပစ်သည့်အတွက် နှစ်ဦးစလုံး နေရာတွင် သေဆုံးသွားခဲ့သည်။ မာဂမ်၏ မိခင်က သူမသားဖြစ်သူ သွေးများထွက်နေသည်ကို မြင်သောအခါ သူ့ဆီပြေးသွားခဲ့သည်။ သားငယ်ကို ပွေ့ပိုက်ထားပြီး ပြောသည်မှာ “သားလေး၊ ထ၊ ထ” ဟု ဖြစ်သည်။ စစ်သားတွေက သူ့ကို ဆွဲယူ၍ သားငယ် အလောင်းကို ချိုင်းပြီး ပြောသည်မှာ “ဒါကေအိုင်အေကြောင့် ဖြစ်တာ” ဟူ၍ဖြစ်သည်။ ရွာလူကြီးက သတ်ဖြတ်မှုနှင့် ပတ်သက်၍ ဒေသခံ အာဏာပိုင်များကို တွေ့ဆုံသည့်အခါ သူ့ကို အဖြေပေးသည်မှာ “အထက် အရာရှိတွေက ခင်ဗျားရဲ့ တိုင်ကြားမှုကို နားထောင်မှာ မဟုတ်ဘူး” ဟုဖြစ်သည်။ ကျူးလွန်သူများအပေါ် စုံစမ်းစစ်ဆေးမှု တစုံတရာ မရှိခဲ့ပေ။ ယင်းအစား သတ်ဖြတ် ခံရသူများ၏ မိသားစုများကိုသာ ဒေသခံ အာဏာပိုင်များက ထောက်လှမ်းရေးများစေလွှတ်၍ သူတို့လှုပ်ရှားမှုများကို စောင့်ကြည့်စေခဲ့သည်။

**Source: KWAT**[၉၆]

နောက်ဆုံးအနေဖြင့် WLB အနေဖြင့် စစ်တပ်၏ ဖိနှိပ်မှုယန္တရားတခုအနေဖြင့် တရားစီရင်ရေး စနစ်ကို အသုံးပြုနေခြင်းကို ထပ်ကာတလဲ ရှုတ်ချလိုက်သည်။[၉၇] ယနေ့ အချိန်အခါတွင် ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်သူများ၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများနှင့် နိုင်ငံရေးလှုပ်ရှားသူများကို အသံမထွက်စေရန် လက်နက်အဖြစ် အသုံးပြုလျက်ရှိသည်။[၉၈] အစိုးရသည် ကတိပြုခဲ့သည့်အတိုင်း မြန်မာနိုင်ငံတွင် တရားဥပဒေစိုးမိုးရေးကို တည်ဆောက်လိုပါက တရားစီရင်ရေး စနစ်ကို ပြုပြင်ပြောင်းလဲရမည်။

## ကျူးလွန်ခံရသူအား တရားမျှတမှု ရှာဖွေခွင့် ပေးရမည်

တရားစီရင်ရေးစနစ် မအောင်မြင်မှုများကြောင့် ကျူးလွန်ခံရသူများသည် တရားမျှတမှုကို ရှာဖွေရန် အဓိပ္ပါယ်ရှိသော နည်းလမ်း အနည်းငယ် သို့မဟုတ် လုံးဝ မရှိပဲ ဖြစ်ပြီး သူတို့ ခံစားခဲ့ရသော ပြစ်မှုများအတွက် လျော်ကြေးခံစားခွင့်များ မရနိုင်ပဲ ဖြစ်ကြရသည်။ ထိရောက်ပြီး လွယ်ကူသည့် တိုင်ကြားနိုင်မှု ယန္တရားချို့တဲ့ခြင်းနှင့်[၉၉] ဗဟုသုတ ခေါင်းပါးခြင်း၊ တရားစီရင်ရေးအပေါ် လူထုက အယုံအကြည်နည်းခြင်းတို့ ပူးတွဲလျက် ရှိနေသည်။ အထူးကိုယ်စားလှယ်က တရားရုံးများသည် လွယ်ကူမှုမရှိ သို့မဟုတ် လူထုအတွက် အမှန်တရား ရှာဖွေရန် မြင်သာသည့် နည်းလမ်းမရှိ ဖြစ်နေရကြောင်း မှတ်ချက်ပြုထားသည်။[၁၀၀]

*"လူတွေက တရားရုံးကိုသွားဖို့ မဝံ့ရဲကြပါဘူး အထူးသဖြင့် လိင်ပိုင်းဆိုင်ရာအရ အကြမ်းဖက်မှုတွေဆိုပိုဆိုးပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျမတို့အသိုင်းအဝိုင်းမှာ ယဉ်ကျေးမှုအရ အမျိုးသမီးတဦးက အဓမ္မပြုကျင့်ခံရပြီဆိုရင် ပတ်ဝန်းကျင် အသိုင်းအဝိုင်းက သူမအပေါ် အခြားသူတွေနဲ့ မတူတဲ့ဆက်ဆံရေးတွေနဲ့ ဆက်ဆံကြပါတယ်။ ပြီးတော့ တရားရုံးကိုသွားဖို့ဆိုတာ လဘ်စားမှုတွေကြောင့် ငွေကြေးအရမ်းကုန်ကျပါတယ်။ တရားစီရင်ရေးဟာလည်း သီးခြားလွတ်လပ်မှုမရှိတာတွေရှိပါတယ်။ ဆင်းရဲတဲ့သူနဲ့ အာဏာမရှိတဲ့သူတွေ အတွက် တရားမျှတမှုဆိုတာ မရှိပါဘူး။"*

**San Htoi (KWAT** *၏ မှတ်တမ်းနှင့် သုတေသန လုပ်ငန်းစဉ် တာဝန်ခံ***)**

ဆန့်ကျင်စွာပင် ကျူးလွန်ခံရသူများသည် တရားမျှတမှုကို ရှာဖွေသည့်အခါ သို့မဟုတ် ထုတ်ဖော်ပြောဆိုသည့်အခါများတွင် အနိုင်ကျင့်မှုနှင့် ကလဲ့စားချေမှုများကို ထပ်မံခံစားကြရသည်။ ဤအစီရင်ခံစာ အစောပိုင်းတွင် ဖော်ပြထားသည့်အတိုင်း ခြိမ်းခြောက်မှုများ၊ နှိပ်စက်ညှင်းပန်းမှုများ သို့မဟုတ် တရားမဝင် ဖမ်းဆီးထိန်းသိမ်းခြင်းများဖြင့် တိုင်ကြားမှုများကို ဆိတ်ငြိမ်စေသည်။ တခါတရံတွင် ကျူးလွန်ခံရသော မိသားစုဝင်များကို တရားရုံးများသို့ မတိုင်ကြားစေရန် လုံလောက်မှု မရှိသော ငွေကြေး နစ်နာကြေးများ ပေးအပ်သည်များလည်း တွေ့ရသည်။

PWO နှင့် TSYO အဖွဲ့များကို အစစ်ခံချက်ပေးသော ပလောင်ဒေသမှ ရွာသားတဦး၏ ပြောဆိုချက်သည် လူ့အခွင့်အရေး ချိုးဖောက်မှုများအား ဝေဖန်မှုများက ပတ်ဝန်းကျင်တွင် ရှိနေသည့် အကြောက်တရား အခြေအနေကို သိသာထင်ရှားစေသည်။ "ကျူးလွန်ခံရသူအနေနဲ့ အဓမ္မပြုကျင့်မှုအကြောင်း ထုတ်ပြောဖို့ သိပ်ခက်ပါတယ်။ စစ်သားတွေက ဘယ်သူ့မှ မပြောဖို့ ခြိမ်းခြောက်ထားတယ်။ ဒါကြောင့် ပတ်ဝန်းကျင်ကလည်း ကြောက်နေကြတယ်။ ကျွန်တော်တို့ အတွက် ထုတ်ပြောဖို့ သိပ်အွန္တရာယ်များပါတယ်။"[၁၀၁]

တရားရုံးသို့ ရောက်ရှိသွားသည့်အမှု အနည်းငယ်သည်လည်း ကျူးလွန်သူများ သေးငယ်သော အပြစ်ပေး အရေးယူမှုများပေးခြင်း သို့မဟုတ် ပယ်ချခြင်းနှင့် အဆုံးသတ်ကြသည်။

အထင်ရှားဆုံး ဥပမာမှာ ဆွမ်လွတ်ရွယ်ဂျာ၏ အမှုဖြစ်သည်။ သူသည် ၂၀၁၁ ခုနှစ် အောက်တိုဘာလက ကချင်ပြည်နယ်အတွင်း စစ်တပ်၏ ဖမ်းဆီးခံရပြီး အုပ်စုလိုက် အဓမ္မပြုကျင့်ခြင်း ခံခဲ့ရသည်။ ၂၀၁၂ ဖေဖော်ဝါရီလတွင် ဗဟိုတရားရုံးက အတုအယောင် စစ်ဆေးမှုများ ပြုလုပ်ပြီး အထောက်အထားများကို မကြားနာပဲ အမှုကို ပယ်ချခဲ့သည်။ ကုလသမဂ္ဂအထူးကိုယ်စားလှယ်က ဤအမှုကို အခါအားလျော်စွာ ထုတ်ဖော်ပြောဆိုခဲ့သည်။[၁၀၂] KWAT နှင့်အတူ

WLB က ဤအမှုနှင့် ပတ်သက်၍ ဆွမ်လွတ်ရှယ်ဂျာ မည်သို့ဖြစ်ခဲ့သည်ကို ပြန်လည်စစ်ဆေးရန် တောင်းဆိုပြီး သူမကို ဖမ်းဆီးသူများနှင့် ပျောက်ဆုံးသွားမှုတွင် တာဝန်ရှိသူများအား အမှန်တရားကို ရင်ဆိုင်ရန် တောင်းဆိုထားသည်။[၁၀၃]

## ဆွမ်လွတ် ရှယ်ဂျာ။ ကင်းလွတ်ခွင့်ကို ထိန်းသိမ်းရန် ဗဟိုတရားရုံးကို ကိရိယာအဖြစ် အသုံးပြုခြင်း



ဆွမ်လွတ်ရှယ်ဂျာနှင့် သူမ၏ အမျိုးသားတို့ လက်ထပ်သည့်နေ့

ဆွမ်လွတ်ရှယ်ဂျာသည် အသက် ၂၈ နှစ်အရွယ် မိခင်တဦးဖြစ်ပြီး ၂၀၁၁ ခုနှစ် အောက်တိုဘာ ၂၈ ရက်က တရုတ်နယ်စပ်အနီး ခိုင်ဘန်ကျေးရွာရှိ သူ၏မိသားစု တောင်ယာတွင် အလုပ်လုပ်ကိုင်နေစဉ် မြန်မာ့ တပ်မတော် စစ်သားများက ဖမ်းဆီးသွားသည်။ သူ့ခင်ပွန်းနှင့် ယောက္ခမ ဖြစ်သူတို့လည်း အဖမ်းခံခဲ့ရပြီး မူဘွမ်ရှိ တပ်ရင်း ၃၂၁ စခန်းသို့ ပြောင်းဖူးများ အတင်းအဓမ္မ သယ်ဆောင်ရန် စေခိုင်းခဲ့သည်။ သူတို့ ထွက်ပြေးလွတ်မြောက်ခဲ့သော်လည်း ဆွမ်လွတ်ရှယ်ဂျာမှာ ပြန်လည် အဖမ်းခံခဲ့ရသည်။

သူမကို ဖမ်းဆီးသွားပြီးနောက် မျက်မြင်သက်သေ အများအပြားက စစ်စခန်းအတွင်း သူမကို မြင်တွေ့ခဲ့ကြသည်။ ရှေ့တန်းစခန်းမှ ထွက်ပြေးလွတ်မြောက်လာသည့် လူတဦးအဆိုအရ နေ့ပိုင်းတွင် စစ်သားများအတွက် သန့်ရှင်းရေးနှင့် ချက်ပြုတ်ရေး လုပ်ပေးရပြီး ညပိုင်းတွင် အုပ်စုလိုက် အဓမ္မပြုကျင့်ကြောင်း သိရသည်။ အောက်တိုဘာ ၃၁ ရက်နေ့က KWAT အဖွဲ့မှ အချက်အလက်ကောက်ယူရေး သမားတဦးက အနီးရှိ တောင်ကုန်းထိပ်တခုမှ မှန်ဘီလူးဖြင့် ဆွမ်လွတ်ရှယ်ဂျာကို တွေ့ရှိခဲ့သည်။ နောက်တနေ့ နိုဝင်ဘာ ၁ ရက်နေ့တွင် စခန်းတွင်းရှိ ဘန်ကာ တခုထဲသို့ စစ်သား လေးဦးက မိန်းမတယောက်ကို ဆွဲခေါ်လာသည်ကို တွေ့မြင်ခဲ့ရသည်။ သို့သော်လည်း မည်သူမည်ဝါဖြစ်သည်ကို မခွဲခြားနိုင်ခဲ့ပါ။ ထို့နောက်ပိုင်းတွင် စခန်းတွင်းတွင် မည်သည့် အမျိုးသမီးကိုမှ မတွေ့ရတော့ပါ။

နိုဝင်ဘာ ၁ ရက်နေ့တွင် ဆွမ်လွတ်ရှယ်ဂျာ၏ မိသားစုဝင်များက လွယ်ဂျယ် စစ်စခန်းတွင် မြန်မာ့တပ်မတော်မှ တပ်မှူး ဒု - ဗိုလ်မှူးကြီး ဇော်မျိုးထွဋ်နှင့် တွေ့ဆုံပြီး သူမအား ပြန်လွှတ်ပေးရန် တောင်းပန်ခဲ့သည်။ သူက သူမကို နိုဝင်ဘာလ ၂ ရက်နေ့တွင် ပြန်လွှတ်ပေးမည်ဖြစ်ကြောင်း ပြောခဲ့သည်။ သို့သော်လည်း တောင်ခြေတွင် တနေကုန် စောင့်ဆိုင်းခဲ့သော်လည်း သူမ ပေါ်မလာခဲ့ပေ။

ယခုအခါ ဆွမ်လွတ်ရွှယ်ဂျာ အသတ်ခံလိုက်ရပြီဟု ယူဆရသည်။

၂၀၁၂ ခုနှစ် ဇန္နဝါရီလတွင် ရွှယ်ဂျာ၏ ခင်ပွန်းဖြစ်သူအား ကူညီနေသော ရှေ့နေက ခမရ (၃၂၁) ကို နေပြည်တော် ဗဟို တရားရုံးတွင် မိန်းမဖြစ်သူ ဖမ်းဆီးခံရမှုနှင့် ပတ်သက်ပြီး တိုင်ကြားခဲ့သည်။ ရွှယ်ဂျာ၏ ခင်ပွန်းဖြစ်သူသည် ဖေဖော်ဝါရီ ၂၃ ရက်နေ့တွင် နေပြည်တော်သို့ သွားရောက်ပြီး ကြားနာမှုကို တက်ရောက်ခဲ့သည်။ သို့ရာတွင် သူသည် အမှုတွင် မျက်မြင်သက်သေဖြစ်သော်လည်း ကြားနာမှုတွင် သူ့အား ပြောဆိုခွင့် မပေးခဲ့ပေ။ တရားရုံးက ခမရ (၃၂၁) မှ ဒုပိုလ်၏ အစစ်ခံချက်ကိုသာ ကြားနာခဲ့သည်။ သူက စခန်းတွင် ရွှယ်ဂျာအမည်ရှိ မည်သည့် အမျိုးသမီးကိုမှ ထိန်းသိမ်းထားခြင်း မရှိကြောင်း ထွက်ဆိုခဲ့သည်။

၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် နေပြည်တော် ဗဟိုတရားရုံးက ခိုင်လုံသော သက်သေမရှိသဖြင့် အမှုကို ပယ်ချခဲ့သည်။ တရားသူကြီးက စစ်တပ်တရားခံ၏ အစစ်ခံချက်ကိုသာ မူတည်ပြီး ဆုံးဖြတ်ချက်ကို ချမှတ်ခဲ့သည်။ တရားသူကြီး၏ အစီရင်ခံချက်တွင် ဤအမှုနှင့် ပတ်သက်၍ မည်သည့် ဒေသခံ အရာရှိများကိုမှ အကြောင်းကြားခဲ့ခြင်း မရှိကြောင်း မှားယွင်းစွာ ဖော်ပြထားသည်။ အဖြစ်မှန်မှာ ဖမ်းဆီးခံရပြီး တပတ်အကြာတွင် ဆွမ်လွတ်ရွှယ်ဂျာ၏ ယောက္ခမ ဖြစ်သူက ကချင်ပြည်နယ် ဝန်ကြီးချုပ်၊ ဗန်းမော်ခရိုင် အုပ်ချုပ်ရေးမှူးနှင့် မြန်မာ့ တပ်မတော် တပ်ရင်း (၃၂၁) တပ်မှူးတို့ ထံ အသနားခံစာ ရေးသားခဲ့သည်။

အမှန်တကယ် ဆွမ်လွတ်ရွှယ်ဂျာ ဘာဖြစ်ခဲ့သည်ကို ယခုတိုင် မသိရပဲ ရှိသည်။

Source: KWAT [၁၀၄]

## လူ့အခွင့်အရေး ကော်မရှင်ကို ထိရောက်သော လွတ်လပ်သည့် အဖွဲ့အစည်းအဖြစ် ပြောင်းလဲရမည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် (MNHRC) သည်လည်း ကျူးလွန်ခံရသူများအတွက် အမှန်တရား ရှာဖွေရန် လက်ခံနိုင်သည့် ထိရောက်သည့် အဖွဲ့အစည်းမဟုတ်ပါ။ ယင်းသည် လွတ်လပ်မှုနှင့် အရည်အသွေး နည်းပါးနေသည်ကို ထင်ရှားစွာတွေ့ရပြီး လူ့အခွင့်အရေး ချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးလိုသော ဆန္ဒနှင့် စွမ်းရည်ချို့တဲ့နေသည်။[၁၀၅] ကုလသမဂ္ဂ အထူးကိုယ်စားလှယ်နှင့် ကုလသမဂ္ဂ ကလေးအခွင့်အရေး ကော်မတီတို့က ဤကိစ္စနှင့် ပတ်သက်၍ စိုးရိမ်မှုများကို ဖော်ပြခဲ့ကြသည်။[၁၀၆]

လူထုက ယင်း၏ ယန္တရားကို မသိရှိကြပေ။ ဤအဖွဲ့အစည်းအကြောင်း အချက်အလက် အနည်းငယ်မျှကိုသာ လူထု အားပေးထားပြီး လုပ်ငန်းစဉ်များမှာ အလွန်ရှုပ်ထွေးပြီး တဦးချင်းအတွက် အန္တရာယ်ပင် တွေ့ကြုံနိုင်သေးသည်။[၁၀၇]

တိုင်းရင်းသား ဒေသများအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သက်၍ MNHRC သို့ တိုင်ကြားမှု အမြောက်အများပေးပို့ခဲ့သော်လည်း အဆိုပါ လူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးရန် ကော်မရှင်က ငြင်းပယ်ခဲ့သည်။ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌက တိုင်းရင်းသား ဒေသများတွင် ဖြစ်ပွားသော လူ့အခွင့်အရေး ချိုးဖောက်မှု စွပ်စွဲချက်များကို အသစ်ဖွဲ့စည်းထားသည့် အဖွဲ့အစည်း တရပ်အနေဖြင့် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန် စောသေးသည်ဟု ပြောခဲ့သည်။ "အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးဟာ နိုင်ငံရေး ဖြစ်ပါတယ်" ဟု NHRC ဥက္ကဋ္ဌ ဦးဝင်းမရက ထိုင်းနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန သတင်းစာရှင်းလင်းပွဲတရပ်တွင် ပြောသည်။ သူက "ပဋိပက္ခ ဒေသတွေကို စုံစမ်းစစ်ဆေးဖို့ဆိုတာ အခုအချိန်မှာ မသင့်တော်သေးပါဘူး" ဟုလည်း ဆက်ပြောသည်။[၁၀၈]

၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့တွင် အထက်လွှတ်တော်က အတည်ပြုလိုက်သည့် ဥပဒေအရ အချို့ဖော်ပြချက်များသည် ကော်မရှင်၏ လွတ်လပ်မှုကို ခြိမ်းခြောက်နေသည်။[၁၀၉] ဤဥပဒေမူကြမ်းကို ပြန်လည်သုံးသပ်ရန်နှင့် ကုလသမဂ္ဂ၏ ပဲရစ်အခြေခံမူများနှင့်အညီ[၁၁၀] အပြည့်အဝ လွတ်လပ်စွာ တည်ထောင်နိုင်သည့် ဥပဒေကို ကုလသမဂ္ဂ အထူးကိုယ်စားလှယ် အကြံပြုသည့်အတိုင်း ပြန်လည် ပြင်ဆင်ရန် အရေးကြီးလှသည်။[၁၁၁]

## ဘရန်ရှောင်။ ကို တိုင်ကြားရန် ကြိုးစားပြီးနောက် အရေးယူခံရခြင်း

ဘရန်ရှောင်။ MNHRC ကို တိုင်ကြားရန်ကြိုးစားပြီးနောက် အရေးယူခံရခြင်း။

၂၀၁၂ ခုနှစ်၊ စက်တင်ဘာလတွင် ကချင်ပြည်နယ် ဖားကန့်မြို့နယ်ရှိ အိမ်တလုံးတွင် သူ၏ သမီးဖြစ်သူသည် ကျောင်းမှ သူငယ်ချင်းများနှင့်အတူ မြန်မာ့တပ်မတော်မှ စစ်သားများကို ပုန်းအောင်းနေခဲ့သည်။ အိမ်ကို စစ်သားတဦးက သေနတ်နှင့် ပစ်ခတ်သဖြင့် အများရှေ့တွင် ကလေးငယ် သေဆုံးသွားခဲ့သည်။

၂၀၁၂ ခုနှစ်၊ စက်တင်ဘာ ၁၈ ရက်တွင် ရွာအုပ်ချုပ်ရေးမှူးက ဘရန်ရှောင်ကို ခေါ်ယူ၍ တပ်မတော်အရာရှိက တွေ့ချင်ကြောင်း ပြောခဲ့သည်။ စစ်စခန်းသို့ သူရောက်ရှိသောအခါ ဗိုလ်မှူးကြီး ဇော်မင်းက ဆုံးရှုံးမှုအတွက် ကိုယ်ချင်းစာမှုကို ပြသပြီး ဝမ်းနည်းပူဆွေးနေရသည့် မိသားစုအတွက် ကျပ်ငွေ ၁ သိန်း ကမ်းလှမ်းခဲ့သည်။

တပါတ်ကြာသည့်အခါတွင် မိသားစုသည် ကချင်ပြည်နယ်မြို့တော် မြစ်ကြီးနားသို့ သွားရောက်ပြီး ဒေသခံ ရှေ့နေများ၏ အကူအညီကို ရှာဖွေခဲ့သည်။ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်နေ့တွင် သူတို့က သမ္မတထံ အသနားခံစာ တင်ခဲ့ပြီး ဘရန်ရှောင်က သူ့သမီးသေဆုံးမှုအတွက် တရားမျှတမှုကို ဖော်ထုတ်ပေးပါရန်နှင့် စစ်တပ်အနေနှင့် အရပ်သားများအား ပစ်ခတ်ခြင်းကို ရပ်ဆိုင်းပေးရန် တောင်းဆိုခဲ့သည်။ ၂၀၁၂ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် သူက မြန်မာအမျိုးသား လူ့အခွင့်အရေး ကော်မရှင်သို့ စာတစောင်ပေးပို့ပြီး လူသတ်မှုကျူးလွန်ခဲ့သော စစ်သားအား အရေးယူပေးပါရန် တောင်းဆိုခဲ့သည်။ သူက အသနားခံစာကို ကချင်ပြည်နယ် ဝန်ကြီးချုပ်နှင့် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးတို့ထံလည်း ပေးပို့ခဲ့သည်။ သို့ရာတွင် မည်သည့် အကြောင်းပြန်မှုကိုမှ မရရှိခဲ့ပါ။

၂၀၁၃ ခုနှစ်၊ ဇန္နဝါရီလ ၁၀ ရက် ကချင်ပြည်နယ်နေ့တွင် ဘရန်ရှောင်သည် ရန်ကုန် လူထုစုဝေးပွဲ တခုတွင် သူ့သမီး သေဆုံးသည့် အကြောင်းပြောကြားရာ ပရိသတ်ထံမှ အားကောင်းသည့် ပံ့ပိုးမှုကို ရရှိခဲ့သည်။

ထို့နောက် ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ဘရန်ရှောင်သည် သူ့အား စစ်တပ်ကို လွဲမှားစွာ စွပ်စွဲမှုဖြင့် တရားစွဲဆိုခံထားရကြောင်း သိရှိရသည်။ စစ်တပ်က ကလေးငယ်၏ ခန္ဓာကိုယ်တွင် ကျည်ဆံမတွေ့ရှိရသဖြင့် အမြောက်ဆံ သို့မဟုတ် ပုံးဆံ တခုခုက ကလေးငယ်ကို ဒဏ်ရာရစေပြီး သေဆုံးခြင်းဖြစ်သည်ဟု ဆိုထားသည်။ ဖေဖော်ဝါရီ ၂၅ ရက်နေ့တွင် သူ့အပေါ် အမှုဖွင့် စွဲဆိုထားသည်။

အမှုဖွင့်လှစ်ပြီးနောက်ပိုင်းတွင် သတ်မှတ်ထားသည့် ကြားနာမှုရုံးချိန်းကို လာရောက်ရန် သက်ဆိုင်ရာ စစ်တပ်အရာရှိက ငါးကြိမ်ဆက်တိုက် ပျက်ကွက်ခဲ့သည်။ မေလ ၂၀ ရက် ဆဌမမြောက် ရုံးချိန်းတွင်မှ နစ်ဖက်အမှုသည်များ တရားရုံးတွင် ဆုံတွေ့နိုင်ခဲ့သည်။ အမှုကို ဆက်လက်ကြားနာဆဲ ဖြစ်သည်။

Source: အာရှလူ့အခွင့်အရေးကော်မရှင်[၁၁၂]

လက်ရှိအနေအထားအရ ကော်မရှင်သည် နိုင်ငံတကာအသိုင်းအဝိုင်းကို အာရုံလွှဲရန် သက်သက်သာ ဖြစ်ပြီး မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများကို နိုင်ငံတကာ စုံစမ်းစစ်ဆေးမှုများမှ ရှောင်ရှားရန်ဖြစ်သည်။[၁၃၃] MNHRC ကို လုပ်ပိုင်ခွင့်၊ အရည်အသွေးနှင့် ကြီးမားသော လူ့အခွင့်အရေးချိုးဖောက်မှုများကို လွတ်လပ်ပြီး ပွင့်လင်းသော သဘောထားဖြင့် ဖြေရှင်းရန် ဆန္ဒများရှိလာအောင် ကြီးမားသော အပြောင်းအလဲများ လုပ်ဆောင်မပြီးမချင်း နိုင်ငံတကာ စုံစမ်းစစ်ဆေးမှုများအတွက် တောင်းဆိုမှုများကို ဆက်လက်တောင်းဆိုနေရဦးမည် ဖြစ်သည်။ အထူးသဖြင့် ကော်မရှင်သည် ယင်းကို မဖွဲ့စည်းမီက ကျူးလွန်ခဲ့သော ချိုးဖောက်မှုများကို ကြည့်ရှုစစ်ဆေးရန် အခွင့်အာဏာရှိပုံမရသဖြင့် အမှန် တရား ဖော်ထုတ်ရေး ယန္တရားအတွက် အထောက်အကူပြုနိုင်ခြင်းမရှိပါ။[၁၃၄]

မည်သို့ပင်ဖြစ်စေ ဤအစီရင်ခံစာ အစောပိုင်းတွင် ဖော်ပြထားသကဲ့သို့ပင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို ကျင့်သုံးနေသမျှ စစ်အုပ်စုအဖွဲ့ဝင်များ ကျူးလွန်ခဲ့သော ကြီးမားသည့် ချိုးဖောက်မှုများကို MNHRC အနေနှင့် ချဉ်းကပ်နိုင်ခွင့် မရှိပေ။ သို့ဖြစ်ရာ ပထမဆင့်အနေဖြင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ပြုပြင်ပြောင်းလဲရမည်ဖြစ်ပြီး လူ့အခွင့်အရေး ချိုးဖောက်မှုများက အမျိုးသမီးများကို ကာကွယ်ပေးနိုင်သည့် တရားရေးဆိုင်ရာ ယန္တရားတခုကို ပြင်ဆင်ရန် လိုအပ်လျက်ရှိနေသည်။

## ၃။ မြန်မာနိုင်ငံ အမျိုးသမီးများအား ကာကွယ်သည့် ဥပဒေ ရေးဆွဲခြင်း

မြန်မာအစိုးရ၏ စိတ်ကောင်းစေတနာကောင်းရှိသော ကြေညာချက်များမှလွဲ၍ မြန်မာနိုင်ငံရှိ အမျိုးသမီးများ၏ လက်တွေ့ဘဝမှာ အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံမှုများကို ဥပဒေအရ ကာကွယ်ပေးထားခြင်းမရှိပါ။ အမျိုးသမီးများအပေါ် ချိုးဖောက်ကျူးလွန်မှုများ ရပ်တန့်စေရန်အတွက် ခိုင်မာသော အဆင့်များစွာ ယနေ့ လုပ်ဆောင်နိုင်ပါသည်။

အစိုးရက မကြာသေးမီက အမျိုးသမီး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသား မဟာဗျူဟာစီမံကိန်း (NSPAW) ကို ထုတ်ပြန်ခဲ့ပါသည်။ ယင်းတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကို ဖြေရှင်းသွားရန်နှင့် ပတ်သက်၍ ကတိကဝတ်များပါဝင်သော်လည်း ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် တရားစီရင်ရေး စံနစ်ကို အပြောင်းအလဲ မလုပ်ပါက ယင်းသည်လည်း အခွံသက်သက်သာ ဖြစ်ပါလိမ့်မည်။

WLB အနေဖြင့် အမျိုးသား မဟာဗျူဟာ စီမံကိန်းပါ အချက်အလက်အချို့ကို ကြိုဆိုပါသည်။[၁၃၅] ယင်း၏ "အဓိက ရည်ရွယ်ချက်မှာ အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုများကို ဖယ်ရှားရန် ကျင့်သုံးမည့် ဥပဒေများ၊ စနစ်များ၊ တည်ဆောက်ဖွဲ့စည်းမှု ပုံသဏ္ဍာန်များ ဖွံ့ဖြိုးရန်နှင့် အားကောင်းလာစေရန်၊

အကြမ်းဖက်မှု ခံစားခဲ့ရသော အမျိုးသမီးနှင့် မိန်းမငယ်များ၏ လိုအပ်ချက်ကို တုန့်ပြန်ရန်” ဟု ပါဝင်ပါသည်။ NSPAW တွင် အမျိုးသမီးနှင့် မိန်းမငယ်များအပေါ် အကြမ်းဖက်မှုနှင့် ပတ်သက်၍ မှတ်တမ်းယူခြင်း၊ အရေးယူဆောင်ရွက်ခြင်းနှင့် ပညာပေးခြင်းများအား အထောက်အကူဖြစ်စေသည့် အစပျိုးဆောင်ရွက်ချက် အများအပြားကို ဖော်ပြထားသည်။ ယင်းတွင် သင်တန်းများ၊ တရားရေး အရာရှိများနှင့် ရဲတပ်ဖွဲ့အား အရည်အသွေး မြှင့်တင်ရေး လုပ်ငန်းများဖြစ်သည့် အသိပညာ မြှင့်တင်ရေး လုပ်ငန်းများလည်း ပါဝင်သည်။ ပို၍ စိတ်ဝင်စားဖွယ်ကောင်းသည်မှာ အမျိုးသားစီမံကိန်း၏ “အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်များ” တွင် “အမျိုးသမီးများနှင့် မိန်းကလေးများကို အကြမ်းဖက်မှု ကျူးလွန်သူများကို ဥပဒေအရ အရေးယူသွားရန်” ဟု ဖော်ပြပါရှိသည်။

၎င်းစတင်မှုအားလုံးသည် အမျိုးသမီးများအပေါ် လိင်အကြမ်းဖက်မှုများ ရှိနေကြောင်း အသိအမှတ်ပြုခြင်းကို ဖော်ပြသည့် အပြုသဘောဆောင်သော အဆင့်များဖြစ်သည်။ သို့ရာတွင် အစိုးရအနေဖြင့် အထူးသဖြင့် လက်နက်ကိုင် ပဋိပက္ခဒေသများတွင် ဖြစ်ပွားသော လိင်အကြမ်းဖက်မှုကဲ့သို့ တိုင်းရင်းသား အမျိုးသမီးများအပေါ် မြန်မာ့ တပ်မတော်က ကျူးလွန်သည့် လိင်အကြမ်းဖက်မှုများကိုမူ ၎င်းအစီအစဉ်တွင် ထည့်သွင်းမည့် လက္ခဏာ မတွေ့ရသေးပေ။ မည်သို့ ပင်ဖြစ်စေ အထက်တွင် ဖော်ပြသကဲ့သို့ ၎င်းစာတမ်းတွင် ဖော်ပြထားသော လုပ်ငန်းစီမံချက်များ လုပ်ဆောင်ရန်အတွက်လက်ရှိ ဥပဒေနှင့် တရားရေး စနစ်များကို ကျယ်ကျယ်ပြန့်ပြန့်နှင့် နက်ရှိုင်းစွာ ပြောင်းလဲရန် လိုအပ်သည်။ ထိုမျှသာမက အမျိုးသား စီမံကိန်းသည် အတိတ်ကာလက အမျိုးသမီးများအပေါ် ကျူးလွန်ခဲ့သော ရာဇဝတ်မှုများအား ကိုင်တွယ်ရန် မည်သည့် စဉ်းစားချက်ကိုမျှ ဖော်ပြထားခြင်း မရှိပေ။

အစိုးရအနေဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကို ဖြေရှင်းရန် သံဓိဋ္ဌာန်ချမှုနှင့် လေးနက်မှုရှိပါက လက်နက်ကိုင် ပဋိပက္ခများအတွင်း ကျူးလွန်သော အကြမ်းဖက်မှုများကို ဖြေရှင်းရန် ထည့်သွင်းပြီး မကြာသေးမီက ထုတ်ပြန်ခဲ့သော ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှု ကာကွယ်ရေး နိုင်ငံတကာ ကြေညာစာတမ်းကို လက်မှတ်ရေးထိုးသင့်သည်။

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်မှာ ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီး ဝီလီယံ ဟိဂ်နဲ့ ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုဆိုင်ရာ အထွေထွေအတွင်းရေးမှူးချုပ်ရဲ့ အထူးကိုယ်စားလှယ် ဇိုင်နက်ဘ် ဟာဝါ ဘန်ဂူရာတို့ ထုတ်ပြန်ခဲ့တဲ့ ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှု အဆုံးသတ်ရေး ကတိကဝတ် ကြေညာချက်တွင် အရေးယူမှု ကင်းလွတ်ခွင့် အဆုံးသတ်ရန်၊ တာဝန်ယူ တာဝန်ခံမှု မြှင့်တင်ရန်နှင့် ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှု ကျူးလွန်ခံရသူများအား အမှန်တရားနှင့် လုံခြုံမှုပေးရန် လက်တွေ့နှင့် နိုင်ငံရေးကတိကဝတ်များ ပါဝင်ပြီး နိုင်ငံ

ပေါင်း (၁၁၅) နိုင်ငံက လက်မှတ်ရေးထိုးခဲ့သည်။ မြန်မာနိုင်ငံ သမ္မတဦးသိန်းစိန်က လက်မှတ်ရေးထိုးရန် ပျက်ကွက်ခဲ့ခြင်းမှာ မြန်မာနိုင်ငံ ပဋိပက္ခများအတွင်း လိင်အကြမ်းဖက်မှုကိစ္စရပ်များကို ဖြေရှင်းရန် ဆန္ဒနည်းပါး ကြောင်းကို ဖော်ပြနေပါသည်။

အမျိုးသမီးများ အကာအကွယ်ပေးရေးကို ပိုမိုလုပ်ဆောင်နိုင်မည့် နောက်ထပ်စတင်နိုင်သည့် ခိုင်မာသည့် အဆင့်မှာ ဤရည်မှန်းချက်များအတွက် အထူးရေးဆွဲထားသော ဥပဒေကို ပြဌာန်းရန်ဖြစ်သည်။ ဂျင်ဒါလှုပ်ရှားမှု မြန်မာ (Gender Action Myanmar) ကွန်ရက်က တင်ပြသည့် အဆိုပြုချက်ဖြစ်သည့် "အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ဆန့်ကျင်ရေး ဥပဒေများအတွက် ကိစ္စရပ်" တွင် အမျိုးသမီးများအတွက် ထိရောက်သည့် ဥပဒေရေးရာ ကာကွယ်မှုများ အခိုင်အမာ လိုအပ်လျက်ရှိကြောင်း ဖော်ပြထားသည်။[၁၁၆] ဤအကြံပြုချက်များ ထည့်သွင်း၍ ဥပဒေတရပ် ရေးဆွဲပြင်ဆင်ရန် အဓိကကျသည်။

မြန်မာနိုင်ငံအတွင်း တရားဥပဒေစိုးမိုးရေးနှင့် ဒီမိုကရေစီရေး အာမခံချက်ရှိရန် ကြေညာချက်ကို အမှန်တကယ် အခိုင်အမာ ဖြစ်လာစေရန် အစိုးရအနေနှင့် နိုင်ငံတကာ ရာဇဝတ်ခုံရုံး၏ ရောမ ကြေညာချက်ကို လက်မှတ်ရေးထိုး အကောင်အထည်ဖော်ရန်လိုအပ်သည်။ ယင်းတွင်ပါသော ဖော်ပြချက်များကို ပြည်တွင်းဥပဒေတွင် အကောင် အထည်ဖော်ခြင်းဖြင့် မကြာသေးမီက ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အကြံပြုထားသည့်အတိုင်း နိုင်ငံအဆင့် တရားရေး စနစ်အောက်တွင် ကြီးမားသည့် လူသားချင်းစာနာမှု ဥပဒေချိုးဖောက်မှုများ၊ စစ်ရာဇဝတ်မှုများနှင့် လူသားဖြစ်မှုကို ဆန့်ကျင်သည့် ရာဇဝတ်မှုများကဲ့သို့သော အခြေခံမှုပြကျင့်မှုနှင့် လိင်အကြမ်းဖက်မှုများကို အရေးယူ ဆောင်ရွက်နိုင်မည်။[၁၁၇]

အစိုးရအနေဖြင့် လူမှုနိုင်ငံရေး အခွင့်အရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်၊ ဂျနီဗာကွန်ဗင်းရှင်း၏ ရွေးချယ်ခွင့်ရှိသည့် သဘောတူညီချက် ၂ ရပ်နှင့် နှိပ်စက်ညှင်းပမ်းမှု ဆန့်ကျင်ရေး သဘောတူစာချုပ်စသည့် အခြားသော နိုင်ငံတကာ ယန္တရားများကို လက်ခံသင့်ပြီး လက်မှတ်ရေးထိုးထားပြီးသော ယန္တရားများနှင့်အညီ ပြည်တွင်း ဥပဒေများကို ကိုက်ညီစေသင့်သည်။

ဤသို့ ဖြစ်လာရန်အတွက် စစ်အုပ်စု၏ နိုင်ငံရေး ရပ်တည်ချက် အပြောင်းအလဲများစွာ ဖြစ်ပေါ်ရန် လိုအပ်သည်။

## ၁။ အဓိပ္ပါယ်ရှိပြီး နက်ရှိုင်းသော နိုင်ငံရေး အပြောင်းအလဲများ လိုအပ်မှု

တရားဥပဒေစိုးမိုးရေး တည်ဆောက်ရန်နှင့် အရေးယူမှုမှ ကင်းလွတ်ခွင့်များ ရပ်တန့်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် လိုအပ်ခြင်းကို အငြင်းပွားဖွယ် မလိုသည့်အချိန်မှာပင် အာဏာရပါတီဖြစ်သော ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ပါတီက ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလအတွင်းက "၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ဖျက်သိမ်းပြီး ပြန်လည်ရေးဆွဲမယ်ဆိုရင် ပြည်သူလူထုအနေနဲ့ ဆိုးကျိုးတွေကို ခံစားရလိမ့်မယ်" ဟု မကြာသေးခင် ကာလအထိပင် ပြောဆိုနေဆဲဖြစ်သည်။[၁၁၈] အာဏာရှိသူတွေအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းသည် ဒီမိုကရေစီ ပြောင်းလဲရေးအတွက် အဟန့်အတားဖြစ်စေမည်ဟု ပုံဖော်ထားခြင်းသည် ကြီးမားသော စိန်ခေါ်မှုကြီး တရပ်ပင် ဖြစ်သည်။ စစ်မှန်သော ဒီမိုကရေစီ အပြောင်းအလဲများ ဖြစ်လာစေရန်မှာ အာဏာရ ပါတီ၏ နိုင်ငံရေးတွင်လည်း နက်ရှိုင်းသော အပြောင်းအလဲများ မြင်တွေ့နိုင်ရန် လိုအပ်နေသည်။ အရေးယူခံရမှု ကင်းလွတ်ခွင့်နှင့် အမျိုးသမီးများကို စစ်တပ်၏ ကျူးလွန်မှုများမှ ကာကွယ်ရေးကိစ္စများ ဆောင်ရွက်ရာတွင် ဖြစ်ပေါ်နေသော လူ့အခွင့်အရေး ချိုးဖောက်မှုများအပေါ် တာဝန်ခံမှု ရှိခြင်းနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ချိုးဖောက်မှုများ အဆုံးသတ်နိုင်မည့် အဓိပ္ပါယ်ရှိသည့် လုပ်ငန်းစဉ် ဖြစ်လာအောင် လုပ်ဆောင်ခြင်းတို့နှင့် စတင်ရပေမည်။

## ၁။ လူ့အခွင့်အရေး ချိုးဖောက်မှုများအပေါ် အစိုးရအနေဖြင့် တာဝန်ခံရန် လိုအပ်သည်။

စစ်မှန်သော ဒီမိုကရေစီစနစ် တည်ဆောက်ရေးအတွက် ပထမခြေလှမ်းမှာ စစ်အုပ်စုအနေဖြင့် အတိတ်ကာလက လူ့အခွင့်အရေး ချိုးဖောက်မှုများကို အသိအမှတ်ပြုပြီး တာဝန်ယူရန် လိုအပ်သည်။ ယင်းသည်သာလျှင် မြန်မာအမျိုးသမီးများ၏ ကာလကြာရှည် ခံစားခဲ့ရမှုကို အဆုံးသတ်စေနိုင်မည် ဖြစ်သည်။ ယင်းအစား အစိုးရသည် တိုင်းရင်းသား ဒေသများတွင် ဖြစ်ပျက်မှုများကို အစဉ်တစိုက် ငြင်းဆိုလျက် ရှိနေသည်။

၂၀၁၂ ခုနှစ်၊ အောက်တိုဘာလတွင် သမ္မတ ဦးသိန်းစိန်က အင်တာဗျူးတခုတွင် ပြောကြားခဲ့သည်မှာ "ကျွန်တော်တို့ တပ်မတော်ဟာ စည်းကမ်းအလွန်ရှိပါတယ်။ တပ်မတော်အနေနဲ့ အဓမ္မပြုကျင့်မှုတို့ လူသတ်မှုတို့ ကျူးလွန်ဖို့ အကြောင်းမရှိပါဘူး" ဟူ၍ ဖြစ်သည်။[၁၁၉]

၂၀၁၃ ခုနှစ်၊ မတ်လအတွင်း ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တပ်မတော်နေ့ အခမ်းအနား မိန့်ခွန်းပြောကြားရာတွင် "ငါတို့ဟာ အရပ်ဖက်သာမက၊ စစ်ဖက်ဥပဒေနဲ့ လုပ်ထုံးလုပ်နည်းတွေကို သာမက ဂျနီဗာ သဘောတူညီချက်

ကိုပါ ကိုင်စွဲထားတဲ့ တပ်မတော်ဖြစ်တယ်။ တပ်မတော်သားတွေကို လေ့ကျင့်သင်ကြားစဉ်ကတည်းက ဂျနီဗာ သဘောတူညီချက်ကို အသိအမှတ်ပြုပြီး ကိုင်စွဲဖို့ သင်ကြားခဲ့တာဖြစ်တယ်။ ဒါတို့ တပ်မတော်ဟာ ဘယ်တော့မှာ စစ်ရာဇဝတ်မှုတွေ ကို မကျူးလွန်ခဲ့ဘူး။ နောက်ပြီး ကျူးလွန်ခဲ့တာ ရှိရင်လဲ တပ်မတော် လုပ်ထုံးလုပ်နည်းတွေအရ ထိထိရောက်ရောက် အရေးယူခဲ့တာ ဖြစ်တယ်" ဟု ပြောကြားခဲ့ပါသည်။[၁၂၀]

ကုလသမဂ္ဂ အထူးကိုယ်စားလှယ်၏ ၂၀၁၃ ခုနှစ်၊ အစီရင်ခံစာတွင် ဖော်ပြပါရှိသော အရပ်သား လူထုအပေါ် တိုက်ခိုက်မှုများ၊ အခြားသော လူ့အခွင့်အရေး ချိုးဖောက်မှုပုံစံများနှင့် ပတ်သက်သည့် စွပ်စွဲချက်များကို အစိုးရက ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီကို တုန့်ပြန်ရာတွင် "စွပ်စွဲချက်များသည် အခြေအမြစ်မရှိ" ကြောင်း ပြောဆိုခဲ့သည်။[၁၂၁]

အစိုးရနှင့် စစ်တပ်အနေဖြင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဝန်ခံရန် ပျက်ကွက်မှုသည် အမှန်တကယ် ပြုပြင်ပြောင်းလဲရေးနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးပေါ် စိတ်အားထက်သန်မှု အလွန်အားနည်းနေသည်ကို သက်သေပြနေသည်။[၁၂၂] ယင်းအစား အစိုးရအနေနှင့် လုံခြုံရေးကောင်စီနှင့် ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှု ဆိုင်ရာ နောက်ဆုံး ဆုံးဖြတ်ချက်တွင် ၂၀၁၃ ခုနှစ်၊ ဇွန် ၂၄ ရက်နေ့က အကြံပြုထားသည့်အတိုင်း "*သတ်မှတ်သော အချိန်ဇယား တခုချမှတ်၍ လိင်အကြမ်းဖက်မှုကို တိုက်ဖျက်ရန် အဖွဲ့ အစည်းများအတွင်း အမိန့်ပေးမှု အဆင့်ဆင့်တွင် ရှင်းလင်းသော အမိန့်များပေးခြင်း၊ အမိန့်များကို ဖောက်ဖျက်ပါက တာဝန်ယူမှု ရှိရန် အကောင်အထည်ဖော်ဆောင်ရမည်*" ဆိုသည် ကို စနစ်တကျ ဖော်ဆောင်ပေးလုပ်ဆောင်သင့်နေပေသည်။[၁၂၃]

## ၂။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို မြန်မာနိုင်ငံ ပြည်သူလူထုအပေါ် ချိုးဖောက်ကျူးလွန်မှုများ ရပ်တန့်ရေးရန် အဓိပ္ပါယ်ရှိသော လမ်းကြောင်းဖြစ်စေသင့်သည်။

ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို နိုင်ငံတကာ အသိုင်းအဝိုင်းအတွက် ပြပွဲတခုအနေနှင့်မဟုတ်ပဲ အစိုးရအနေနှင့် တိုင်းရင်း သားဒေသများရှိ ချိုးဖောက်ကျူးလွန်မှုများ အဆုံးသတ်စေသော အဓိပ္ပါယ်ရှိသည့် လုပ်ငန်းစဉ်အဖြစ် လုပ်ဆောင်သင့်သည်။ မကြာခင် ပြုလုပ်မည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ အစည်းများနှင့် တွေ့ ဆုံဆွေးနွေးပွဲတွင် အမျိုးသမီးများကို အပြည့်အဝထည့်သွင်းပြီး အမျိုးသမီးကိစ္စရပ်များနှင့် အတိတ်ကာလ လူ့အခွင့်အရေး ချိုးဖောက်မှုများကို ထည့်သွင်းဆွေးနွေးရန် အရေးတကြီး လိုအပ်နေသည်။

## အမျိုးသမီးများအား ထည့်သွင်းခြင်း

မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ဆွေးနွေးညှိနှိုင်းမှုတွင် အမျိုးသမီးများ ပါဝင်မှုနှင့် ပါတ်သက်သည့် မကြာသေးမီက အစီရင်ခံ စာတွင် အောက်ပါအတိုင်း နိဂုံးချုပ်ထားသည်။

> *"မြန်မာနိုင်ငံမှ အမျိုးသမီးများသည် ငြိမ်းချမ်းရေး ညှိနှိုင်းဆွေးနွေးပွဲများတွင် ပါဝင်ခြင်းမှ ပြောင်ကျစွာ ဘေးဖယ်ခံထားရသည်။ အစိုးရနှင့် လက်နက်ကိုင် အဖွဲ့အစည်းများအကြား တရားဝင် ဆွေးနွေးပွဲများတွင် လက်တဆုပ်စာ မပြည့်သော အမျိုးသမီးများသာ ပါဝင်ခွင့်ရခဲ့ပြီး ဤအစီရင်ခံစာအတွက် လေ့လာသုံးသပ်ခဲ့သော အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ၁၂ ခုတွင် လိင်ကွဲပြားမှု ကိစ္စရပ်များ သို့မဟုတ် အမျိုးသမီးများနှင့် သက်ဆိုင်သည့်ကိစ္စရပ် များ ပါဝင်ခြင်းမရှိပေ။ ဒေသခံ အမျိုးသမီးအဖွဲ့ အစည်းများ၏ ငြိမ်းချမ်းရေး တည်ဆောက် ခြင်းနှင့် ယုံကြည်မှု တည်ဆောက်ခြင်းဆိုင်ရာ ကျွမ်းကျင်မှုများကို အသိအမှတ်ပြု မခံရပဲ ရှိနေပြီး အမျိုးသမီးများတင်ပြသော စိုးရိမ်ချက်များကိုလည်း ဘေးဖယ်ထားကြသည်။ မြန်မာ့ ငြိမ်းချမ်းရေး တည်ဆောက်ရေး ကြိုးပမ်းမှု အဓိက ငွေကြေးထောက်ပံ့သူများ၊ နိုင်ငံတကာ အသိုင်းအဝိုင်းတို့၏ အမျိုးသမီးများပါဝင်မှု တိုးများလာရေး သို့မဟုတ် ပင်မရေစီးကြောင်း တွင် လိင်ကွဲပြားမှုအပေါ် တုန့်ပြန်လာရေး ကြိုးပမ်းမှုများအတွက် စည်းရုံးလှုံ့ဆော်မှုများ သည် မလုံမလောက် ဖြစ်ခဲ့ရသည်။ ဤအချက်သည် စိုးရိမ်ဖွယ် ဖြစ်ပေါ်တိုးတက်မှုဖြစ်ပြီး ဆက်လက်၍ အမျိုးသမီးများကို ဘေးဖယ်ထားပါက လုပ်ငန်းစဉ် တခုလုံး၏ တရားဝင်မှုကို ထိခိုက်ပျက်စီးစေနိုင်သည့် အန္တရာယ်ရှိလာသဖြင့် နိုင်ငံတကာနှင့် ပြည်တွင်း သက်ဆိုင်သူ များ အနေဖြင့် တစုံတရာ လုပ်ဆောင်ရန် လိုအပ်နေပေသည်။"*[၁၂၄]

ငြိမ်းချမ်းရေး ကြိုးပမ်းမှုတွင် အမျိုးသမီးများ မပါဝင်ခြင်းသည် အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ အစည်းများ နစ်ဖက်လုံးတွင် ဖြစ်သည်။ အစိုးရအတွက် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများကို စီစဉ်ဆောင်ရွက်ရာတွင် တာဝန်ခံဆောင်ရွက်နေသော မြန်မာငြိမ်းချမ်းရေးစင်တာမှ အဓိကဇာတ်ကောင်များမှာ များသောအားဖြင့် မြန်မာ လူမျိုးအမျိုးသားများ ဖြစ်ကြသည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ များ၏ ကိုယ်စားပြုမှုမှာ ထိုထက် အနည်း ငယ် သာလွန်သော်လည်း မလုံလောက်လောက်သေးသလို အမျိုးသမီးများ၏ ခိုင်မာသော ကိုယ်စားပြုမှုနှင့် ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပါဝင်နိုင်မှုမှာလည်းလုံးဝ ချို့ယွင်းနေသည်။ (နော်စီဖိုးရာစိန်နှင့်ပတ်သက်သော ကိုးကားချက်မှ)[၁၂၅]

၂၀၀၀ ခုနှစ်မှာ အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် ၁၃၂၅ ကို တခဲနက် ချမှတ်ပြီးချိန်ကစ၍ ငြိမ်းချမ်းရေး တည်ဆောက်မှုများ ရေရှည်ခိုင်မြဲရန်၊ ဒီမိုကရေစီကျရန်နှင့် အားလုံး ပါဝင်မှု ရှိရန်အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အမျိုးသမီးများ ပါဝင်ရန် လိုအပ်မှုနှင့်ပတ်သက်ပြီး နိုင်ငံတကာသဘောတူညီချက်ကို တည်ဆောက်လာနိုင်ခဲ့သည်။[၁၂၆] ဤမူဝါဒလမ်းညွှန်တွင် ယခုအခါ ဆုံးဖြတ်ချက် ၆ ခု ပါဝင်လာပြီဖြစ်ပြီး ၂၀၁၃ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့က ဆုံးဖြတ်ချက်တွင်

> *"လက်နက်ကိုင် ပဋိပက္ခအတွင်း လိင်အကြမ်းဖက်မှုများကို ကိုင်တွယ်ဖြေရှင်းရန် အရေးကြီးကြောင်း ထပ်လောင်း ပြောကြားလိုသည်။ အထွေထွေ အတွင်းရေးမှူးချုပ်၊ အဖွဲ့ဝင်နိုင်ငံများနှင့်ဒေသဆိုင်ရာအဖွဲ့အစည်းများသင့်လျော်သည့်အခါတွင်စေ့စပ်ဆွေးနွေးသူနှင့် ကိုယ်စားလှယ်များအား တောင်းဆိုသည်။ နည်းလမ်း သို့မဟုတ် စစ်နည်းဗျူဟာ သို့မဟုတ် အရပ်သား ပြည်သူလူထုအား ကျယ်ကျယ်ပြန့်ပြန့် စနစ်တကျ တိုက်ခိုက်သည့် အစိတ်အပိုင်းတရပ် စသည့် အခြေအနေများတွင် လိင်အကြမ်းဖက်မှုနှင့် အမျိုးသမီးကိစ္စရပ်များကို ကိုင်တွယ်ရာတွင် အမျိုးသမီးများ၊ အမျိုးသမီး အဖွဲ့အစည်း အပါအဝင် လူထု အဖွဲ့အစည်းများနှင့် လိင်အကြမ်းဖက်မှု ကျူးလွန်ခံရသူများ ပါဝင်ခြင်းရှိရမည်။ ယင်းအခြေအနေများသည် လုံခြုံရေး စီမံမှုများနှင့် အသွင်ကူးပြောင်းရေးကာလ ယန္တရားများနှင့် ပတ်သက်မှုများ အပါအဝင်၊ ငြိမ်းချမ်းရေး သဘောတူညီချက်၏ ဖော်ပြချက်များတွင် ထင်ဟပ်စေရန် အာမခံချက် ရှိစေရမည်။ အပစ်အခတ်ရပ်စဲရေး တားမြစ်ချက်နှင့် အပစ်အခတ်ရပ်စဲရေး စောင့်ကြည့်လေ့လာသည့် သဘောတူညီချက်များ အဓိပ္ပါယ်ဖွင့်ဆိုရာတွင် လိင်အကြမ်းဖက်မှုများကို ထည့်သွင်းရန် တောင်းဆိုသည်။ ပဋိပက္ခ သဘောတူညီမှု လုပ်ငန်းစဉ် အဝန်းအဝိုင်းတွင် လွတ်ငြိမ်းချမ်းသာခွင့်ကို ထည့်သွင်းရာတွင် လိင်အကြမ်းဖက်မှု ရာဇဝတ်မှုများကို မပါဝင်ရန် လိုအပ်ချက်ကို အလေးထားသည်။"*[၁၂၇]

ငြိမ်းချမ်းရေး လုပ်ငန်းစဉ် အဝန်းအဝိုင်းရှိ လက်ရှိဆွေးနွေးချက်များတွင် ပါဝင်သူ အားလုံးနီးပါးသည် အမျိုးသားများ ဖြစ်နေခြင်းက ကြီးမားသော ပြဿနာဖြစ်သည်။ အမျိုးသမီးများသည် အမျိုးသားများနှင့် မတူကွဲပြားခြားနားစွာ ပဋိပက္ခကို တွေ့ကြုံခံစားရပြီး အမျိုးသမီးများ တွေ့ကြုံရသည့် ပြဿနာများကို အမျိုးသားများ အမှန်တကယ် နားလည်နိုင်မည်လည်း မဟုတ်ပေ။ ဆုံးဖြတ်ချက်ချမှတ်သည့် အဆင့်ဆင့်တွင် အမျိုးသမီးများ ပါဝင်မှု မရှိပါက ငြိမ်းချမ်းရေးနှင့် လိင်ကွဲပြားမှု အကြောင်းအရာများအတွက် အရေးကြီးသည့် ဝေဖန်ပိုင်းခြားမှုအမြင်များကို

လျစ်လျူရှုခြင်းဖြစ်ပြီး လူ့အဖွဲ့အစည်း တည်ဆောက်ပုံအတွင်း လိင်ကွဲပြားမှုအပေါ် မညီမျှမှုများသည် မြန်မာနိုင်ငံ တဝှမ်းတွင် ဆက်လက်ရှိနေမည်ဖြစ်သည်။[၁၂၈] သို့ဖြစ်ရာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ တောင်းဆိုနေသည့် ပြည့်စုံသော နိုင်ငံရေး ဆွေးနွေးပွဲ ဖြစ်လာစေရန် အမျိုးသမီးများ အပြည့်အဝ ပါဝင်ရန် အရေးကြီးလှသည်။

**လိင်ကွဲပြားမှုအမြင်ကိုအခြေခံတဲ့ မူဝါဒတွေကို အမျိုးသားများက ဘယ်လိုဖော်ထုတ်နိုင်မလဲ။**

*"ရိုးရိုးသားသားပြောရရင် (အမျိုးသမီးတွေနဲ့ လိင်ကွဲပြားမှုအကြောင်းအရာတွေနဲ့) ထိတွေ့တာဒါမှမဟုတ် ထိတွေ့ဖို့ ကြိုးစားတာတွေ မရှိပါဘူး။ သမ္မတရုံးနဲ့ မြန်မာငြိမ်းချမ်းရေးစင်တာလို အဖွဲ့အစည်းတွေဟာ အမျိုးသားတွေ အားလုံး မဖြစ်ရင်တောင် အမျိုးသားအများစု လွှမ်းမိုးနေတဲ့ နေရာတွေ ဖြစ်ပါတယ်။ အစိုးရ ကိုယ်စားလှယ်အဖွဲ့မှာ အမျိုးသမီး တယောက်မှ မပါပါဘူး။ ..... သူတို့တွေ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် ၁၃၂၅ ဆိုတာ ဘာလဲလို့ နားလည်မယ်လို့ မခံစားရပါဘူး။ ..မြန်မာ့နိုင်ငံရေးမှာရှိတဲ့ အမျိုးသားတွေက လိင်ကွဲပြားမှု အမြင်အပါအဝင် ပြည့်စုံမှုရှိစွာ အရာရာကို မရှုမြင်တတ်သေးပါဘူး။ လိင်ကွဲပြားမှုကိစ္စတွေဟာ ပင်မရေစီးကြောင်းထဲ ပါမလာမချင်း အမျိုးသားတွေချည်းပဲရှိတဲ့ အုပ်စုဟာ လိင်ကွဲပြားမှုအမြင်တွေ ထည့်သွင်းစဉ်းစားတဲ့ သို့မဟုတ် ပါဝင်တဲ့ မူဝါဒတွေ သို့မဟုတ် လုပ်ငန်းစီမံချက်တွေ ချမှတ်လာနိုင်မယ်လို့ မျှော်လင့်ဖို့ မဖြစ်နိုင်ပါဘူး။"*

နော်မေဦး (ကေအဲန်ယူ)[၁၂၉]

## အမျိုးသမီးရေးကိစ္စများနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကိုင်တွယ်ခြင်း

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ တဖွဲ့ချင်း၏ ငြိမ်းချမ်းရေး သဘောတူညီချက်များအပေါ် ၂၀၁၃ ခုနှစ်၊ မေလ အတွင်းက လေ့လာမှုတခု၏ သုံးသပ်ထားချက်တွင် "မည်သည့် ပြည်နယ်အဆင့် သို့မဟုတ် ပြည်ထောင်စုအဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များတွင်မှ အမျိုးသမီး သို့မဟုတ် လိင်ကွဲပြားမှုဆိုင်ရာ ကိစ္စရပ်များကို ရည်ညွှန်းထည့်သွင်းထားခြင်း မတွေ့ရ" ဟု ဖော်ပြထားသည်။[၁၃၀] လိင်အကြမ်းဖက်မှုကို စစ်အောင်မြင်ရေး ကိရိယာအဖြစ် အသုံးပြုထားခြင်းကိုလည်း ထည့်သွင်းထားခြင်း မရှိပါ။ လက်တွေ့တွင် ကေအဲန်ယူ တဖွဲ့တည်းသာ အမျိုးသမီးများ ထည့်သွင်းရေးကို အရေးကြီးကြောင်း ဖော်ပြထားသည်။ ယင်းမှာ ဆွေးနွေးပွဲများတွင် အမျိုးသမီး တဦးပါဝင်ခြင်း၏ အကျိုးဆက်လည်း ဖြစ်သည်။

ထိုမူသာမက ငြိမ်းချမ်းရေး သဘောတူညီချက်များတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ထည့်သွင်းမှုလည်း ရှားပါးလှသည်။ ထည့်သွင်းသည့်အခါများတွင် အနာဂါတ်တွင် နောက်ထပ် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ရှောင်ကျဉ်ရန် ရည်မှန်းချက်ဖြင့်သာ ဖြစ်သည်။ မကြာသေးခင်က နိုင်ငံတဝှမ်း အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အတွက် အဆိုပြုရာတွင် အစိုးရက နှစ်ဖက်စလုံးအနေနှင့် "ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပါဝင်သော လူပုဂ္ဂိုလ် တဦးတယောက် သို့မဟုတ် အဖွဲ့အစည်းများကို အရေးယူခြင်း မပြုရေး သဘောတူရန်" အဆိုတင်သွင်းခဲ့သည်။ တချိန်တည်းမှာပင် အမျိုးသမီးများသည် အကြမ်းဖက်မှုများ ခံရနိုင်သည့် အနေအထားတွင် ရှိနေဆဲဖြစ်သည်။

ပေါ်ပေါက်လာမည့် မည်သည့် ပြည့်စုံသော နိုင်ငံရေး ဆွေးနွေးမှုမဆို မြန်မာနိုင်ငံ အမျိုးသမီးများ အမှန်တရားအတွက် တောင်းဆိုမှုများကို ကိုင်တွယ်ဖြေရှင်းရမည်။ ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးအတွက် လိင်အကြမ်းဖက်မှု ရာဇဝတ်မှုများကို တာဝန်ခံမှုသည် မရှိမဖြစ်လိုအပ်သည်။ အခြား လူထုအခြေပြု အဖွဲ့အစည်းများနှင့်အတူ အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်ငံ)က ယုံကြည်သည်မှာ "အကယ်၍ ဤအကြောင်းအရာကို လစ်လျူရှုပါက ဝမ်းနည်းကြေကွဲမှုများနှင့် အမှန်တရားကင်းမဲ့သည့် အခြေခံခံစားချက်များသည် လွှမ်းမိုးကြီးစိုးနေမည်ဖြစ်ပြီး စစ်မှန်သော အမျိုးသား ပြန်လည်သင့်မြတ်ရေး ရရှိစေမည်မဟုတ်ပေ။"[၁၃၁]

**ပဋိပက္ခလွန် စီမံကိန်းများသည်လည်း အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကို ချန်လှပ်ထားခဲ့နိုင်သည်။**

*"အမျိုးသမီးတွေ အဆင့်တိုင်းမှာ ပါဝင်နိုင်ဖို့ ကျွန်မတို့ ကြိုးစားနေပါတယ်။ လုပ်ငန်းစဉ်မှာ အမျိုးသမီးတွေ ပါဝင်ခွင့် မရခဲ့ဘူးဆိုရင် ပဋိပက္ခလွန်ကာလ စီမံချက်တွေမှာလည်း အမျိုးသမီးတွေကို ထည့်မစဉ်းစားတာမျိုး ဖြစ်လာနိုင်ပါတယ်။ ...... အမျိုးသမီးတွေအပေါ် အကြမ်းဖက်မှုကို မစဉ်းစားတာမျိုး၊ လိင်ကွဲပြားမှုဆိုင်ရာ ဥပဒေတွေကို မစဉ်းစားတာမျိုး ဖြစ်နိုင်ပါတယ်။ ဒီစဉ်းစားချက်တွေက အမျိုးသမီးအဖွဲ့တွေရဲ့ စဉ်းစားချက်တွေက လာတာပါ။ သူတို့စဉ်းစားချက်တွေ မဟုတ်ပါဘူး။ ကျွန်မတို့ မပြောရင် သူတို့ဘယ်တော့မှာ ထည့်စဉ်းစားမှာ မဟုတ်ပါဘူး။"*

ဒေါ်တင်တင်ညို၊ WLB[၁၃၂]

## နိုဂုံးချုပ်။ စစ်တပ်အား အရပ်သား အုပ်ချုပ်မှုအောက်တွင် ထားရှိရန် လိုအပ်သည်။

တပ်မတော်၏ အခန်းကဏ္ဍကို ရည်ညွှန်းသည့်အချက်များအပါအဝင် ပြည့်စုံသည့် နိုင်ငံရေး ဆွေးနွေးမှုများ ဖြစ်ပေါ်လာရန် လိုအပ်သည်။ ဤအစီရင်ခံစာက ယင်းသည် မြန်မာနိုင်ငံမှ အမျိုးသမီးများအား စစ်တပ်မှ ကျူးလွန်မှုများကို ကာကွယ်နိုင်ရန်အတွက် အရေးကြီးဆုံး အချက် ဖြစ်ကြောင်း ပြသနေသည်။

လွန်ခဲ့သည့် ဆယ်နှစ်ခန့်က ***System of Impunity*** အစီရင်ခံစာတွင် WLB အနေဖြင့် စစ်အုပ်ချုပ်မှု အောက်မှ မြန်မာနိုင်ငံတွင် စနစ်တကျ ကျူးလွန်သော လိင်အကြမ်းဖက်မှုများ နေရာအနှံ့ ပြန့်နှံ့ ဖြစ်ပွားနေကြောင်း ထောက်ပြခဲ့သည်။ ယနေ့တွင် အဆိုပါအခြေအနေကို ပြောင်းလဲနိုင်ရန် လိုအပ် နေပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်မှုများအောက်တွင် စစ်တပ်ကို အရပ်သား ထိန်းချုပ်မှု အောက်တွင် မထားရှိနိုင်သေးသ၍ တိုင်းရင်းသား အမျိုးသမီးများအပေါ် လိင်အကြမ်းဖက်မှုများ ရပ်တန့်နိုင်မည် မဟုတ်ပါ။ အလားတူပင် ကင်းလွတ်ခွင့်နှင့် စနစ်တကျကျူးလွန်မှု ပုံစံများသည် လာမည့်ကာလများတွင်လည်း ဆက်လက်ဖြစ်ပေါ်နေမည်သာ ဖြစ်သည်။

## အကြံပြုချက်များ

**မြန်မာအစိုးရသို့**

- အမျိုးသမီးများအပေါ် လိင်အကြမ်းဖက်မှုများကို ချက်ချင်းရပ်တန့်စေပြီး ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများ အတွက် တရားမျှတမှု ဆောင်ကျဉ်းပေးရေးသေချာမှုရှိစေရန်။
- စစ်တပ်ကို အရပ်သား အစိုးရ၏ ထိန်းချုပ်မှု အောက်တွင် ထားရှိပြီး အမျိုးသမီး အခွင့်အရေးများ မြှင့်တင်မှုများ ကို အာမခံချက် ရှိလာစေရန်အတွက် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ရန်။
- မြန်မာနိုင်ငံ၏ ပြည်တွင်း ဥပဒေများကို နိုင်ငံတကာ ဥပဒေ စံချိန်စံညွှန်းများနှင့် တပြေးညီ ဖြစ်စေပြီး အမျိုးသမီး များအပေါ် ကာကွယ်စောင့်ရှောက်ရေးနှင့် ပတ်သက်ပြီး ပြည်တွင်းဥပဒေများကို ထိရောက်မှုရှိလာစေရေး ဆောင်ရွက်ရန်။

- လူ့ အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးရန် ထိရောက်သော တရားစီရင်ရေးနှင့် အခြားသောအသွင်ကူးပြောင်းရေးကာလ တရားမျှတမှုအတွက် လွတ်လပ်သော နိုင်ငံတကာစုံစမ်းစစ်ဆေးရေးအဖွဲ့၊ အမှန်တရားကို ဖော်ထုတ်ပေးသောကော်မရှင်၊ နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ပြည့်စုံပြီးဘက်မလိုက်သော နိုင်ငံအဆင့်တရားစီရင်ရေးရုံးများစသည့် ယန္တရားများ ချမှတ်အကောင်အထည်ဖော်ရန်။
- ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ဆွေးနွေးပွဲများတွင် အမျိုးသမီးများပါဝင်မှုကို အာမခံချက်ပေးပြီး ဆွေးနွေးမှုများတွင် အတိတ်ကာလ လူ့အခွင့်အရေး ချိုးဖောက်မှုများအပေါ် တာဝန်ခံမှုကို ထည့်သွင်းရန်။

## တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေးအဖွဲ့များသို့

- ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ဆွေးနွေးပွဲများတွင် အမျိုးသမီးများ ပါဝင်မှုကို အာမခံချက်ပေးပြီး အတိတ်ကာလ လူ့အခွင့်အရေး ချိုးဖောက်မှုများအား တာဝန်ခံမှုကို တောင်းဆိုရန်၊
- ငြိမ်းချမ်းရေးဖော်ဆောင်မှုဖြစ်စဉ်၏ သတ်မှတ်ချက်တရပ်အနေဖြင့် စစ်တပ်ကို အရပ်သားအစိုးရ၏ထိန်းချုပ်မှုအောက်တွင် ထားရှိရန်နှင့် အမျိုးသမီးများ ကာကွယ်စောင့်ရှောက်မှုများသေချာမှုရှိစေရေးတို့ အတွက် ၂၀၀၈ ဖွဲ့စည်းပုံပြုပြင်ပြောင်းလဲရေးကို ဆက်လက်တောင်းဆိုသွားရန်။

## နိုင်ငံတကာ အသိုင်းအဝိုင်းသို့

- မြန်မာနိုင်ငံတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြောင်းလဲပြီး စစ်တပ်ကို အရပ်သား ထိန်းချုပ်မှုအောက်တွင် မထားနိုင်မချင်း တရားဥပဒေစိုးမိုးရေးနှင့် ဒီမိုကရေစီ မရရှိနိုင်ကြောင်း အသိအမှတ်ပြုရန်။
- ပြည်သူလူထု၏ စစ်မှန်သော သဘောထားကို ထင်ဟပ်ပေါ်လွင်စေပြီး ဒီမိုကရေစီနှင့် တရားဥပဒေ စိုးမိုးရေးကို အာမခံသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေးအတွက် မြန်မာအစိုးရအား ဖိအားပေးရန်။
- အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို ချက်ချင်းရပ်တန့်ရန်အတွက် မြန်မာအစိုးရအား ဖိအားပေးရန် နှင့် ၎င်းတို့ ၏ ပြစ်မှုများအပေါ် တာဝန်ခံမှုရှိစေရန်အတွက် တောင်းဆိုရန်၊
- လူ့ အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးရန် ထိရောက်သော တရားစီရင်ရေးနှင့် အခြားသောအသွင်ကူးပြောင်းရေးကာလ တရားမျှတမှုအတွက် လွတ်လပ်သော နိုင်ငံတကာစုံစမ်းစစ်ဆေးရေးအဖွဲ့၊ အမှန်တရားကို ဖော်ထုတ်ပေးသောကော်မရှင်၊ နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ပြည့်စုံပြီးဘက်မလိုက်သော နိုင်ငံအဆင့်တရားစီရင်ရေးရုံးများစသည့် ယန္တရားများ ချမှတ်အကောင်အထည်ဖော်ရေးအတွက် မြန်မာအစိုးရအား တောင်းဆိုရန်။

# ကိုးကားစာရင်း - အစီရင်ခံစာနှင့် ရပ်တည်ချက် စာတမ်းများ

## WLB နှင့် အဖွဲ့ဝင် အဖွဲ့အစည်းများ


- "Undermining the Peace Process; Burmese Army atrocities against civilians in Putao, northern Kachin State", Kachin Women Association Thailand (KWAT), October 2013
- "The Burmese government must immediately end human rights violations, including violence against women, in Palaung areas", Statement of PWO and TSYO on Current Palaung Situation, Palaung Women Organization (PWO) and Ta'ang Students and Youth Organization (TSYO), May 2013
- "State terror in the Kachin hills; Burma Army attacks against civilians in Northern Burma", Kachin Women Association Thailand (KWAT), February 2013
- "The Burden of War; Women bear burden of displacement", Palaung Women Organization (PWO), October 2012
- "Ongoing Impunity: Continued Burma Army Atrocities Against the Kachin People", Kachin Women Association Thailand (KWAT), June 2012
- "Burma's Covered-Up War: Atrocities Against The Kachin People", Kachin Women Association Thailand (KWAT), 2011
- "Bringing Justice to Women of Burma", video, Women's League of Burma (WLB), 2011
- "International Tribunal on Crimes Against Women of Burma", Nobel's Women Initiative & Women's League of Burma (WLB), 2 March 2010
- "Walking Among Sharp Knives; The unsung courage of Karen women village chiefs in conflict areas of Eastern Burma", Karen Women Organization (KWO), February 2010
- "Women demand an immediate end to war crimes in Burma", Position Paper, Women's League of Burma, 23 October 2006
- "In the Shadow of the Junta", CEDAW Shadow Report, Women of Burma, 2008
- "System of Impunity; Nationwide Patterns of Sexual Violence by the Military Regime's Army and Authorities in Burma", Women's League of Burma (WLB), September 2004
- " Licence to rape: The Burma's military regime use of sexual violence in the on-going war in Shan State", Shan Women's Action Network (SWAN) & Shan Human Rights Foundation, 2002
- "Burma: The Current State of Women in Conflict Areas – A Shadow Report to the 22nd Session of CEDAW", Women's Organizations of Burma Shadow Report Writing Committee, 2000

## အခြားအစိုးရမဟုတ်သော အဖွဲ့အစည်းများ


- "Nationwide Ceasefire Accords Not the End Game", Burma Partnership, 4 November 2013
- "Sexual violence in Burma 'deeply troubling' says UK Foreign Secretary William Hague", Burma Campaign UK, 1 November 2013
- "2nd Anniversary of Sumlut Roi Ja Abduction Highlights Impunity in Burma" Burma Campaign UK, 28 October 2013
- "Burma: Joint Letter from Ethnic Nationalities Civil Society Organizations Regarding Foreign Military Engagement with the Burmese Military", by 133 Ethnic Civil Society Organizations, 17 October 2013
- "Burma Refuses To Sign Sexual Violence Declaration", Burma Campaign UK, 25 September 2013
- "Whose Guns are Silent; An Analysis of Burma's Fractured Peace Process", Burma Partnership, 20 September 2013
- "Rule by Law; An Analysis of the Use of Legislation to Stifle Civil Society Space in Burma", Burma Partnership, September 2013
- "Report on the Human Rights Situation in Burma; January to June 2013", Network for Human Rights Documentation – Burma (ND-Burma), September 2013
- "Burma/Myanmar: Father of girl killed by military prosecuted by for complaint to human rights commission," Asian Human Rights Commission, 14 June 2013
- "Where Are The Women: Negotiations for Peace in Burma", Swedish Burma Committee, May 2013
- "Report on the Human Rights Situation in Burma; January to December 2012", Network for Human Rights Documentation – Burma (ND-Burma), January 2013
- "World Report 2013, Myanmar", Amnesty International, 2013
- "The Rule of Law in Myanmar: Challenges and Prospects", International Bar Association, December 2012
- "Extreme Measures; Torture and Ill Treatment in Burma since the 2010 Elections", Network for Human Rights Documentation – Burma (ND-Burma), May 2012
- "Revisiting Human Rights in Burma", Amnesty International, 25 May 2012
- "The Use of Rape as a Weapon of War in Burma's Ethnic Areas", Info Birmanie – France and Swedish Burma Committee – Sweden, March 2012

- "Burma: Reforms Yet to Reach Kachin State". Human Rights Watch. 20 March 2012
- "Untold miseries; Wartime Abuses and Forced Displacement in Burma's Kachin State", Human Rights Watch, March 2012
- "Revealing Burma's System of Impunity", Burma Lawyer's Council, 9 September 2011
- "Impunity Prolonged: Burma and its 2008 Constitution", International Center for Transitional Justice (ICTJ), September 2009
- "Crimes in Burma", The International Human Rights Clinic, Harvard Law School, 2009
- "School for Rape; The Burmese Military and Sexual Violence", Betsy Apple, Earth Rights International, 1998
- "Rule 93. Rape and Other forms of Sexual Violence", Customary International Humanitarian Law, International Committee of the Red Cross (ICRC), , http://www.icrc.org/customary-ihl/eng/docs/v1_rul_rule93

## ကုလသမဂ္ဂ

- "Report of the Special Rapporteur on the Situation of Human Rights in Myanmar", Tomas Ojea Quintana, 68th Session of the General Assembly, 23 September 2013, A/68/397
- "Resolution 2106 (2013)", adopted by the Security Council at its 6984th meeting, 24 June 2013, S/RES/2106 (2013)
- "Situation of Human Rights in Myanmar", Resolution at the 22nd Session, Human Rights Council, 19 March 2013, A/HRC/22/L.20/Rev.1
- "Report of the Special Rapporteur on the Situation of Human Rights in Myanmar", Tomas Ojea Quintana, 22nd Session of the Human Rights Council, 6 March 2013, A/HRC/22/58
- "Report of the Special Rapporteur on the Situation of Human Rights in Myanmar", Tomas Ojea Quintana, 67th Session of the General Assembly, 25 September 2012, A/67/383
- "Concluding Observations: Myanmar", Committee of the Rights of the Child, 59th Session, 14 March 2012, CRC/C/MMR/CO/3-4
- "Report of the Special Rapporteur on the Situation of Human Rights in Myanmar", Tomas Ojea Quintana, 19th Session of the Human Rights Council, 7 March 2012, A/HRC/19/67
- "Report of the Special Rapporteur on the Situation of Human Rights in Myanmar", Tomas Ojea Quintana, 66th Session of the General Assembly, 16 September 2011, A/66/365
- "Report of the Secretary General on the Situation of Human Rights in Myanmar", Secretary General, 66th Session of the General Assembly, 5 August 2011, A/66/267

## သတင်းနှင့် ထင်မြင်ချက် ဆောင်းပါးများ


- "Only one side of the story of reform in Burma", Khin Ohmar, 17 October 2013
- "Myanmar: civilmilitary relations and constitutional reform," Melissa Crouch, East Asia Forum, 21 June 2013
- "Burma's Military Rejects Rights Abuse Charges," Radio Free Asia, 27 March 2013
- "Myanmar needs to admit rape of minority women", Christine Leah and Nan Paw Gay, Bangkok Post, March 2013
- "It's time for the international community to address Burma's Constitution", Janet Benshoof, 20 February 2013
- "Burma's push for freedom is held back by its institutionally corrupt courts", James Ross, The Guardian, 20 March 2012
- "Burma's human rights commission rules out conflict-zone investigation," The Irrawaddy, 15 February 2012
- "Rape in Burma: Weapon of War", Cheery Zahau, The WIP, 2 June 2008


## မြန်မာနိုင်ငံ အစိုးရ


- "National Strategic Plan for the Advancement of Women (2013-2022)", Myanmar National Committee for Women's Affairs, Ministry of Social Welfare, Relief and Resettlement, 2013

# NOTES

1. Data provided to WLB by KWAT
2. Data provided to WLB by SWAN
3. "Whose Guns are Silent; An Analysis of Burma's Fractured Peace Process", Burma Partnership , 20 September 2013; "Where Are The Women: Negotiations for Peace in Burma", Swedish Burma Committee, May 2013
4. "System of Impunity", WLB, 2004
5. "Only one side of the story of reform in Burma", Khin Ohmar, 17 October 2013
